ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက်တွင် စတင်တည်ထောင်သည်။ Established in 1957

**မကောင်းမှုကိုရှောင်ကြဉ်**

အဖော်နည်းသော များသောဥစ္စာရှိသော ကုန်သည်ကြီးများသည် ဘေးအန္တရာယ်များသော ခရီးကို ရှောင်ကြဉ်သကဲ့သို့လည်းကောင်း၊ အသက်ရှင်လိုသော သူသည် လတ်တလော သေစေတတ်သော အဆိပ်ကိုရှောင်ကြဉ်သကဲ့သို့လည်းကောင်း ပညာရှိသည် မကောင်းမှုကို ရှောင်ကြဉ်ရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၃)

၁၃၈၂ ခုနှစ်၊ တန်ခူးလဆန်း ၁ ရက်၊ တနင်္လာနေ့။ Monday, 12 April 2021 ၁၀၃၄၅

# မဲစာရင်းများအား ပြန်လည်စစ်ဆေးလျက်ရှိပြီး မဲမသမာမှုဖြစ်ပွားသည့် မဲစာရင်းများအား ထုတ်ပြန်ပေးလျက်ရှိ စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ ဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက်သွားမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် ဧပြီ ၁၁

တပ်မတော်၏အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သည့်အတွက် ကာကွယ်ရေးတာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ စစ်စည်းကမ်းကောင်းမွန်ခြင်းနှင့် အမိန့်နာခံတတ်မှု ကောင်းမွန်ခြင်းမှ တပ်မတော်တွင် စစ်သားဘဝကိုစတင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ အဆိုပါအလေ့အကျင့်ကောင်းများသည် တပ်မတော်သားဘဝတစ်လျှောက်လုံးတွင်ရှိသဖြင့် ရှိပြီးသား ကောင်းမွန်သည့်အလေ့အကျင့်ကောင်းများအပေါ်တွင်မူတည်၍ တပ်များစွမ်းရည်ရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ တပ်မတော်၏တာဝန်သည် ပြည်သူကိုကာကွယ်ရန်၊ တိုင်းပြည်၏ရန်ကို ကာကွယ်ပေးရန်ဖြစ်ပြီး ပြည်သူကိုအုပ်ချုပ်သည့် အဖွဲ့အစည်းမဟုတ်ကြောင်း၊ ယခုအခါ နိုင်ငံ့အရေးကိစ္စရပ်များကြောင့်သာ ဝင်ရောက်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ လွတ်လပ်ရေးရပြီးချိန်မှစ၍ တပ်မတော်အနေဖြင့် နိုင်ငံ့တာဝန်များကို ဝင်ရောက်ထမ်းဆောင်ခဲ့ရသည်များရှိကြောင်း၊ အဆိုပါကာလများအတွင်း ဖြစ်ပွားခဲ့သည့် လက်နက်ကိုင်ပဋိပက္ခများကိုလည်း ဖြေရှင်းခဲ့ရကြောင်း၊ တပ်မတော်သည် အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားသည့် ကောင်းမွန်သည့်အမွေဖြစ်သဖြင့် မိမိတို့အနေဖြင့် စည်းကမ်းတကျဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ စစ်သည်တစ်ဦးချင်း စစ်စည်းကမ်းကောင်းမွန်မှု၊ အမိန့်နာခံတတ်မှုများကို အခြေခံပြီး စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳

❖ မိမိတို့တာဝန်ယူပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၃ ရက် နောက်ပိုင်းတွင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့သော်လည်း ဖေဖော်ဝါရီ ၁၄ ရက် နောက်ပိုင်းတွင် မဲမသမာမှု ပြုလုပ်မှုတွင်ပါဝင်ခဲ့သည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ဝိုင်းဝန်းသွေးထိုးမြှောက်ပင့်ခြင်း၊ ငွေကြေးထောက်ပံ့ပေးခြင်းများကြောင့် ဆူပူအကြမ်းဖက်မှုများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးမှုများနှင့် သတ်ဖြတ်မှုများအထိ ဖြစ်ပေါ်ခဲ့သဖြင့် ရန်ကုန်မြို့ရှိ မြို့နယ်အချို့အား စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) ထုတ်ပြန်ခဲ့ရာ ယခုအခါ ဆူပူမှုများနည်းပါးလာပြီဖြစ်ပြီး ပြန်လည်တည်ငြိမ်လာပြီဖြစ်

❖ ဆူပူအကြမ်းဖက်မှုဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်များတွင် သွေးထိုးလှုံ့ဆော်နေသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိ

ကြေးမုံ ယနေ့ ဖတ်စရာ

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သို့ပင်ဖြစ်စေ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး မိမိ၏ နိုင်ငံ့ဝန်ထမ်းလုပ်ငန်းတာဝန်များနှင့် ပါတီနိုင်ငံရေးကို ခွဲခြားသိမြင်ရမည်ဖြစ် — စာမျက်နှာ » ၄

အိပ်မက်နဲ့စခဲ့ပြီး အိပ်မက်နဲ့ အဆုံးသတ်တော့မယ့် CRPH — ဆောင်းပါး — စာမျက်နှာ » ၁၁

မြန်မာနှစ်ကူး သင်္ကြန်နှစ်ဦးလတန်ခူး — ဆောင်းပါး — စာမျက်နှာ » ၁၅

ကြေးမုံ

# ဒီမိုကရေစီကျင့်စဉ်နှင့်အညီ နိုင်ငံ့အရေးတိုးတက်အောင်ဆောင်ရွက်

“တပ်မတော်သည် တိုင်းပြည်ကာကွယ်ရေးအတွက် အဓိကဆောင်ရွက်ရမည်ဖြစ်ပြီး တပ်မတော်သားများအနေဖြင့် စစ်သားပီသစွာ ဆောင်ရွက်ရန်လိုကြောင်း၊ နိုင်ငံရေးတာဝန်ယူချိန်တွင် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ အစဉ်အလာကောင်းများရှိနေသည့် မိမိတို့တပ်မတော်ကို ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ တပ်မတော်သားတစ်ဦးချင်း၏ အရည်အသွေး၊ တပ်ဖွဲ့တစ်ခုချင်း၏အရည်အသွေး၊ ဌာနချုပ်များအလိုက်ရှိသည့် စုစည်းသည့်အင်အားနှင့် အရည်အသွေးများကို ထိန်းသိမ်းဆောင်ရွက်ကြရန် လိုကြောင်း၊ တပ်မတော်သည် စုစည်းသည့်အင်အား ခိုင်ခိုင်မာမာရှိခြင်းကြောင့် မိမိတို့အနေဖြင့် တိုင်းပြည်ကို ထိန်းသိမ်းဆောင်ရွက်နိုင်ခြင်း ဖြစ်ကြောင်း” တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မေလ ၁၀ ရက်နေ့တွင် ပုသိမ်မြို့၌ ပြောကြားခဲ့သည်။

တစ်ဆက်တည်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က “မိမိတို့တပ်မတော်သည် နိုင်ငံ့အရေးတာဝန်၊ နိုင်ငံရေးတာဝန်ကို ယူထားရခြင်းဖြစ်သဖြင့် မိမိတို့အနေဖြင့် လုပ်ငန်းများအား တာဝန်ကျေပွန်စွာ ဆောင်ရွက်သွားရန်လိုကြောင်း” မှာကြားခဲ့သည်။ တပ်မတော်သည် နိုင်ငံတော်၏အာဏာကို ထိန်းသိမ်းပေးခြင်းဖြစ်ပြီး အာဏာသိမ်းခြင်း မဟုတ်ကြောင်းကို ပြည်သူများအနေဖြင့် သိရှိနားလည်ကြရန် လိုအပ်ပေသည်။ အာဏာသိမ်းခြင်း မဟုတ်သောကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ အစိုးရအဖွဲ့၊ ပြည်ထောင်စုအဆင့်ဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီများ ဖွဲ့စည်းရာတွင် တပ်မတော်သားများနှင့် ဖွဲ့စည်းထားခြင်းမရှိဘဲ အရပ်သားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။

အာဏာသိမ်းခြင်းမဟုတ်သောကြောင့် ထိန်းသိမ်းဆောင်ရွက်ရာတွင် အနိမ့်ဆုံးအဆင့်၊ အသက်သာဆုံး ဖြေရှင်းဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။ တပ်မတော်အနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးတွင် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးနေခြင်းသာ ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပျက်ယွင်းမှုမရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေအတိုင်းသာ ဆက်လက်ဆောင်ရွက်နေသည်။ ဒီမိုကရေစီအလေ့အကျင့် မပျက်စေရန်အတွက် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ထိန်းသိမ်းဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အုပ်ချုပ်ရေး၊ ဥပဒေပြုရေးများ ပါဝင်ထားပြီးဖြစ်၍ ဆူပူအကြမ်းဖက်မှုများ ဖြစ်ပွားချိန်တွင် ဥပဒေနှင့်အညီသာ ဖြေရှင်းဆောင်ရွက်ခဲ့သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိရေးအတွက် ရှေ့လုပ်ငန်းစဉ် (၅) ရပ်နှင့် ဦးတည်ချက် (၉) ရပ် ချမှတ်၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအတွက် သတ်မှတ်ကာလအတွင်း ကျင်းပနိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ တပ်မတော်အနေဖြင့် ပြည်သူတို့၏ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသည်။ ပြည်သူလူထုအပေါ် ထိန်းထိန်းသိမ်းသိမ်းဖြင့် ကာကွယ်ဆောင်ရွက်ပေးနေသည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီတာဝန်ယူပြီး နှစ်လတာကာလအတွင်း နိုင်ငံပြန်လည်တည်ငြိမ်လာခြင်းသည် တပ်မတော်သည် နိုင်ငံအတွက်၊ ပြည်သူအတွက် ခိုင်ခိုင်မာမာရှိနေခြင်းကို ပြသနိုင်ခြင်းဖြစ်သည်။

အစဉ်အလာကြီးမားသောတပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ခြင်းမှ ပေါ်ပေါက်လာခြင်းဖြစ်ပြီး နိုင်ငံနှင့် ပြည်သူအကျိုးစီးပွားအတွက်လည်းကောင်း၊ လွတ်လပ်ရေးရရှိရေးအတွက်လည်းကောင်း၊ လွတ်လပ်ရေးကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရန်အတွက်လည်းကောင်း၊ တိုင်းပြည်ကို ပြန်လည်တည်ဆောက် ခေတ်မီစေရေးအတွက်လည်းကောင်း အစဉ်အမြဲကြိုးပမ်းဆောင်ရွက်ပေးနေသည်။ လွတ်လပ်ရေးရပြီးချိန်မှစပြီး ယနေ့အထိတိုင် တိုင်းပြည်မပြိုကွဲမပျက်စီးစေရန် စည်းလုံးညီညွတ် ခိုင်မာအားကောင်းသော စွမ်းရည်များဖြင့် ကာကွယ်စောင့်ရှောက်ပေးလျက်ရှိသည်။

တပ်မတော်၏အဓိကတာဝန်မှာ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးရန်ဖြစ်သော်လည်း ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာရေး၊ နိုင်ငံရေးစနစ် တည်ငြိမ်ခိုင်မာအားကောင်းလာရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယိုင်နဲ့ပျက်စီးခြင်းမရှိစေရန် ကူညီတည့်မတ်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။ ဒီမိုကရေစီစနစ်၊ နိုင်ငံရေးစနစ်၊ ဖွံ့ဖြိုးရေးစနစ် မှန်ကန်ခိုင်မာအားကောင်းနေလျှင် တိုင်းပြည်ကာကွယ်ရေးကိုသာ ပိုမိုထိရောက်အားကောင်းစေရန် ဆောင်ရွက်နိုင်မည်ဖြစ်၍ နိုင်ငံတကာအလယ်တွင် အင်အားတောင့်တင်းခိုင်မာသော နိုင်ငံတော်ကြီး ဖြစ်နေမည်ကို သတိပြုနှလုံးသွင်းကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တပ်မတော်သည် တိုင်းပြည်ကာကွယ်ရေးအတွက် အဓိကထမ်းဆောင်ရမည့်တာဝန်ဖြစ်သော်လည်း မတည်ငြိမ်သော၊ မမှန်ကန်သော၊ တိုင်းပြည်ပျက်စီးစေနိုင်သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ ပေါ်ပေါက်လာသောကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို သမိုင်းပေးလိုအပ်ချက်နှင့်အညီ နိုင်ငံ့အရေးတာဝန်၊ နိုင်ငံရေးတာဝန်များကို မလွှဲမရှောင်သာယူထားရခြင်းဖြစ်ရာ တပ်မတော်အနေဖြင့် တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ကျရောက်လာသော လုပ်ငန်းတာဝန်ဟူသမျှကို ကျေပွန်စွာထမ်းဆောင်သွားနိုင်လိမ့်မည်ဟု ယုံကြည်ပါကြောင်း။ ။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နေ့စဉ်ထုတ်သတင်းစာများ အွန်လိုင်းတွင် ဖတ်ရှုနိုင်

နေပြည်တော် မေ ၁၁

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက နေ့စဉ်ထုတ်ဝေလျက်ရှိသည့် မြန်မာ့အလင်း၊ ကြေးမုံနှင့် The Global New Light of Myanmar သတင်းစာ ၃ စောင်ကို အွန်လိုင်းမှ ဖတ်ရှုလိုသူများသည် www.issuu.com/myanmarnewspaper တွင်လည်းကောင်း၊ Myanmar Digital News – MDN ဖေ့စ်ဘွတ်စာမျက်နှာတွင်လည်းကောင်း ဝင်ရောက်ဖတ်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း

## ၂၀၂၁ ခု ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဝင်ခွင့်အတွက် လျှောက်လွှာခေါ်ယူသည့် ကြေညာချက်

၂၀၂၁ ခု ပညာသင်နှစ်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန အောက်ရှိ ဆေးနှင့်ဆေးပညာနှီးနွှယ်တက္ကသိုလ်များတွင် ဖွင့်လှစ်မည့် ဘွဲ့လွန် ဆေးပညာဒီပလိုမာသင်တန်းများ၊ ဆေးပညာမဟာသိပ္ပံသင်တန်းများနှင့် ပါရဂူဘွဲ့သင်တန်းများအတွက် ဘွဲ့လွန်သင်တန်းဝင်ခွင့်လျှောက်လွှာများကို ၂၀၂၁ ခုနှစ်၊ မေလ(၁)ရက်နေ့မှ မေလ(၃၀)ရက်နေ့အထိ လျှောက်ထားနိုင်ပါကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူများသည် မိမိတက်ရောက်လိုသော ဘာသာရပ်အလိုက်၊ တက္ကသိုလ်ဦးစားပေးအစီအစဉ်ဖော်ပြ၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနသို့ ပေးပို့လျှောက်ထားနိုင်ကြောင်းနှင့် တယ်လီဖုန်းအမှတ် ၀၆၇-၃၄၁၁၁၄၅/ ၀၆၇-၃၄၁၁၆၃၆- လိုင်းခွဲ/၈၃၂ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။ ဘွဲ့လွန်ဆေးပညာသင်တန်းများအတွက် လိုအပ်သည့် ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်များနှင့် လျှောက်လွှာတွင်ပါဝင်ရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ Website:https://mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

**လူငယ်အချို့ဟာ နယ်ချဲ့လက်ပါးစေရဲ့ လှည့်စားသွေးဆောင်ဖျားယောင်းမှုကို နားယောင်ပြီး တိုင်းပြည်ကို ဖျက်ဆီးမယ့် စီမံကိန်းကြီးထဲ Country Destructive Movements မှာ ပါဝင်ချင်ကြတယ်။ ရှေ့ကအမှားသင်ခန်းစာတွေကို ကြည့်ပါ။**

**နားမယောင်လေနဲ့ သမီးတို့ သားတို့၊ မိဘများက နားဝင်အောင် တားဆီးနိုင်ကြပါစေ၊ ရှယ်တူ သူငယ်ချင်းတွေက မမှားခင် ကယ်တင်ဆွေးနွေးကြပါလေ။**


ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ | စာပြင် | - ဒေါ်မြသီတာ၊ ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| | ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | စာမျက်နှာဖွဲ့စည်းမှုနှင့် | - ဦးတင်ထွန်းတာ၊ ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| ဘာသာပြန် | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ | ဒီဇိုင်း | |
| စာတည်းများ | ဦးအောင်ကျော်ကျော် | အီးမေးလ်နှင့် အွန်လိုင်း | - ဒေါ်အေးအေးသင်းနှင့်အဖွဲ့ |
| အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ | | |
| သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း | | |

# ပြည်ထောင်စုစိတ်ဓာတ်

**အတိတ်သမိုင်း၏ လွတ်လပ်ရေးကြိုးပမ်းမှုတွင် ပြည်ထောင်စုစိတ်ဓာတ်သည် အရင်းခံဖြစ်သလို အနာဂတ်ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေး၏ အခြေခံ အုတ်မြစ်မှာလည်း ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး ညီညွတ်စွာ အချင်းချင်းအပြန်အလှန် ချစ်ခင်လေးစားမှုဖြင့် စည်းလုံးညီညွတ်သည့် ပြည်ထောင်စုကြီး တည်ဆောက်မည်ဟူသော ခိုင်မာသည့် သန္နိဋ္ဌာန်သည် ပြည်ထောင်စုစိတ်ဓာတ်ပင် ဖြစ်ပါသည်။ ငြိမ်းချမ်းတည်ငြိမ်သည့် ဒီမိုကရေစီ နိုင်ငံတော်ကြီးကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့်သာ ခိုင်ခိုင်မာမာ တည်ဆောက်မည်ဖြစ်ရာ အရည်အချင်းမြင့်မား၍ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာသော မျိုးဆက်သစ်များကိုလည်း ပြုစုပျိုးထောင်သွားရမည် ဖြစ်ပါသည်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံမှ
၂၀၂၁ ခုနှစ် (၇၄)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာမှ ကောက်နုတ်ချက်)

*** ရှေ့ဖုံးမှ**

မိမိတို့တစ်ဦးချင်း၏ အရည်အသွေး၊ တပ်ရင်းတပ်ဖွဲ့များ၊ တပ်ဌာနချုပ်များ၏ အရည်အသွေးများဖြင့် စုစည်းညီညွတ်စွာဖြင့် ဆောင်ရွက်ပါက ပြည်သူက အားကိုးရသည့် တပ်မတော်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်အဖြစ် တည်ရှိနေမည်ဖြစ်ကြောင်းဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ)မှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် ရန်ကုန်တပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ပေးနေခြင်း ဖြစ်ကြောင်း၊ ယခင်က တပ်မတော်အနေဖြင့် နိုင်ငံရေးတာဝန်များကို ခေတ္တထိန်းသိမ်းဆောင်ရွက်ပေးခဲ့ရသည်များ ရှိကြောင်း၊ ၁၉၅၈ ခုနှစ် အိမ်စောင့်အစိုးရတာဝန်ယူချိန်တွင် ဖဆပလအစိုးရမှ နိုင်ငံရေးအရ တိုင်းပြည်အား ထိန်းသိမ်းနိုင်မှုမရှိတော့ခြင်းကြောင့် နိုင်ငံတော်၏ တာဝန်များအား ဥပဒေနှင့်အညီ လွှဲပြောင်းပေးခဲ့ကြောင်း၊ တပ်မတော်မှ ၁၈ လကြာ တာဝန်ယူခဲ့ပြီး အုပ်ချုပ်ရေးပိုင်းဆိုင်ရာများဆောင်ရွက်၍ တရားမျှတသည့် ရွေးကောက်ပွဲကျင်းပ၍ အနိုင်ရပါတီထံ အာဏာပြန်လည်လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း၊ ဆက်လက်ပြီး နိုင်ငံတော်ပြိုကွဲမည့်အခြေအနေ ဖြစ်ပေါ်ခဲ့ပြီး ပြည်တွင်းရေးမငြိမ်မသက်ဖြစ်ပေါ်ခဲ့မှုကြောင့် ၁၉၆၂ ခုနှစ်တွင် တပ်မတော်မှ နိုင်ငံတော်၏ တာဝန်အား ထမ်းဆောင်၍ တော်လှန်ရေးကောင်စီအဖြစ် ဖွဲ့စည်းပြီး ဥပဒေနှင့်အမိန့်များထုတ်ပြန်၍ နိုင်ငံတော်အား အုပ်ချုပ်ခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ်တွင် ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ်များတွင် အားသာချက်များရှိသလို အားနည်းချက်များလည်းရှိခြင်းကြောင့် စီးပွားရေးထိခိုက်ခဲ့မှုများ ဖြစ်ပေါ်ခြင်းနှင့် နိုင်ငံတကာဆက်ဆံခြင်းများ အဆင်မပြေမှုများဖြစ်ပေါ်ခြင်းများ ဖြစ်ပေါ်ခဲ့ပြီး နိုင်ငံတော်အနေဖြင့် အကျပ်အတည်းအခက်အခဲများ ဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့နောက် ၁၉၈၈ ခုနှစ်တွင် အရေးအခင်းဖြစ်ပွား၍ အာဏာရအစိုးရပြိုကွဲခဲ့ပြီး တပ်မတော်အနေဖြင့် နိုင်ငံတော်တာဝန်များအား ဝင်ရောက်ထိန်းသိမ်းပေးခဲ့ရပြီး ဆူပူအကြမ်းဖက်မှုများကြောင့် တပ်မတော်အစိုးရအုပ်ချုပ်ရေးဖြင့် ဆောင်ရွက်ခဲ့ရကြောင်း။

**ကြိုတင်ပြောင်းလဲ**

ထို့နောက် ပြည်သူများလိုလားသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းနိုင်ရန်အတွက် ဒီမိုကရေစီစနစ်လျှောက်လှမ်းနိုင်ရေး အရပ်ဘက်အုပ်ချုပ်ရေးဆိုင်ရာများကို ကြိုတင်ပြောင်းလဲဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ ပါတီစုံဒီမိုကရေစီလျှောက်လှမ်းမှုတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း၊ တပ်မတော်ကိုလည်း အဆင့်မြှင့်တင်မှုများပြုလုပ်ခဲ့သဖြင့် များစွာတိုးတက်ပြောင်းလဲလာခဲ့ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ တပ်မတော်မှအာဏာလွှဲပြောင်းပေးခဲ့ကြောင်း၊ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် NLD ပါတီမှ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းမရှိသဖြင့် ၂၀၁၂ ခုနှစ်တွင် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေအား ပြင်ဆင်ပေးခဲ့ပြီး ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ကြောင်း၊ ထို့နောက် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင်လည်း NLD ပါတီအနေဖြင့် အနိုင်ရရှိခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ ရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များအပေါ် ကန့်ကွက်မှုမရှိဘဲ လက်ခံခဲ့ကြောင်း။

**ယုံကြည်မှုများ လျော့နည်း**

NLD ပါတီအစိုးရတာဝန်ထမ်းဆောင်ချိန်ကာလအတွင်း ဥပဒေစိုးမိုးရေးဆိုင်ရာကိစ္စရပ်များနှင့် နိုင်ငံတော်လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ထိခိုက်ခဲ့ရပြီး စီးပွားရေးဆိုင်ရာများ ထိခိုက်ကျဆင်းလာသဖြင့် ပြည်သူများမှ ၎င်းတို့အပေါ်ယုံကြည်မှုများ လျော့နည်းလာကြောင်း၊ ပြည်သူများအနေဖြင့် ၎င်းတို့အပေါ် ယုံကြည်မှုနည်းပါးလာသည်ကို တွေ့ရှိရသဖြင့် NLD ပါတီအနေဖြင့် ၂၀၂၀ ပြည့်နှစ်အထွေထွေရွေးကောက်ပွဲ အနိုင်ရရှိရေးအတွက် ဆောင်ရွက်ရာတွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့သည်ကို စိစစ်တွေ့ရှိခဲ့ရကြောင်း၊ မိမိတို့အနေဖြင့် မဲမသမာမှုဖြင့် တက်လာသည့် အစိုးရအား လက်ခံရန်မဖြစ်နိုင်ကြောင်း၊ မည်သည့်နိုင်ငံတွင်မဆို မဲမသမာမှုပြုလုပ်ခြင်းအား လက်ခံမှုမရှိကြောင်း၊ ယခု စိစစ်သည့်အချိန်တွင်လည်း မဲမသမာမှုဖြစ်စေရန် ဆောင်ရွက်ချက်များအပြင် ငွေကြေးဆိုင်ရာ အဂတိလိုက်စားမှုများကိုပါ စစ်ဆေးတွေ့ရှိရကြောင်း၊ မဲစာရင်းများအား ပြန်လည်စစ်ဆေးလျက်ရှိပြီး မဲမသမာမှုဖြစ်ပွားသည့် မဲစာရင်းများအား ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ စစ်ဆေးတွေ့ရှိချက်များအပေါ် မူတည်၍ ဥပဒေနှင့်အညီသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

မိမိတို့တာဝန်ယူပြီးနောက်ပိုင်း ဖေဖော်ဝါရီ ၃ ရက် နောက်ပိုင်းတွင် ငြိမ်းချမ်းစွာ ဆန္ဒပြမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ဖေဖော်ဝါရီ ၁၄ ရက် နောက်ပိုင်းတွင် မဲမသမာမှုပြုလုပ်မှုတွင်ပါဝင်ခဲ့သည့် ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများမှ ဝိုင်းဝန်းသွေးထိုးမြှောက်ပင့်ခြင်း၊ ငွေကြေးထောက်ပံ့ပေးခြင်းများကြောင့် ဆူပူအကြမ်းဖက်မှုများ၊ စက်ရုံအလုပ်ရုံများအား မီးရှို့ဖျက်ဆီးမှုများနှင့် သတ်ဖြတ်မှုများအထိ ဖြစ်ပေါ်ခဲ့သဖြင့် ရန်ကုန်မြို့ရှိ မြို့နယ်အချို့အား စစ်အုပ်ချုပ်ရေးအမိန့် (Martial Law) ထုတ်ပြန်ခဲ့ရာ ယခုအခါ ဆူပူမှုများနည်းပါးလာပြီဖြစ်ပြီး ပြန်လည်တည်ငြိမ်လာပြီဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှုဖြစ်ပေါ်စေရန်အတွက် လူမှုကွန်ရက်များတွင် သွေးထိုးလှုံ့ဆော်နေသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း။

**ဒီမိုကရေစီစနစ်ပျက်ယွင်းမှုမရှိ**

မိမိတို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးဆောင်ရွက်ရာတွင် ကောင်စီအဖွဲ့ဝင်များအား တာဝန်ပေးအပ်ရာတွင် တပ်မတော်သားများသာ သီးသန့်တာဝန်ပေးအပ်ခြင်း မဟုတ်ဘဲ နိုင်ငံရေးပါတီများမှပုဂ္ဂိုလ်များ၊ တိုင်းရင်းသားခေါင်းဆောင်များပါ ထည့်သွင်းတာဝန်ပေးအပ်ထားကြောင်း၊ ထိုသို့ အရပ်ဘက်ပုဂ္ဂိုလ်များကို တာဝန်ပေးအပ်ရခြင်းသည် တပ်မတော်နှင့် ပြည်သူများမှ လိုလားသည့် ဒီမိုကရေစီစနစ်ပျက်ယွင်းမှု မရှိစေရန်အတွက်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အသိပေးကြေညာချက်

ပြန်ကြားရေးဝန်ကြီးဌာနသည် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့်အညီ စိစစ်ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေပုဒ်မ(၈)တွင် ပုံနှိပ်သူ သို့မဟုတ် ထုတ်ဝေသူသည် တိုင်းရင်းသားလူမျိုးအချင်းချင်း၊ နိုင်ငံသားအချင်းချင်း လူမျိုးရေးအရ၊ ဘာသာရေးအရ၊ ယဉ်ကျေးမှုအရ ထိခိုက်နစ်နာစေသည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ အများပြည်သူအေးချမ်းသာယာရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ နိုင်ငံသားတိုင်းတန်းတူမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ အခွင့်အရေးတို့ကို ထိခိုက်စေမည့် အကြောင်းအရာများကိုသော်လည်းကောင်း၊ ရာဇဝတ်မှု၊ ရက်စက်ကြမ်းကြုတ်မှု၊ အကြမ်းဖက်မှုများကို အားပေးခြင်းနှင့် လှုံ့ဆော်ခြင်းကို ဖြစ်စေနိုင်သည့် အကြောင်းအရာများကိုသော်လည်းကောင်း ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်း မပြုရန် ပြဋ္ဌာန်းထားရှိပါသည်။

သို့ဖြစ်ပါ၍ ပုံနှိပ်ခြင်း သို့မဟုတ် ထုတ်ဝေခြင်းလုပ်ငန်းများကို လုပ်ကိုင်နေကြသည့် ပုံနှိပ်စက်များ၊ ပုံနှိပ်တိုက်များ၊ Digital Printing Machine များဖြင့် လုပ်ငန်းဆောင်ရွက်သည့် ဗီနိုင်းပုံနှိပ်လုပ်ငန်းများ၊ အင်တာနက် သတင်းဖြန့်ချိသောနည်းဖြင့် လုပ်ငန်းဆောင်ရွက်နေသော သတင်းအေဂျင်စီများသည် အထက်ဖော်ပြပါ စည်းကမ်းချက်တစ်ရပ်ရပ်နှင့် ငြိစွန်းသည့် ထုတ်ဝေစာများကို ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်း၊ ဖြန့်ချိခြင်းတို့ကို လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် မလိုက်နာပါက တည်ဆဲဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သို့ပင်ဖြစ်စေ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး မိမိ၏ နိုင်ငံ့ဝန်ထမ်း လုပ်ငန်းတာဝန်များနှင့် ပါတီနိုင်ငံရေးကို ခွဲခြားသိမြင်ရမည်ဖြစ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

**နေပြည်တော် မေ ၁၁**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ သွားရောက်တွေ့ဆုံ အမှာစကားပြောကြားသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက တစ်ဦးချင်း မိတ်ဆက်ကြပြီး တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးနှင့် မြို့တော်ဝန် ဦးဗိုလ်ဌေးတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ ဒေသဆိုင်ရာ အထွေထွေအချက်အလက်များ၊ မြို့တော်သန့်ရှင်းသာယာလှပရေးဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ၊ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့်ပတ်သက်၍ ပြောကြားရာတွင် မိမိအနေဖြင့် အရပ်ဘက်အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်တွေ့ဆုံ၍ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအရ ယာယီသမ္မတ၏ တာဝန်လွှဲအပ်မှုနှင့်အညီ နိုင်ငံတော်၏တာဝန်များကို တာဝန်ယူဆောင်ရွက်နေရခြင်းကို ပြောကြားခဲ့ကြောင်း၊ ထိုသို့ပြောကြားမှုများကို သတင်းထုတ်ပြန်ခဲ့သော်လည်း နိုင်ငံ့ဝန်ထမ်းအချို့အနေဖြင့် တပ်မတော်၏ အမျိုးသားနိုင်ငံရေးတာဝန် ထမ်းဆောင်ခြင်းနှင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေကြေညာခဲ့ခြင်းကို သိရှိနားလည်မှုများမရှိသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မည်သို့ပင်ဖြစ်စေ ပါတီနိုင်ငံရေးကင်းရှင်းရမည်ဖြစ်ပြီး မိမိ၏ နိုင်ငံ့ဝန်ထမ်း လုပ်ငန်းတာဝန်များနှင့် ပါတီနိုင်ငံရေးကို ခွဲခြားသိမြင်ရမည်ဖြစ်ကြောင်း၊ မိမိ၏ နိုင်ငံ့ဝန်ထမ်းတာဝန်များကို သစ္စာရှိစွာဖြင့် တာဝန်ထမ်းဆောင်ရမည်ကို သိရှိနားလည်ရမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမှု အခြေအနေများအရ အစိုးရကို ဆန့်ကျင်သည့် CDM လှုပ်ရှားမှုများ၊ မသမာသောသူများ၏ ခြိမ်းခြောက်မှုများအရ တာဝန်ဝတ္တရားလစ်ဟင်းမှုများကို နားလည်နိုင်သော်လည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုကြောင်း၊ မိမိတစ်ဦးတစ်ယောက်၏ ပါတီနိုင်ငံရေးခံစားချက်များကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် နစ်နာမှုများ မဖြစ်ပေါ်စေလိုကြောင်း ဦးစွာပြောကြားသည်။

**ပူးပေါင်းကူညီ**

ထို့နောက် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မဲမသမာမှုများ ဖြစ်ပေါ်လာရသည့် နောက်ခံအကြောင်းအရာများနှင့်ပတ်သက်၍ တပ်မတော်အနေဖြင့် မိမိတို့နိုင်ငံတွင် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်ခိုင်မာမာဖြစ်ပေါ်လာစေရေး မိမိတို့နိုင်ငံလူဦးရေ၏ ၉၂ ဒသမ ၄၈ သန်းကျော်မဲပေးအတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ပါတီစုံဒီမိုကရေစီစနစ်ကို ပုံဖော်ခဲ့ပြီး ၂၀၁၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပေးနိုင်ခဲ့ကြောင်း၊ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရသည် နိုင်ငံတော်ကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် အခက်အခဲများကြားမှ ကြိုးပမ်းလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း လိုအပ်သည်များကို ပူးပေါင်းကူညီလုပ်ဆောင်ပေးခဲ့ကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်သည်အထိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကိုလည်း အကောင်အထည်ဖော်ဆောင်ပေးနိုင်ခဲ့ကြောင်း၊ သို့သော်လည်း ဒီမိုကရေစီသက်တမ်းနုနယ်ပြီး အဘက်ဘက်မှ ဖိအားများ၊ အခက်အခဲများကြောင့် အချို့နေရာများတွင် ပြည်သူလူထုလိုလားသည်များတွင် လိုအပ်ချက်များရှိခဲ့ကြောင်း။

**ဥပဒေကို ပြင်ဆင်ပေးခဲ့**

၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် NLD ပါတီအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ခြင်း မရှိခဲ့ဘဲ ဦးသိန်းစိန် ဦးဆောင်သည့် အစိုးရအနေဖြင့် ၂၀၁၂ ခုနှစ်တွင် အတိုက်အခံပါတီအဖြစ် ရပ်တည်နေသော NLD ပါတီကို ကြားဖြတ်ရွေးကောက်ပွဲ ဝင်ရောက်နိုင်စေရေး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်ပေးခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အစိုးရသစ်တစ်ရပ် တက်လာခဲ့ပြီး နိုင်ငံတော်ကိုအုပ်ချုပ်ခဲ့ရာတွင် အစိုးရ၏ လုပ်ဆောင်ချက်များအပေါ်တွင် ဝေဖန်ပြောဆိုမှုများ၊ ဝေဖန်ထောက်ပြမှုများ များစွာဖြစ်ပေါ်ခဲ့ပြီး တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ဘက်ပေါင်းစုံတွင် ထိုက်သင့်သလောက် တိုးတက်မှုများ မဖြစ်ပေါ်ခဲ့ကြောင်း၊ ရွေးကောက်ပွဲမတိုင်မီက ပြည်သူလူထုသို့ မဲဆွယ်စည်းရုံးပြီး ပေးအပ်ထားသည့် ကတိကဝတ်များနှင့်လည်း အလွဲလွဲအချော်ချော်ဖြစ်ခဲ့ကြောင်း၊ ထို့ပြင် အမျိုးသားရေးစရိုက်လက္ခဏာကိုထိခိုက်စေနိုင်သည့် လုပ်ဆောင်မှုများ၊ ဥပဒေပြင်ဆင်ခြင်းများ၊ ပယ်ဖျက်ခြင်းများကိုပါ လုပ်ဆောင်လာခဲ့သည်ကို တွေ့ရှိရကြောင်း။

ထို့ကြောင့် ပြည်သူလူထုအနေဖြင့် ၎င်းတို့၏ ဆန္ဒအလျောက် မဲပေးခဲ့ကြသည့် အစိုးရများအပေါ် အလွှာအသီးသီး၏ ခံစားချက်များကိုမူတည်၍ အစိုးရ၏ လုပ်ဆောင်ချက်များအပေါ် အားမလိုအားမရဖြစ်လာသည့်အတွက် ရွေးကောက်ပွဲလုပ်ရန်ရှိလာသည့်အခါ ရွေးကောက်ပွဲအပေါ် စိတ်ပျက်ပြီး မဲမပေးချင်သောစိတ်များ ဖြစ်လာကြသည်ကို လေ့လာတွေ့ရပြီး No Vote မဲမပေးကြရေး လှုပ်ရှားမှုများ ဖြစ်လာသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲလုပ်သည့်အခါတွင် ရန်ကုန်တစ်မြို့နယ်လုံး၌ ဆန္ဒမဲပေးသူ ၁၄ ရာခိုင်နှုန်းကျော်ခန့်သာရှိသည်ကို သိရှိရပြီး ပြည်သူ့ကိုယ်စားလှယ်စစ်စစ် မဖြစ်နိုင်သည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း။

**အကဲစမ်းမှုတစ်ခုဖြစ်**

အဆိုပါ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ရွေးကောက်ပွဲသည် မပြုလုပ်ပါကလည်းရသည့်အခြေအနေတွင်ဖြစ်ပြီး NLD အစိုးရအနေဖြင့် ပြည်သူလူထု၏ ရွေးကောက်ပွဲအပေါ် ပြည်သူလူထု၏ စိတ်ပါဝင်စားမှုနှင့် ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲအပေါ် အကဲစမ်းမှုတစ်ခုပင်ဖြစ်ခဲ့ကြောင်း၊ ၎င်းတို့အနေဖြင့် ရွေးကောက်ပွဲတွင် မဲပေးသူမရှိ၊ မဲမရရှိပါက နိုင်ငံရေးအရ သိက္ခာကျမည်ဖြစ်သဖြင့် ရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီများ ဖွဲ့စည်းလုပ်ဆောင်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေအပေါ်တွင်ကျော်လွန်၍ အမိန့်အမျိုးမျိုးကို ထုတ်ပြန်ခဲ့သည်ကို တွေ့မြင်ကြရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲပြုလုပ်ခဲ့ချိန်တွင် မိမိတို့ တပ်မတော်သားများအနေဖြင့် ပြည်သူများနှင့်အတူ ပြင်ပမဲရုံများတွင် သတ်မှတ်စည်းကမ်းချက်များ၊ COVID-19 ထုတ်ပြန်ချက်များနှင့်အညီ မဲပေးခဲ့ကြောင်း၊ ထို့နောက် မဲစာရင်းရလဒ်များ ထုတ်ပြန်ကြေညာခဲ့ချိန်တွင် မဲမသမာမှုများဖြစ်ပေါ်နိုင်သည်ကို သတိပြုမိခဲ့ပြီး ရွေးကောက်ပွဲဝင်ကိုယ်စားလှယ်များနှင့် ပါတီများ၏ တောင်းဆိုချက်များအရ တပ်မတော်က မဲစာရင်းများ စစ်ဆေးခဲ့ရာတွင် မဲမသမာမှုပြုနိုင်သည့် မဲစာရင်းပေါင်း ၁၀ သန်းကျော်ထိ ရှိနေသည်ကို စစ်ဆေးတွေ့ရှိခဲ့ရကြောင်း၊ စစ်ဆေးတွေ့ရှိမှုများကိုလည်း နေ့စဉ်ထုတ်ပြန်ပေးခဲ့ကြောင်း။

ထိုသို့ မဲစာရင်းများကြီးမားစွာမှားယွင်းမှုများကို ဖြေရှင်းဆောင်ရွက်ပေးရန် တာဝန်ရှိသူအဆင့်ဆင့်သို့ တင်ပြခဲ့သော်လည်း ဖြေရှင်းပေးခြင်းမရှိသည့်အပြင် တတိယအကြိမ်လွှတ်တော်ကို ဖေဖော်ဝါရီ ၁ ရက်တွင်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန်အထိ လုပ်ဆောင်လာခဲ့သဖြင့် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ်ကြေညာကာ ယာယီသမ္မတ၏ တာဝန်လွှဲအပ်ချက်အရ တရားဥပဒေနှင့်အညီ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေခြင်းပင်ဖြစ်ကြောင်း။

ထို့နောက် တပ်မတော်သည် နိုင်ငံတော်၏ အာဏာကို သိမ်းယူခြင်းမဟုတ်ဘဲ ဒီမိုကရေစီစနစ် ခိုင်မာစေရေး **စာမျက်နှာ ၅ သို့** »»

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## ဆူပူအကြမ်းဖက်သူများ၏ မီးရှို့ဖျက်ဆီးမှုကြောင့် ပျက်စီးခဲ့သည့် လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့ရှိ စက်မှုဇုန်များသို့ သွားရောက်ကြည့်ရှုစစ်ဆေး၊ ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေလင်ပန်းစက်မှုဇုန်အတွင်း မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် စက်ရုံ၊ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစဉ်။

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးအောင်နိုင်ဦး၊ ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းစက်မှုဇုန်နှင့် ရွှေပြည်သာစက်မှုဇုန်များသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ရွှေလင်ပန်းစက်မှုမြို့စီမံခန့်ခွဲရေးရုံးသို့ရောက်ရှိကြရာ ရန်ကုန်မြောက်ပိုင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ရွှေလင်ပန်းစက်မှုမြို့အတွင်း စက်ရုံ၊ အလုပ်ရုံလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ မြို့နယ်အတွင်း ပြည်သူများနေထိုင်နေမှုအခြေအနေနှင့် **စာမျက်နှာ ၆ သို့** ❍

»»» **စာမျက်နှာ ၄ မှ**

ဥပဒေနှင့်အညီလုပ်ဆောင်ခဲ့ခြင်းဖြစ်သဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းဆောင်ရွက်နေသည့် အခြေအနေများနှင့်ပတ်သက်၍ ဒီမိုကရေစီစနစ်နှင့်အညီ အုပ်ချုပ်မှုလုပ်ငန်းများ ပုံမှန်အတိုင်းဖြစ်စေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို တပ်ဘက်၊ အရပ်ဘက် မျှတအောင် ဖွဲ့စည်းခဲ့ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ကောင်စီဥက္ကဋ္ဌများကို အရပ်သားများဖြင့်သာ ဖွဲ့စည်းပေးခဲ့ကြောင်း၊ လုပ်ရည်ကိုင်ရည်ရှိပြီး အရည်အချင်းရှိသူများကို ရွေးချယ်တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း။

### ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခဲ့

စတင်တာဝန်ယူပြီးသည့်နောက်ပိုင်း ပထမပတ်ကာလအတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယပတ်မှစ၍ ဆန္ဒပြမှုများ စတင်ဖြစ်ပေါ်လာခဲ့ကြောင်း၊ ဆန္ဒပြမှုများတွင် ရိုးသားစွာဖြင့် NLD ကို ဆန္ဒမဲပေးခဲ့ကြသူများနှင့် မဲမသမာမှုများဖြစ်ပေါ်အောင် လုပ်ဆောင်ခဲ့ကြသူများ၊ လှုံ့ဆော်သွေးထိုးသူများဟူ၍ အမျိုးအစားနှစ်ခုပါဝင်နေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ ထိုသို့ နိုင်ငံရေးအမြတ်ထုတ်သူများ၏ လှုံ့ဆော်သွေးထိုးမှုများကြောင့် ငြိမ်းချမ်းစွာဆန္ဒပြမှုများမှတစ်ဆင့် ဆူပူအကြမ်းဖက်မှု၊ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှု၊ လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်တို့သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကိုတွေ့ရှိရပြီး ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်ကို စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများအလိုက် အနည်းဆုံးအင်အား၊ အနိမ့်ဆုံးအဆင့်ဖြင့်သာ ထိန်းထိန်းသိမ်းသိမ်းလုပ်ဆောင်ခဲ့ပြီး လက်ရှိအချိန်တွင် ဆူပူဆန္ဒပြမှုများ လျော့နည်းကာ ပုံမှန်အနေအထားအတိုင်း ပြန်လည်သွားလာလှုပ်ရှား လည်ပတ်လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း။

တပ်မတော်အနေဖြင့် သန့်ရှင်းသည့် ဒီမိုကရေစီဖြစ်စေရေး၊ ရိုးသားသည့် ဒီမိုကရေစီဖြစ်စေရေးကိုသာ လိုလားပါကြောင်း၊ လက်ရှိဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများသည် အလွန်ဆိုးရွားသည့် ဖြစ်စဉ်ဖြစ်ပြီး ရိုးရိုးဖြေလျှင်အောင်သည့်စာမေးပွဲကို မတန်တဆ အမှတ်များလိုချင်သဖြင့် မရိုးသားသောနည်းလမ်းဖြင့် စာမေးပွဲဖြေဆိုသည်နှင့် တူနေကြောင်း၊ ၁၉၅၆ ခုနှစ် ဟယ်ရီတန်အရေးအခင်းကဲ့သို့ဖြစ်ပြီး လွှတ်တော်အဖွဲ့အစည်းသည် "ဟယ်ရီတန်ကြောင့် စာမေးပွဲအောင်သလို"လုပ်၍မရဘဲ မဲမသမာခြင်းသည် ဒီမိုကရေစီစနစ်၊ ပြည်သူ့ဆန္ဒကို ပြက်ရယ်ပြုခြင်း၊ ဖျက်ဆီးခြင်းပင်ဖြစ်ပါကြောင်း။

### ဦးစားပေးဖြေရှင်းပေးရန်လို

ဆက်လက်ပြီး စီးပွားရေး၊ ပညာရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍ ယခင်အစိုးရအဆက်ဆက်လုပ်ဆောင်ခဲ့သည့် လုပ်ငန်းများ၊ စီမံကိန်းများမှ ဒေသအတွက်အကျိုးရှိမည့် လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်းနေထိုင်သည့် ပြည်သူလူထု၏ ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို ဦးစားပေးဖြေရှင်းပေးရန်လိုကြောင်း၊ ဥပမာအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၌ မိုးတွင်းကာလ မြို့တွင်း၌ ရေကြီး၊ ရေလျှံမှု မဖြစ်ရေး၊ ယာဉ်စည်းကမ်းလိုက်နာရေး၊ ခြောက်သွေ့ရာသီ၌ သုံးရေလုံလောက်ရေး စသည့် လက်တွေ့ပြည်သူ့ဘဝကို အကျိုးရှိစေမည်ကို ဦးစားပေးဆောင်ရွက်ရန် လိုကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အခြေခံကာ အဓိကလုပ်ကိုင်သည့် နိုင်ငံတစ်ခုဖြစ်ပြီး ဆန်ကို ပြည်ပနိုင်ငံများသို့ တင်ပို့လျက်ရှိသည့် နိုင်ငံတစ်ခုတွင် ဆန်မလုံလောက်သည့်ဒေသများ ရှိနေသည်ကို အဖြေရှာကြရမည်ဖြစ်ကြောင်း၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများကို ပြင်ပမှ ဝယ်ယူသုံးစွဲနေမှုများအား လျှော့ချရန်လိုပြီး ပြည်တွင်း၌ ထုတ်လုပ်သုံးစွဲနိုင်မှသာလျှင် တိုင်းပြည်အတွက် အကျိုးရှိမည်ဖြစ်ကြောင်း။

ထို့အပြင် တိုင်းပြည်စီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရန်လိုအပ်ကြောင်း၊ တိုင်းပြည်အတွက် လက်တွေ့ကျသော ထုတ်ကုန်ကဏ္ဍမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေးကဏ္ဍဖြစ်သဖြင့် စိုက်ပျိုးမွေးမြူရေး ခေတ်မီတိုးတက်အောင် လုပ်ဆောင်ရန်လိုအပ်ကြောင်း၊ သွင်းအားစုကောင်းအောင် ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးထုတ်ကုန်များ အရည်အသွေး မြှင့်တင်ရန်လိုအပ်ကြောင်း၊ ကုန်ပစ္စည်းများထုတ်လုပ်ရာတွင်လည်း ပစ္စည်းချင်းတူလျှင် ဈေးနှုန်းသက်သာရမည်၊ ဈေးနှုန်းချင်းတူပါက အရည်အသွေးပိုမိုကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ တိုင်းပြည်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံလိုအပ်ချက်များဖြစ်သည့် လျှပ်စစ်ဓာတ်အားရရှိမှု၊ သယ်ယူပို့ဆောင်ရေး ဆက်သွယ်ရေးကောင်းမွန်မှုနှင့် လူ့စွမ်းအားအရင်းအမြစ်များကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ကြရန်လိုကြောင်း။

### ပညာရေးကဏ္ဍသည် အရေးကြီး

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အရေးကြီးကြောင်း၊ နိုင်ငံ့ပညာရေးအတွက် ကျောင်းဆရာ ဆရာမများ၏ အခန်းကဏ္ဍမှာ လွန်စွာအရေးကြီးကြောင်း၊ အခြေခံပညာကဏ္ဍ၊ အဆင့်မြင့်ပညာကဏ္ဍများကို အားပေးရမည်ဖြစ်ကြောင်း၊ အနာဂတ်တွင် ကောင်းမွန်သောလူ့စွမ်းအားအရင်းအမြစ်များနှင့် ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်ခုဖြစ်ပေါ်လာစေရေးအတွက် ပညာရေးကို အားပေးရမည်ဖြစ်ပြီး ကောင်းမွန်သည့် လက်ဆင့်ကမ်းအမွေများကို ပေးခဲ့ရမည်ဖြစ်ကြောင်း။

နိုင်ငံ့ဝန်ထမ်းများအနေဖြင့် မိမိတာဝန်ဝတ္တရားကိုသိရှိပြီး မိမိတာဝန်ကို ကျေပွန်ရန်လိုကြောင်း၊ တိုင်းပြည်အတွက် အလုပ်လုပ်ရမည်ဖြစ်ပြီး မိမိလုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်မှသာလျှင် လုပ်ဖော်ကိုင်ဖက်များနှင့် ပြည်သူက လေးစားမည်ဖြစ်ကြောင်း၊ မိမိတိုင်းပြည်နှင့် ပြည်သူလူထု၏အကျိုးအတွက် တစ်ဦးချင်းအသိစိတ်ဓာတ်များ ကောင်းမွန်စွာဖြင့် နိုင်ငံ့တာဝန်များကို ကျေပွန်အောင် ဝိုင်းဝန်းထမ်းဆောင်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

☆ **ဖြစ်ပေါ်လာမှု အခြေအနေများအရ အစိုးရကို ဆန့်ကျင်သည့် CDM လှုပ်ရှားမှုများ၊ မသမာသောသူများ၏ ခြိမ်းခြောက်မှုများအရ တာဝန်ဝတ္တရား လစ်ဟင်းမှုများကို နားလည်နိုင်သော်လည်း ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လို**

☆ **မိမိတစ်ဦးတစ်ယောက်၏ ပါတီနိုင်ငံရေးခံစားချက်များကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ပညာရေး၊ ကျန်းမာရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် နစ်နာမှုများ မဖြစ်ပေါ်စေလို**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လှိုင်သာယာမြို့နယ် ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရွှေပြည်သာမြို့နယ် ဒေသခံပြည်သူများအတွက် ဆန်၊ ဆီ၊ ပဲများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူစဉ်။

❍ စာမျက်နှာ ၅ မှ

ရွှေ့ပြောင်းလုပ်သားများ၏နေထိုင်မှုအခြေအနေများ၊ စက်ရုံအလုပ်ရုံများအား ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့မှုအခြေအနေများ၊ ရွှေ့ပြောင်းအလုပ်သမားများအတွက် နေအိမ်အဆောက်အအုံ စီစဉ်ဆောင်ရွက်ပေးနိုင်မည့် လျာထားအခြေအနေများ၊ စက်ရုံအလုပ်ရုံများ ပြန်လည်ဖွင့်လှစ်ရန် ဆောင်ရွက်နေမှုနှင့် လုပ်ငန်းလိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

**အမြန်ဆုံး ဆောင်ရွက်ပေးရန်လို**

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြည်သူများ အလုပ်အကိုင်ပြန်လည်ရရှိရေးအတွက် စက်ရုံအလုပ်ရုံများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊ ဆူပူအကြမ်းဖက်သူများ၏ မီးရှို့ဖျက်ဆီးခဲ့မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် စက်ရုံအလုပ်ရုံများ၏ အာမခံငွေကြေးများ ထုတ်ယူနိုင်ရေးအတွက် တာဝန်ရှိသူများက အမြန်ဆုံး ဆောင်ရွက်ပေးရန်လိုကြောင်း၊ အချို့စက်ရုံအလုပ်ရုံများရှိ အလုပ်သမားများ လစာများထုတ်ယူရရှိရန် ခက်ခဲလျက်ရှိကြောင်း တင်ပြချက်အပေါ် အမြန်ဆုံးထုတ်ပေးနိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံများ ရင်းနှီးမြှုပ်နှံမှုအတွက် လိုအပ်သည့် ငွေကြေးထုတ်ယူသုံးစွဲမှုများကိုလည်း စည်းကမ်းချက်များနှင့်အညီ အဆင်ပြေစွာ ထုတ်ယူနိုင်ရေး ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ စက်ရုံအလုပ်ရုံများလုံခြုံမှုရှိစေရေးအတွက် လုံခြုံရေးဝန်ထမ်းများ ခန့်အပ်တာဝန်ပေးရန်လိုအပ်ကြောင်း၊ နယ်မြေခံ ပြည်သူလူထုကလည်း မိမိရပ်ရွာလုံခြုံရေးအတွက် ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကလည်း နယ်မြေလုံခြုံရေး ပူးပေါင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စက်မှုဇုန်အတွင်း မီးလောင်မှုကြောင့် ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည့် စက်ရုံအလုပ်ရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လုပ်ငန်းရှင်များ၏ ဖြစ်စဉ်အကြောင်းအရာအပေါ်တင်ပြချက်၊ လုပ်ငန်းဆိုင်ရာအပေါ် တင်ပြချက်များအား အဖွဲ့ဝင်များအဖြစ် လိုက်ပါလာသည့် ပြည်ထောင်စုဝန်ကြီးများနှင့်အတူ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

☆ **ဒီမိုကရေစီစနစ်အရ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို လက်ခံသော်လည်း အကြမ်းဖက်ဖျက်ဆီးမှုများကို လက်ခံ၍မရ**

☆ **ငြိမ်းချမ်းစွာဆန္ဒပြသူများရှိသကဲ့သို့ စားဝတ်နေရေးအခက်အခဲများကြောင့် သွေးထိုးလှုံ့ဆော်လိုသူများထံမှ ငွေကြေးများရယူ၍ ဆူပူအကြမ်းဖက်မှု၊ မီးရှို့မှုများအထိ ကျူးလွန်ခဲ့သူများလည်းရှိ**

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ် မြို့နယ်ခန်းမများသို့ရောက်ရှိပြီး လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဆန်၊ ဆီ၊ ပဲများ ပေးအပ်လှူဒါန်းပွဲများသို့ သီးခြားစီ တက်ရောက်သည်။

**ထောက်ပံ့ပေးအပ်**

အခမ်းအနားများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာပြီးနောက်ပိုင်း ရန်ကုန်မြို့အတွင်း ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်ခဲ့သည့် အခြေအနေများ၊ စက်ရုံ၊ အလုပ်ရုံများ မီးလောင်ပျက်စီးခဲ့ရသည့် အခြေအနေများကို သိရှိနိုင်ရန်နှင့် လိုအပ်သည်များကို ဆောင်ရွက်ပေးနိုင်ရန် လာရောက်ကြည့်ရှုခြင်းပင်ဖြစ်ကြောင်း၊ ဆူပူအကြမ်းဖက်မှုများဖြစ်ပေါ်ရသည့် နောက်ခံအကြောင်းရင်းမှာ လူအများ၏ စားဝတ်နေရေးအခက်အခဲများနှင့် နိုင်ငံရေးမကျေနပ်မှုများကြောင့်ဖြစ်ကြောင်း၊ ဒီမိုကရေစီစနစ်အရ ငြိမ်းချမ်းစွာ ဆန္ဒပြမှုများကို လက်ခံသော်လည်း အကြမ်းဖက်ဖျက်ဆီးမှုများကို လက်ခံ၍မရကြောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြသူများရှိသကဲ့သို့ စားဝတ်နေရေးအခက်အခဲများကြောင့် သွေးထိုးလှုံ့ဆော်လိုသူများထံမှ ငွေကြေးများရယူ၍ ဆူပူအကြမ်းဖက်မှု၊ မီးရှို့မှုများအထိ ကျူးလွန်ခဲ့သူများလည်းရှိကြောင်း၊ COVID-19 ရောဂါဖြစ်ပွားသည့်ကာလအတွင်း စက်ရုံအလုပ်ရုံများ ပိတ်သိမ်းထားမှုကြောင့် ပြည်သူလူထုအနေဖြင့် စားဝတ်နေရေးအတွက် အခက်အခဲများ ဖြစ်ပေါ်ခဲ့ချိန်ကလည်း တပ်မတော်မှ လှိုင်သာယာမြို့နယ်အတွင်း ဆန်၊ ဆီနှင့် ပဲများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း။

ယခုကာလတွင်လည်း လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ ပြည်သူများ စားသောက်ရေးအဆင်ပြေစေရန်အတွက် ဆန်အိတ် ၃၃၃၃၃ အိတ်၊ ဆီ ပိဿာ တစ်သိန်းနှင့် ပဲပိဿာချိန် တစ်သိန်းတို့အား ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း၊ မိမိတို့လှူဒါန်းသည့် ဆန်၊ ဆီနှင့် ပဲများကိုလည်း အမှန်တကယ်လိုအပ်နေသည့် ရသင့်ရထိုက်သည့် ဒေသခံပြည်သူများ လက်ဝယ်သို့ရောက်ရှိရေး တာဝန်ရှိသူများက စနစ်တကျခွဲဝေပေးအပ်ကြစေလိုကြောင်း၊ အခါအခွင့်သင့်ချိန်များတွင်လည်း ဆက်လက်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် မိမိတို့နေထိုင်ရာ ပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် "စုပေါင်းညီညာ အောင်ကြောင်းဖြာ"ဆိုသည့်အတိုင်း ပြည်သူအားလုံး စုပေါင်းအားဖြင့် ဆောင်ရွက်နိုင်ရေး စည်းရုံးဆောင်ရွက်ကြရန်လိုကြောင်း။

**စည်းစည်းလုံးလုံးဖြင့်ဆောင်ရွက်**

တပ်မတော်အနေဖြင့် နိုင်ငံတော်၏အာဏာကို သိမ်းယူခြင်း မဟုတ်ဘဲ ဒီမိုကရေစီစနစ် ပိုမိုခိုင်မာစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်သဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးလုပ်ငန်းများကို ဒီမိုကရေစီစနစ်၊ စည်းကမ်း၊ ကျင့်စဉ်များအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တိုင်းပြည်၏ ယိုယွင်းနေမှုများကို အမြန်ဆုံးပြန်လည်တည့်မတ်အောင် ကြိုးပမ်းလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်းနှင့် ပြည်သူလူထုမှ စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ပါက လုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအတွက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ပေးအပ်လှူဒါန်းသည့် ဆန်၊ ဆီနှင့် ပဲများအား ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ထို့နောက် တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများက ဆန်၊ ဆီနှင့် ပဲများ လှူဒါန်းခဲ့မှုအပေါ် မြို့နယ်အလိုက် တာဝန်ရှိသူများက ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားရာတွင် ယခုကဲ့သို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် လာရောက်၍

စာမျက်နှာ ၇ သို့ ❍

☆ **တပ်မတော်အနေဖြင့် နိုင်ငံတော်၏အာဏာကို သိမ်းယူခြင်း မဟုတ်ဘဲ ဒီမိုကရေစီစနစ် ပိုမိုခိုင်မာစေရန်အတွက် ထိန်းသိမ်းဆောင်ရွက်နေခြင်းသာဖြစ်သဖြင့် နိုင်ငံတော်အုပ်ချုပ်ရေးလုပ်ငန်းများကို ဒီမိုကရေစီစနစ်၊ စည်းကမ်း၊ ကျင့်စဉ်များအတိုင်းသာ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်**

☆ **တိုင်းပြည်၏ ယိုယွင်းနေမှုများကို အမြန်ဆုံး ပြန်လည်တည့်မတ်အောင် ကြိုးပမ်းလုပ်ဆောင်ပေးရမည်ဖြစ်ကြောင်းနှင့် ပြည်သူလူထုမှ စည်းစည်းလုံးလုံးဖြင့် ဆောင်ရွက်ပါက လုပ်ငန်းများ ပိုမိုအောင်မြင်အောင် ဆောင်ရွက်နိုင်မည်**

○ စာမျက်နှာ ၆ မှ

ပေးအပ်လှူဒါန်းသည့်အတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့မြို့နယ်သည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စက်မှုဇုန်များ အများဆုံးရှိသည့် မြို့နယ်ဖြစ်ပြီး နိုင်ငံတော်၏ ကုန်ထုတ်လုပ်မှုနှင့် ရွှေ့ပြောင်းအလုပ်သမား အများဆုံးရှိသည့် မြို့နယ်ဖြစ်ပါကြောင်း၊ မိမိတို့မြို့နယ်တွင် မတ် ၂၃ ရက် နောက်ပိုင်းတွင် ဆူပူဆန္ဒပြမှုများမှတစ်ဆင့် အများပြည်သူသွားလာလျက်ရှိသည့် လမ်းမကြီးများကို ပိတ်ဆို့ခြင်း၊ ၁၄ ရက်နှင့် ၁၅ ရက်တွင် လုပ်သားများ မှီခိုလုပ်ကိုင်နေသည့် အထည်ချုပ်စက်ရုံကြီးများအား ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးခဲ့သဖြင့် အခြေခံလုပ်သားများအနေဖြင့် အလုပ်အကိုင်ခဏတာဆုံးရှုံးနေစဉ် ယခုကဲ့သို့ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးခြင်းအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

**ပုံမှန်အတိုင်း လည်ပတ်လျက်ရှိ**

ရန်ကုန်တိုင်းဒေသကြီးအတွင်း မတ် ၁၄ ရက်တွင် အကြမ်းဖက်ရမ်းကားသည့် လူအုပ်စုများက တာမွေ၊ အင်းစိန်၊ ရွှေပြည်သာ၊ သာကေတမြို့မရဲစခန်းများကို လူအုပ်စုဖြင့် လာရောက်၍ မီးရှို့ပြီး ဝင်ရောက်တိုက်ခိုက် စီးနင်းရန် ကြိုးစားခဲ့ကြောင်း၊ ၎င်းအပြင် လှိုင်သာယာမြို့နယ်ရှိ လုံခြုံရေးရဲကင်းနေရာအား ဝင်ရောက်စီးနင်းပြီး အဆောက်အအုံနှင့် မော်တော်ယာဉ်များအား အကြောင်းမဲ့မီးရှို့ဖျက်ဆီးခဲ့သည့်အပြင် လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်၊ မြောက်ဥက္ကလာပမြို့နယ် စက်မှုဇုန်တို့ရှိ စက်ရုံများကိုလည်း မီးရှို့ဖျက်ဆီးခဲ့သည့်လုပ်ရပ်များ ဆောင်ရွက်ခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်နှင့် ရွှေပြည်သာမြို့နယ်တို့အား မတ် ၁၄ ရက်တွင် လည်းကောင်း၊ မတ် ၁၅ ရက်တွင် ဒဂုံမြို့သစ်မြို့နယ်(တောင်ပိုင်း)နှင့် (မြောက်ပိုင်း)၊ မြောက်ဥက္ကလာပနှင့် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) အား ထုတ်ပြန်ခဲ့ရသည်။ ယခုအခါ အဆိုပါနယ်မြေအတွင်း ပြန်လည်တည်ငြိမ်လျက်ရှိကြောင်းနှင့် စက်ရုံအလုပ်ရုံများ ပုံမှန်အတိုင်း ပြန်လည်လည်ပတ်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်း ပြင်ဦးလွင်၊ လားရှိုးမြို့တို့တွင် လုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိုးထွန်းသည် မေ ၁၀ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ဇီးပင်ကြီးရှိ ရဲအရာရှိလေ့ကျင့်ရေးကျောင်း စုပေါင်းခန်းမတွင် ဒုတိယရဲအုပ်လောင်း သင်တန်းအမှတ်စဉ် ၁၀၃ မှ သင်တန်းဆင်းဒုရဲအုပ် အရာရှိများအား တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိအခြေအနေ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လက်ရှိဆောင်ရွက်နေမှုများ၊ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များ၊ နိုင်ငံတော် လုံခြုံရေးဆောင်ရွက်နေမှုများ၊ တာဝန်ထမ်းဆောင်စဉ် ဆောင်ရန်ရှောင်ရန်များကို မှာကြားသည်။



**ပေါင်းစပ်ဖြည့်ဆည်း**

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး (၆)ရှိ မြို့နယ်စုပေါင်းရုံးခန်းမတွင် ခရိုင်/မြို့နယ်/ ရပ်ကွက် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့များနှင့် တွေ့ဆုံကာ နိုင်ငံတော်၏ လက်ရှိဆောင်ရွက်နေမှုများ၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ ပိုမိုခိုင်မာအားကောင်းလာစေရေးအတွက် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများ၊ မြေပြင်လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများကို ရှင်းနီးပွင့်လင်းစွာ တင်ပြရေးအတွက် အသေးစိတ်ဆွေးနွေး၍ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့ပြီး ပြင်ဦးလွင်မြို့ပေါ်ရပ်ကွက်များအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ယနေ့ နံနက်ပိုင်းတွင် ရဲအရာရှိလေ့ကျင့်ရေးကျောင်း (ဇီးပင်ကြီး) စုပေါင်းခန်းမတွင် သင်တန်းကျောင်းမှ တပ်ဖွဲ့ဝင်နှင့် မိသားစုများ၊ ဗဟိုမီးသတ်သင်တန်းကျောင်းမှ တပ်ဖွဲ့ဝင်နှင့် မိသားစုများ၊ ပြင်ဦးလွင်ခရိုင် တပ်ဖွဲ့ဝင်များ၊ အထူးစုံစမ်းရေးဦးစီးဌာနနှင့် အကျဉ်းဦးစီးဌာနမှ တပ်ဖွဲ့ဝင်နှင့် မိသားစုများကို တွေ့ဆုံပြီး နိုင်ငံတော်၏ အခြေအနေအရပ်ရပ်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအခြေအနေများ၊ မိသားစုများ သက်သာချောင်ချိရေး ကိစ္စရပ်များ၊ နိုင်ငံ့ဝန်ထမ်းများ ဆောင်ရန်/ရှောင်ရန် ကိစ္စရပ်များ၊ တပ်ဖွဲ့တွင်း စည်းလုံးညီညွတ်ရေးလုပ်ငန်းများကို အသေးစိတ် ချပြရှင်းလင်းအသိပေးပြီး မိသားစုများအတွက် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်သည်။

**ထောက်ပံ့ငွေများ ပေးအပ်**

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးစိုးထွန်းသည် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့သို့ ရောက်ရှိခဲ့ပြီး ဒုတိယပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးခန်းမတွင် ရဲတပ်ဖွဲ့ဝင်များ၊ မိသားစုများကို တွေ့ဆုံ၍ မေ ၁၀ ရက်တွင် လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ တိုက်ခိုက်မှုကြောင့် လားရှိုးမြို့နယ် နောင်မွန်နယ်မြေရဲစခန်းတွင် တာဝန်ထမ်းဆောင်စဉ် ကျဆုံးခဲ့သည့် တပ်ဖွဲ့ဝင်များ၏ဇနီး၊ မိသားစုများ၊ ဒဏ်ရာရရှိခဲ့သည့် တပ်ဖွဲ့ဝင်များ၏ ဇနီး၊ မိသားစုများအား ပြည်ထဲရေးဝန်ကြီးဌာနနှင့် ဌာနကြီးများမှ စုပေါင်းထောက်ပံ့ငွေများကို တစ်ဦးချင်းလက်ဝယ်သို့ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် နောင်မွန်နယ်မြေရဲစခန်းသို့ ထွက်ခွာသွားပြီး တိုက်ပွဲဖြစ်စဉ် မြေပြင်အခြေအနေကို အသေးစိတ် လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပမည်ဖြစ်ကြောင်း အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့သည် မြန်မာနိုင်ငံသတင်း မီဒီယာကောင်စီဝင် လစ်လပ်နေရာများအတွက် အစားထိုးရွေးချယ်နိုင်ရေး ကိုယ်စားလှယ်လောင်း အဆိုပြုလွှာများ တင်သွင်းနိုင်ရန် (၂၆-၂-၂၀၂၁) ရက်နေ့ နိုင်ငံပိုင်သတင်းစာများတွင် ဖိတ်ခေါ်ထားရှိပြီး အဆိုပြုလွှာများကို (၂၇-၃-၂၀၂၁) ရက်နေ့ မွန်းလွဲ (၁၆:၀၀) နာရီမတိုင်မီပြန်လည်တင်သွင်းရန် ဖိတ်ခေါ်ထားရှိရာ သတ်မှတ်နေ့ရက်၊ အချိန်အတွင်း မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်လောင်း အဆိုပြုလွှာပေးပို့လာသူ (၂၃) ဦးရှိခဲ့ပါသည်။

၂။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့က အဆိုပါ အဆိုပြုလွှာပေးပို့လာသူ (၂၃) ဦး၏ အဆိုပြုလွှာများအပေါ် သတင်းမီဒီယာနည်းဥပဒေ ၁၀ နှင့်အညီ စစ်ဆေးတွေ့ရှိချက်များအရ အဆိုပြုလာသည့် ကိုယ်စားလှယ်လောင်းများအနက် အရည်အချင်းသတ်မှတ်ချက်များနှင့်ပြည့်စုံပြီး သက်ဆိုင်ရာနယ်ပယ်အသီးသီးတွင် သတ်မှတ်အချိုးအစားနှင့် ကိုက်ညီသူ အောက်ဖော်ပြပါ (၁၁)ဦးကို ရွေးချယ်တင်မြှောက်ပွဲကျင်းပရန် မလိုအပ်သဖြင့် သတင်းမီဒီယာကောင်စီဝင်များအဖြစ် အဖွဲ့မှ ရွေးချယ်ရန်ဆုံးဖြတ်ခဲ့ပါသည်-

(က) သတင်းစာဆရာများ
(၁) ဦးတင်မောင်ဦး
(၂) ဦးငွေအောင်

(ခ) ကဗျာဆရာ
(၁) ဒေါက်တာအေးမင်း

(ဂ) ထုတ်ဝေသူများ
(၁) ဦးမောင်မောင်မြင့်အေး
(၂) ဦးသက်နိုင်ဦး

(ဃ) စာရေးဆရာများ
(၁) ဒေါ်မြင့်မြင့်သိန်း
(၂) ဦးနေထွန်းဝင်း

(င) သတင်းအေဂျင်စီများ
(၁) ဦးအောင်ပြည့်စုံ
(၂) ဒေါ်ချိုအိဇင် (ခ) နွေဦးလင်း
(၃) ဦးတင်မောင်ထွေး

(စ) မြန်မာနိုင်ငံရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်သူများအသင်း
(၁) ဦးရဲနိုင်စိုး

၃။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့အနေဖြင့် အောက်ဖော်ပြပါ ကျန်ရှိသည့် သတင်းမီဒီယာသမားတစ်ဦးချင်း ကိုယ်စားလှယ်လောင်း (၆) ဦးနှင့်ပတ်သက်၍ ရွေးချယ်တင်မြှောက်ပွဲ ကျင်းပပြုလုပ်ပြီး (၃) ဦး ရွေးချယ်ရန် အဖွဲ့မှ ဆုံးဖြတ်ခဲ့ပါသည် -

(က) ဦးသက်ခိုင်
(ခ) ဒေါ်ခင်သန်းနွဲ့ (မမလားရှိုး)
(ဂ) ဒေါ်နှင်းအေးခိုင်
(ဃ) ဦးစိုးမင်း
(င) ဦးနေလင်း (မောင်ချိုဝေ)
(စ) ဦးတင်အေး (လပြည့်ဝန်းအောင်ကျော်)။

၄။ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် အဆိုပြုလွှာပေးပို့လာသူများအနက် သတ်မှတ်ထားသည့် အချက်အလက်အထောက်အထားပြည့်စုံမှုမရှိခြင်း၊ သတင်းမီဒီယာနည်းဥပဒေများပါ သတ်မှတ်နယ်ပယ်နှင့် ကိုက်ညီမှုမရှိခြင်းစသည့် စိစစ်တွေ့ရှိမှုများကြောင့် အဖွဲ့၏ သဘောတူဆုံးဖြတ်မှုဖြင့် (၆)ဦးအား ပယ်ခဲ့ပါသည်။

၅။ သို့ဖြစ်ပါ၍ သတင်းမီဒီယာနည်းဥပဒေများ ၉၊ နည်းဥပဒေခွဲ(က) နှင့် (ခ) အရ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) နေ့ရက် - ၃၀-၄-၂၀၂၁ (သောကြာနေ့)
(ခ) နေရာ - အမှတ်(၅၀)၊ ရွှေတောင်ကြားလမ်း၊ ရွှေတောင်ကြား (၂)ရပ်ကွက်၊ ရုပ်ရှင်မြှင့်တင်ရေးဌာနခွဲ၊ ရုပ်ရှင်အနုပညာရုပ်ဝန်း (Film Development Centre-FDC)၊ ဗဟန်းမြို့နယ်။
(ဂ) အချိန် - နံနက် (၁၀:၀၀) နာရီ ။

မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်
ရွေးချယ်တင်မြှောက်ရေးအဖွဲ့

## ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ၊ ဈေးများ၊ ဆေးရုံများနှင့် ယာဉ်လိုင်းများ ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ပြေးဆွဲ



နေပြည်တော် ဧပြီ ၁၁

ဗုဒ္ဓဘာသာဘုရားစေတီများ အပါအဝင် သက်ဆိုင်ရာဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်၍ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ပြန်လည်ဖွင့်လှစ်ပေးထားရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့အပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် မိဘပြည်သူများက ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြသည်။

ထို့အတူ မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ဘုရားတွင် မြန်မာပြည်အနယ်နယ်အရပ်ရပ်ရှိ ဘုရားဖူးလာ ရဟန်းရှင်လူပြည်သူများဖြင့် အထူးစည်ကားလျက်ရှိပြီး ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ လာရောက်ဖူးမြော်ကြည်ညိုကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

အလားတူ သက်ဆိုင်ရာ ဘာသာရေးကျောင်းများတွင်လည်း ဘာသာဝင်များက စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြကြောင်း သိရသည်။

ထို့ပြင် နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့ကြီးများအပါအဝင် အခြားမြို့ကြီးများတွင်လည်း တည်ငြိမ်အေးချမ်းစွာဖြင့် ဈေးများ၌ ဈေးရောင်း၊ ဈေးဝယ်များဖြင့် စည်ကားလျက်ရှိပြီး ဆေးရုံများ၊ လေကြောင်းခရီးစဉ်များ၊ မီးရထားခရီးစဉ်များ၊ ရေကြောင်းခရီးစဉ်များ၊ မော်တော်ယာဉ်လိုင်းများကို တည်ငြိမ်အေးချမ်းစွာဖြင့် ပုံမှန်အတိုင်း ဖွင့်လှစ်ပြေးဆွဲလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပြည်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁၁

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား ဘွဲ့တံဆိပ်များ ဆက်ကပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ပြည်မြို့ သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ပြုလုပ်ရာ ရတနာမာန်အောင် တောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော ဘွဲ့တံဆိပ်တော်ရ သံဃာတော် ၃၁ ပါးနှင့် သာသနာ့နွယ်ဝင် သီလရှင်ဆရာကြီးတစ်ပါးတို့ ကြွရောက်တော်မူကြပြီး တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ပြည်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ်အောင်နိုင်ဦးနှင့်အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်ဇော်နှင့်အဖွဲ့ဝင်များ၊ စေတနာရှင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ပြည်မြို့ ရတနာမာန်အောင်တောရကျောင်းတိုက် ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် ပြည်တပ်နယ် တပ်နယ်မှူးနှင့် အဖွဲ့ဝင်များ၊ ခရိုင်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ရွှေဆံတော်ဂေါပကအဖွဲ့ဝင်တို့က ရတနာမာန်အောင်တောရကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနေမိန္ဒ အမှူးပြုသော အဘိဓဇမဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော်ရ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်ဆရာကြီးများအား ဘွဲ့တံဆိပ်တော်များ၊ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်းအမျှပေးဝေခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်





## ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

နေပြည်တော် ဧပြီ ၁၁

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင်သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော်(ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ် အမှတ်(၈) ရပ်ကွက် သီရိမင်္ဂလာသိပ္ပံကျောင်းတိုက်နှင့် မှော်ဘီမြို့နယ် ကံကလေးကျေးရွာ ဓမ္မရေအေးကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ နေရှင်နယ်ကျောင်းတိုက်များရှိ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကိုလည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ နေရှင်နယ်ကျောင်းတိုက်တို့ရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင်သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံ

နေပြည်တော် ဧပြီ ၁၁

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီးဘိုးဘွားများနှင့် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့၊ ရွှေညောင်မြို့၊ ကလောမြို့၊ ရပ်စောက်မြို့၊ ဖယ်ခုံမြို့၊ ပင်လောင်းမြို့၊ ဟိုပုံးမြို့နှင့် ကယားပြည်နယ် ဘောလခဲမြို့များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများကို သတ်မှတ်နေရာ အသီးသီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် ရခိုင်ပြည်နယ် စစ်တွေ၊ မြောက်ဦး၊ ကျောက်ဖြူနှင့် အမ်းမြို့နယ်တို့ရှိ နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၁၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီး မင်းသန်း၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုင်းထွန်းညို၊ တာဝန်ရှိသူများနှင့်အတူ မေ ၈ ရက်တွင် ရခိုင်ပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးစဉ် ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ရခိုင်ပြည်နယ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များ ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း(စစ်တွေ)သို့ ရောက်ရှိရာ ရခိုင်ပြည်နယ် ဦးစီးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးက ပြည်နယ်အတွင်းရှိနယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာသင်တန်းကျောင်းများတွင် သင်တန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရန်အတွက် ကြိုတင်



ပြင်ဆင်ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးခဲ့ပြီး သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြောက်ဦးမြို့သို့ရောက်ရှိပြီး မြောက်ဦးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် မေ ၉ ရက်တွင် အမ်းမြို့နယ်သို့ရောက်ရှိပြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် အမျိုးသမီး အိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်းတို့မှ ဝန်ထမ်းများ၊ နည်းပြများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

ထို့နောက် အမျိုးသမီးအိမ်တွင်းမှုသက်မွေးပညာ သင်တန်းကျောင်း (အမ်း)သို့ သွားရောက်၍ သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျောက်ဖြူမြို့သို့ရောက်ရှိပြီး ကျောက်ဖြူခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ဝန်ထမ်းများနှင့် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာ သင်တန်းကျောင်း(ကျောက်ဖြူ)ရှိ ဝန်ထမ်းများ၊ နည်းပြများနှင့် တွေ့ဆုံအမှာစကားပြောကြားပြီး သင်တန်းကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ မှာကြားသည်။

ဝန်ထမ်းများနှင့် တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ဝန်ထမ်း၊ နည်းပြများအတွက် ထောက်ပံ့ငွေများနှင့် တူညီဝတ်စုံများပေးအပ်ခဲ့ပြီး ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ ထားရှိအပ်သည့် နိုင်ငံ့ဝန်ထမ်းဂုဏ်သိက္ခာဖြင့် နိုင်ငံတော်အပေါ် သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ဆောင်ရွက်ကြရန်နှင့် လေ့ကျင့်သင်ကြားပေးမည့် နည်းပြများအနေဖြင့် စာပေ ဘာသာရပ်များ သင်ကြားရေးအပြင် စိတ်ပိုင်းဆိုင်ရာ ယုံကြည်ချက်၊ ခံယူချက်များ မြင့်မားစေရေးအတွက် ပြုစုပျိုးထောင်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ ရန်ကုန်တိုင်းဒေသကြီးရှိ အဆင့်မြင့်ပညာ၊ အခြေခံပညာ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍမှ တာဝန်ရှိသူများနှင့် တွေ့ဆုံ

**ရန်ကုန် မေ ၁၁**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ အဆင့်မြင့်ပညာ၊ အခြေခံပညာ၊ နည်းပညာနှင့် သက်မွေးပညာကဏ္ဍမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်မြို့ အဆင့်မြင့်ပညာဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**နည်းပြ၊ သရုပ်ပြရာထူးများ လျှောက်ထားနိုင်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက မိမိအနေဖြင့် ခရီးစဉ်များသွားလာရာတွင် နေပြည်တော်၊ မိတ္ထီလာ၊ မကွေးနှင့် ပုသိမ်မြို့တို့ရှိ အခြေခံပညာကျောင်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ခဲ့ပါကြောင်း၊ အခြေခံပညာကဏ္ဍနှင့်စပ်လျဉ်း၍ အခြေခံပညာကျောင်းများအားလုံးကို ဇွန် ၁ ရက်တွင် နောက်ဆုံးထားဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍနှင့်ပတ်သက်၍ မေ ၅ ရက်တွင် ပညာရေးဝန်ကြီးဌာန တက္ကသိုလ်များ၏ နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာတန်းများကို ဖွင့်လှစ်မည်ဖြစ်ပါကြောင်း၊ တက္ကသိုလ်တွင် ဖြေဆိုရန်ကျန်ရှိနေသည့် ဘာသာရပ်များကို ကျောင်းတက်နေသည့် ကာလအတွင်း ဘာသာရပ်အလိုက် Review များပြုလုပ်ပြီး ဖြေဆိုရမည်ဖြစ်ပါကြောင်း၊ မဟာ (ဒုတိယနှစ်) အောင်စာရင်းများကို အမြန်ဆုံး ထုတ်ပြန်ပေးမည်ဖြစ်ပါကြောင်း၊ ယင်းသို့ထုတ်ပြန်ပေးခြင်းဖြင့် နည်းပြ၊ သရုပ်ပြရာထူးများ လျှောက်ထားလိုပါက လျှောက်ထားနိုင်မည်ဖြစ်ပါကြောင်း။

ဆရာ ဆရာမများ ခန့်ထားရေးနှင့်စပ်လျဉ်း၍ အခြေခံနှင့် အဆင့်မြင့်ပညာကဏ္ဍနှစ်ခုစလုံးတွင် ဖြည့်ဆည်း ခန့်ထားပေးသွားမည်ဖြစ်ပါကြောင်း၊ ကျောင်းများဖွင့်လှစ်ရာတွင် တက်ရောက်သူနည်းပါးပါက ကျောင်းများကို ပူးပေါင်းဖွင့်လှစ်သွားမည်ဖြစ်ပါကြောင်း၊ ပညာရေးမဟာဘွဲ့(M.Ed) တက်ရောက်ခွင့်များကိုလည်း မူလလက်ခံသည့် ဦးရေထက်ပိုမိုပြီး လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ပညာရေးမဟာဘွဲ့(M.Ed) တက်ရောက်နေစဉ်အတွင်း လုပ်ငန်းတာဝန်များ မလစ်ဟင်းစေရန် ဆရာ ဆရာမ လိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ပညာရေးတွင် ပညာသင်ကြားမှုများရပ်တန့်နေပါက ကျောင်းသား ကျောင်းသူများအနေဖြင့် အခက်အခဲများရှိလာမည်ဖြစ်ပါကြောင်း၊ ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ပြီး ရုံးတက်ရောက်ခြင်း မရှိသည့် ဝန်ထမ်းများအတွက် လစာငွေများကို ပေးချေရန်မလိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ ကျောင်းမတက်ပါက မိမိတို့၏တပည့်များ၊ နိုင်ငံတော်ရှိ လူငယ်လူရွယ်များ၏ အနာဂတ်ဘဝများကို ထိခိုက်နစ်နာမည်ဖြစ်သည့်အတွက် ထည့်သွင်းစဉ်းစားပေးကြစေလိုကြောင်း၊ ပညာရေးဝန်ထမ်းများ CDM တွင် ပါဝင်ပြီး ရုံးပြန်လည်တက်ရောက်ပါက ခံဝန်လက်မှတ်ရေးထိုးရန်လိုအပ်ကာ ဒုတိယအကြိမ် ထပ်မံဖောက်ဖျက်ခြင်းများရှိပါက မိမိတို့အနေဖြင့် ကာကွယ်ပေးနိုင်မည်မဟုတ်ပါကြောင်း၊ သို့ဖြစ်၍ ဆရာ ဆရာမများ ကျောင်းတက်မှန်ကန်မှုရှိစေရန်နှင့် CDM လှုပ်ရှားမှုတွင်ပါဝင်နေသည့် ဆရာ ဆရာမများကို နိုင်ငံ့ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ ပြန်လည်တာဝန်ထမ်းဆောင်ကြစေရန် နှိုးဆော်တိုက်တွန်းပေးကြစေလိုပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် CDM လှုပ်ရှားမှုမှ ပြန်လည်တာဝန်ထမ်းဆောင်လာကြသည့် ဆရာ ဆရာမများကိုလည်း ကြိုဆိုကြစေလိုပါကြောင်း။

**ထိခိုက်နစ်နာမှုများရှိပါက တင်ပြနိုင်**

ကျောင်းများတွင် ရေ၊ မီးရရှိမှုအခြေအနေများကို စစ်ဆေးရန်၊ ဆရာ ဆရာမများအတွက် သီးသန့်သန့်စင်ခန်းလိုအပ်ချက်များကို တင်ပြကြရန်နှင့် လိုအပ်ချက်များကို အမြန်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မိမိကျောင်း၏ အထွေထွေလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်းတင်ပြ၍ လုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန် ဖြည့်ဆည်းဆောင်ရွက်ပေးလိုပါကြောင်း၊ ကျောင်းများတွင် ကျောင်းသားဆရာ အချိုးအရ ကျောင်းအတွက်လိုအပ်သော ပရိဘောဂပစ္စည်းများ၊ ရေ၊ မီး၊ ပြည့်စုံမှုတူညီရန်



လိုသကဲ့သို့ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးပြည့်စုံကောင်းမွန်မှုများလည်း တူညီရန်လိုအပ်ပါကြောင်း၊ အထက်တန်းကျောင်းများတွင် ရှစ်ပေ လေးပေ ကြော်ငြာဘုတ်ငါးခု၊ အလယ်တန်းကျောင်းများတွင် သုံးခုနှင့် မူလတန်းကျောင်းများတွင် နှစ်ခုပေးမည်ဖြစ်၍ မြို့နယ်ပညာရေးမှူးများအနေဖြင့် ဝိုင်းဝန်းဆောင်ရွက်ပေးကြစေလိုကြောင်း၊ ထို့ပြင် စာသင်ခုံလိုအပ်ချက်၊ ဆရာ ဆရာမ လိုအပ်ချက်များကို မြို့နယ်တစ်ခုချင်းစီအလိုက် မေ ၂၃ ရက် နောက်ဆုံးထား တင်ပြကြစေလိုကြောင်း၊ မြို့နယ်ပညာရေးမှူးများအနေဖြင့် ဆရာ ဆရာမများကို စီမံခန့်ခွဲဆောင်ရွက်ရာတွင် ဘယ်နေရာ ဘယ်အခြေအနေမှာပဲရှိရှိ စိတ်စေတနာကောင်းရှိရန်နှင့် ကိုယ်ချင်းစာစိတ်၊ စာနာစိတ်ထားကာ မိမိတာဝန်ယူသည့်အလုပ်အပေါ် ကြိုးစားဆောင်ရွက်ရန် အရေးကြီးပါကြောင်း၊ အဆင့်မြင့်ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍအပါအဝင် ပညာရေးဝန်ထမ်းများအနေဖြင့် လုပ်သက် ၃၆ နှစ်နှင့်အထက် အလုပ်ထုတ်ပယ်ခံခဲ့ကြရသူများအနေဖြင့် မိမိတို့၏ ထိခိုက်နစ်နာမှုများရှိသည်ဟု ယူဆပါက ပညာရေးဝန်ကြီးဌာနသို့ တင်ပြနိုင်ပြီး ပြန်လည်ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် တွေ့ဆုံပွဲသို့တက်ရောက်လာကြသည့် ဆရာကြီး ဆရာမကြီးများက ဆရာ ဆရာမ လိုအပ်ချက်၊ စာသင်ခုံနှင့် ပရိဘောဂပစ္စည်းလိုအပ်ချက်၊ ကျောင်းဆောင်လိုအပ်ချက်များ၊ အန္တရာယ်ရှိကျောင်းဆောင်ဖျက်သိမ်းနိုင်ရေးနှင့် ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေး လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြား၍ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရှမ်းပြည်နယ် ကျိုင်းတုံနှင့် တာချီလိတ်ခရိုင်အတွင်း ဟိုတယ်နှင့် ခရီးသွားကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် မေ ၁၁**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့)ဥက္ကဋ္ဌ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၉ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရကျောင်းသို့ ရောက်ရှိပြီး သီလဓမ္မကုန်းသာတောရကျောင်း ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တကောဝိဒ(ဝစီပိတ်ဆရာတော်)အား ဖူးမြော်ကြည်ညိုကာ အရုဏ်ဆွမ်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင်နိုင်သော ဘုရားဖူးခရီးစဉ်တစ်ခုအဖြစ် ဖော်ဆောင်နိုင်သည့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ပန်ကွဲကျေးရွာ ပန်ကွဲတောင် ဗုဒ္ဓဥယျာဉ်တော်သို့ သွားရောက်ကြည့်ရှုသည်။

**ရိုးရာယဉ်ကျေးမှုများကိုလေ့လာနိုင်**

အဆိုပါ ဥယျာဉ်တော်ပရိဝုဏ်အတွင်း၌ ဥဏ်တော်အမြင့် ၇၂ ပေရှိ အဘယရာဇမုနိရုပ်ပွားတော်မြတ်ကြီး၊ မိုင်းဖုန်းဆရာတော်ဓမ္မဂူ၊ အလင်္ကာပန်းခင်း၊ ဩဝါဒပန်းခင်း၊ မုဒြာပန်းခင်းနှင့် ဘုရားစေတီပုထိုးများ၊ စတော်ဘယ်ရီနှင့် နှင်းဆီပန်း စိုက်ခင်းများရှိပြီး လာရောက်သူ ခရီးသွားပြည်သူများအတွက် ဘုရားဖူးအပန်းဖြေအနားယူရန် ကောင်းမွန်သည့်နေရာတစ်ခုဖြစ်သည်။ ထို့ပြင် COVID-19 အလွန်ကာလတွင် ခရီးသွားဧည့်သည်များအနေဖြင့် အဆိုပါဗုဒ္ဓဥယျာဉ်တော်၏ ပတ်ဝန်းကျင်ကျေးရွာများ၌ တိမ်ပင်လယ်ကြည့်ရှုခြင်း၊ trekking ပြုလုပ်နိုင်ခြင်းနှင့်ဒေသခံတိုင်းရင်းသားတို့၏ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို လေ့လာနိုင်သည့် လူထုအခြေပြုခရီးသွားလုပ်ငန်း Community Based Tourism (CBT) အကောင်အထည်ဖော်ဆောင်ရွက်နိုင်သော နေရာများဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပင်လယ်ရေ မျက်နှာပြင်အထက် အမြင့်ပေ ၅၅၄၀ မှ ၆၀၁၂ ပေအထိမြင့်မားသည့်တောင်ကုန်းတောင်တန်းများပေါ်၌ တည်ရှိသော လွယ်မွေမြို့သို့ ရောက်ရှိပြီး လွယ်မွေမြို့ရှိ ခရီးသွားဆွဲဆောင်မှုနေရာတစ်ခုဖြစ်သည့် ဗြိတိသျှကိုလိုနီခေတ် ၁၉၁၈ ခုနှစ်၌ ဆောက်လုပ်ခဲ့သော နှစ် ၁၀၀ ကျော် သက်တမ်းရှိသည့် Colonel Rubel ၏ နေအိမ်နှင့် ကောင်းမှုတော်ဆည်တို့ကို ကြည့်ရှုပြီး မြန်မာ-ထိုင်း-လာအို-တရုတ်(၄)နိုင်ငံပြည်သူများ ကောင်းကျိုးချမ်းသာ မင်္ဂလာအဖြာဖြာနှင့် ပြည့်စုံရေးအတွက် ရည်ရွယ်ပြီး တည်ထားကိုးကွယ်ထားသော စတုရဋ္ဌသုမင်္ဂလစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုသည်။



ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဒေသများတွင် နယ်စပ်ဖြတ်ကျော် မော်တော်ယာဉ်တန်းခရီးစဉ် (Caravan Tour)များ အဆင်ပြေ လွယ်ကူချောမွေ့စွာ ဖော်ဆောင်နိုင်ရေးအတွက် ကျိုင်းလပ်မြို့ရှိ မြန်မာ-လာအို ချစ်ကြည်ရေးတံတားသို့ သွားရောက်ကြည့်ရှုသည်။

**ကြည့်ရှုစစ်ဆေး**

ယင်းတံတားကို ၂၀၁၅ ခုနှစ် မေ ၉ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ အာရှလမ်းမကြီးနှင့် ဆက်သွယ်ထားကာ နောင်တွင် ကူးသန်းရောင်းဝယ်ရေးလုပ်ငန်းများအပြင် ခရီးသွားလုပ်ငန်းများပါ ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း သိရသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ မေ ၁၀ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ရှိ Golden Triangle Mountain Resort ဟိုတယ်သို့သွားရောက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသော COVID-19 ကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဟိုတယ်ပြန်လည်ဖွင့်လှစ်နိုင်ရေးပြင်ဆင်ထားရှိမှုနှင့် ဟိုတယ်မွမ်းမံပြင်ဆင်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားသို့ ရောက်ရှိပြီး COVID-19 အလွန် ပြည်တွင်း/ပြည်ပ ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်ချိန်တွင် ခရီးသွား ဧည့်သည်များ အဆင်ပြေလွယ်ကူချောမွေ့စွာ ဝင်/ထွက်နိုင်ရေးနှင့် နယ်စပ်ဖြတ်ကျော် ခရီးသွားလုပ်ငန်းများ အဆင်ပြေစေရေးတို့အတွက် လိုအပ်သည်များကို ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်ရန် ပေါင်းစပ်ညှိနှိုင်းပေးသည်။

**လှည့်လည်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မိုင်းဖုန်းကျေးရွာရှိ မိုင်းဖုန်းဆရာတော် ကျောင်းသို့ သွားရောက်ကာ COVID-19 အလွန်ကာလတွင် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ ကျောင်းတော်သို့ လာရောက်ဖူးမြော်ရေးနှင့် ဘုရားဖူးခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ရေး အခြေအနေများကို ကြည့်ရှုပြီး ဝမ်ပုံစံပြကျေးရွာအနီးရှိ ဝမ်ပုံအပြည်ပြည်ဆိုင်ရာ ပြည်တွင်းဆိပ်ကမ်းသို့ သွားရောက်ကာ မဲခေါင်မြစ်တစ်လျှောက် ရေယာဉ်ဖြင့် လှည့်လည်ကြည့်ရှုသည်။

အဆိုပါ ဝမ်ပုံဆိပ်ကမ်းစစ်ဆေးရေးဂိတ်မှ လာအိုနိုင်ငံသားများကို Temporary Border Pass (TBP)ဖြင့် ငါးညအိပ် ခြောက်ရက် တာချီလိတ်မြို့အထိ ဝင်ရောက်လည်ပတ်ခွင့် ပြုပေးထားသော်လည်း လက်ရှိအချိန်တွင် COVID-19 ကပ်ရောဂါကြောင့် ယာယီပိတ်ထားပါကြောင်း၊ မြစ်ကြောင်းတစ်လျှောက်တွင် ပြည်တွင်းခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေလည်ပတ်နိုင်ရေးအတွက် ဖော်ထုတ်ဆောင်ရွက်နိုင်ပါက နောင်တွင် မြန်မာ-လာအို-ထိုင်း သုံးနိုင်ငံ နယ်စပ်တစ်လျှောက် အပျော်စီးမြစ်ကြောင်း လေ့လာရေးခရီးစဉ် ဖွံ့ဖြိုးတိုးတက်လာနိုင်ပါကြောင်း သိရသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် Golden Triangle Paradise Resort ဟိုတယ်သို့ရောက်ရှိပြီး COVID-19 အလွန်ကာလ ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ ပြန်လည်ဖွင့်လှစ်နိုင်ရေးဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တာချီလိတ်မြို့ရှိ 1G1-11 ဟိုတယ်၌ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရွှေတြိဂံဟိုတယ်ဆိုင်ရာ လုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ၊ ဟိုတယ်များမှ တာဝန်ခံများနှင့်အတူ တာချီလိတ်ခရိုင်အတွင်း ဟိုတယ်နှင့်ခရီးသွားကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး တွေ့ဆုံပွဲသို့ တက်ရောက်သည်။

**ကျန်းမာရေးအသိဖြင့် လုပ်ဆောင်**

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက COVID-19 ကပ်ရောဂါကြောင့် ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ရပ်ဆိုင်းခဲ့သည်မှာ တစ်နှစ်ကျော်ခန့်ရှိခဲ့ပြီးဖြစ်၍ ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးလာရန်မှာ နိုင်ငံတော်အစိုးရ-ပြည်သူလူထု-လုပ်ငန်းရှင်များအားလုံး ယုံကြည်မှုရှိရှိ အရှိန်အဟုန်ဖြင့် ပြန်လည်ပူးပေါင်းလုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားပါကြောင်း၊ တာချီလိတ်ဒေသတွင် ပြည်တွင်း/ပြည်ပခရီးသွားများအား ဆွဲဆောင်နိုင်သော နေရာများစွာရှိသည့်အပြင် မြန်မာနိုင်ငံ၏ နယ်စပ်ဒေသမြို့များအနက် တစ်ခုဖြစ်သောကြောင့် နှစ်နိုင်ငံခရီးသွားလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပါကြောင်း၊ ထိုသို့ ဖော်ဆောင်ရာတွင်လည်း ယခုဖြစ်ပေါ်နေသော COVID-19 ကပ်ရောဂါအား သတိမေ့လျော့ပေါ့ဆမနေဘဲ ကျန်းမာရေးအသိဖြင့် လုပ်ဆောင်သွားကြရန် လိုအပ်ပါကြောင်း၊ ခရီးသွားလုပ်ငန်း ပြန်လည်ဦးမော့လာရန်မှာ ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများအပြင် အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ပြည်သူလူထုအားလုံး ဝိုင်းဝန်းပူးပေါင်း လုပ်ဆောင်သွားကြရန် ပြောကြားသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။ **သတင်းစဉ်**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# အိပ်မက်နဲ့စခဲ့ပြီး အိပ်မက်နဲ့ အဆုံးသတ်တော့မယ့် CRPH

နေဇင်လတ်

ဒေါက်တာဆာဆာဆိုသူ "ဘွား" ခနဲပေါ်လာသည်။ CRPH ကိုပြည်ပမှ ဦးဆောင်သူလည်း ဖြစ်လာခဲ့၏။ အားလုံးက "ဆာဆာဘယ်သူလဲ" ဟု စိတ်ဝင်စားခဲ့ကြ၏။ သူ့အကြောင်းလည်း "ဝှက်ကောင်"ကို MI-6 မှ အချိန်ကိုက် ထုတ်သုံးလိုက်ခြင်းသာပါ။ သို့သော်လည်း MI-6 ကိုယ်တိုင် များစွာကျေနပ်အားရဖွယ်ရှိသည်ဟု မမြင်၊ ကစားကောင်ရှား၍ အသင့်ရှိသော ကစားကောင်ကို နိုင်ငံရေးစစ်တုရင်ခုံပေါ် ကမန်းကတန်း ကောက်တင်လိုက်ရဟန်ရှိသည်။

**ဆာဆာဘယ်လိုလူမျိုးလဲ**

ဆာဆာအကြောင်း လူမှုကွန်ရက်တွင် တင်ပြီးဖြစ်သဖြင့် အကျယ်မချဲ့လို။ သူ့စကား၊ သူ့လုပ်ရပ်များက သူ့အရည်အချင်းကို ထင်ဟပ်စေပါသည်။ တပ်မတော်မှ အာဏာထိန်းပြီး ဆာဆာနှင့် ပြည်ပသတင်းဌာနတစ်ခု အင်တာဗျူးတွင် -

"စစ်တပ်က အာဏာမသိမ်းခင် ကျွန်တော် ဒေါ်အောင်ဆန်းစုကြည်နဲ့အတူ ရှိနေခဲ့ပါတယ်။ တက္ကဆီကားမောင်းဟန်ဆောင်ပြီး လွတ်မြောက်လာတယ်။ စိတ်ချယုံကြည်ရတဲ့ နေရာရောက်ဖို့ သုံးရက်ကြာခဲ့တယ်"

ပထမတော့ ဆာဆာစကား ယုံကြသည်။ ဆက်စပ်တွေးကြည့်သောအခါ ဆာဆာ ဘယ်လိုလူမျိုးဆိုသည်ကို ပြည်ပကပင် အလွယ်တကူ သိသွားကြတော့၏။ နေမထွက်မီ အာဏာထိန်းပြီးသားဖြစ်၏။ ထိုအချိန်မျိုးတွင် ဘာအတွက် ဒေါ်အောင်ဆန်းစုကြည်နှင့် ဆာဆာ အတူရှိနေခဲ့ရပါသနည်း။

နောက်တစ်ချက်က အာဏာထိန်းခြင်းသည် ကလေးကစားသည့် အလုပ်မျိုး မဟုတ်ပါ။ ဆာဆာ မဆိုထားလင့်။ ထိုအချိန်မျိုးတွင် ကြောင်တစ်ကောင်၊ ကြွက်တစ်မြီးမျှ လွတ်ထွက်ခွင့် မရှိပါ။

ဆာဆာ၏ နိုင်ငံရေးအနုပညာသည် ထိုသို့ ထိုနှယ်က စတင်ခဲ့ပါ၏။ ဆာဆာသည် ထိုသို့လူမျိုးလည်းဖြစ်ပါ၏။ ဆေးကုသရေးနှင့် လူမှုဝန်ထမ်းဘဝတွင် ကျင်လည်ခဲ့သော ဆာဆာသည် နိုင်ငံရေးဇာတ်ခုံပေါ် အမှတ်မထင် တွန်းတင်ခံလိုက်ရသည်ဖြစ်၍ သူ့လုပ်ရပ်၊ သူ့စကားများက ထိုသို့ အမြီးအမောက် မတည့်ခဲ့ခြင်းဖြစ်သည်။

**CDM ဘာရည်ရွယ်ချက်လဲ**

သာမန်ဆန္ဒပြခြင်းသည် မထူးဆန်းလှပါ။ လောကတွင် ဘယ်အရာမဆို ကြိုက်သူ၊ မကြိုက်သူများ ရှိနေတတ်ကြပါ၏။ ယခု CDM (Civil Disobedience Movement) ဟူသော ဆန့်ကျင်ရေးလှုပ်ရှားမှု ဖြစ်လာခဲ့သည်။ (၈၈)ကတည်းက လုပ်ကိုင်ခဲ့သော အတွေးအခေါ်ဟောင်းဖြစ်ပြီး ပြန်၍ ပုံတူကူးချခဲ့ခြင်းသာဖြစ်သည်။

တစ်ခုထူးခြားသည်မှာ ဒေါ်အောင်ဆန်းစုကြည် အစိုးရလက်ထက်တွင် ကောင်းစွာကွန်ရက်ချိတ်ဆက်ထားနိုင်ခဲ့ခြင်း၊ ငွေပုံအောသုံးနိုင်ခဲ့ခြင်း၊ ပို၍ကျယ်ပြန့်စွာပုံဖော်နိုင်ခဲ့ခြင်းတို့ဖြစ်၏။ ဒါကလည်း CIA, Soros တို့မှ ဒေါ်အောင်ဆန်းစုကြည် အစိုးရသက်တမ်းငါးနှစ်အတွင်း ကောင်းစွာအချိန်ယူ၊ ဆောင်ရွက်ထားနိုင်ခွင့်ကို ဖန်တီးပေးထားခဲ့ခြင်းကြောင့် ဖြစ်သည်။

၁၉၈၈ နှင့် ၂၀၂၁ ခုနှစ် ဖြစ်စဉ်ကို နှိုင်းယှဉ်လျှင် များစွာကွာခြားသည်ကို တွေ့ရပါလိမ့်မည်။ ၁၉၈၈ ဆန္ဒပြပွဲတွင် အရွယ်အစားသေးငယ်သော အစိုးရထီးတည်းက တစ်ဖက်၊ ကျန်တစ်နိုင်ငံလုံးက တစ်ဖက် ဖြစ်နေပြီး စစ်အေးလွန်ကာလ အမေရိကန်မှာ ယှဉ်ပြိုင်သူမဲ့ဖြစ်နေကာ ဒီမိုကရေစီကို ပရိမိုးရှင်းပေးနေသည်နှင့် တိုက်ဆိုင်နေသည်။ ဒေါ်အောင်ဆန်းစုကြည်ကို နိုဘယ်လ်ဆုပေးပြီး ကြော်ငြာအတွက် ငွေကြေးအမြောက်အမြား သုံးစွဲနေချိန်လည်း ဖြစ်ခဲ့သလို ရုရှားနှင့် တရုတ်ကလည်း ဘာမှမဟုတ်သေးသောကာလ ဖြစ်နေပြန်သည်။

နှစ်ပေါင်း ၃၀ ကျော်ကွာခြားခဲ့ပြီး ၂၀၂၁ ဖြစ်ရပ်ကိုလေ့လာလျှင် တပ်မတော်အစိုးရသည် အရွယ်အစားကြီး တပ်မတော်အင်အား ကြီးမားစွာရှိနေပြီး ရဟန်းသံဃာများ၊ အမျိုးသားရေးသမားများ၊ ဒေါ်အောင်ဆန်းစုကြည်ကို မနှစ်သက်သူများ စသော တစ်အုပ်တစ်မ လူထုမှာ တပ်မတော်ဘက်က ရပ်တည်နေကြောင်းတွေ့ရပါလိမ့်မည်။

မှတ်တမ်းမထိုးစေရန်ငဲ့ညာပြီး လူမှုရေးအရ ပြစ်ဒဏ်ပေးခြင်းသာဖြစ်၏။ ယခု ပြစ်မှုမကျူးလွန်သူများကို SP ခေါင်းစဉ်တပ်၍ ဆောင်ရွက်နေခြင်းမှာ တက်တက်စင်လွဲနေပါသည်။

Demonstration, Protestation ငြိမ်းချမ်းစွာ ပြုလုပ်လျှင် အထက် (၂) ဆင့်က ဒီမိုကရေစီနှင့် အကျုံးဝင်ပါ၏။

Harassment, Violation အဆင့်ဖြစ်လာလျှင် ဒီမိုကရေစီဘောင်ကို ကျော်လွန်သွားတော့၏။ ပြစ်မှုကျူးလွန်သည့်အဆင့် ဖြစ်သည်။ ထိုထက်မြင့်လာလျှင် Terrorization ဟူသော အကြမ်းဖက်အဆင့်ဖြစ်လာ၍ ကမ္ဘာက လက်မခံသော အဆင့်ဖြစ်ပါ၏။

လုံခြုံရေးဝန်ထမ်းများကို သေစေနိုင်သော လက်နက်များဖြင့် တိုက်ခိုက်ခြင်း၊ "ဒလန်"ဟု အမည်တပ်ပြီး ကတုံးရိပ်၊ တက်တူးထိုးရာမှ ရဲတင်းလာပြီး မီးရှို့သတ်ဖြတ်ခြင်းများသည် အကြမ်းဖက်အဆင့် ဖြစ်ပါသည်။

CDM သည် အစိုးရယန္တရားကို ချည့်နဲ့စေပါသည်။ SP သည် လူထုကို ခြိမ်းခြောက်လိုခြင်း ဖြစ်သည်။

ခေါ်သွင်းမည်ဟု ဆာဆာက ဆိုထားသည်။ သို့သော်လည်း နိုင်ငံခြား အင်တာဗျူးတစ်ခုတွင် R2P မဖြစ်နိုင်ကြောင်း သူကိုယ်တိုင်က ဖွင့်ပြောထားခဲ့ပြန်သည်။

(၇၆) နှစ်မြောက် တပ်မတော်နေ့တွင် ရုရှားကာကွယ်ရေးဝန်ကြီးဌာနက မြန်မာသည် ရုရှား၏ စိတ်ချယုံကြည်ရသော မိတ်ဖက်နိုင်ငံဖြစ်ကြောင်း ကမ္ဘာသို့ ထုတ်ဖော်ပြောဆိုခဲ့ရာ CRPH ဘဝ ရေမျောကမ်းတင်ဖြစ်ရပြန်ဦးမည်။

CRPH ဘာဆက်လုပ်မည်မှာ စိတ်ဝင်စားစရာမကောင်းလှသော်လည်း မေးခွန်းထုတ်စရာ ဖြစ်လာခဲ့၏။ ဆာဆာ၏ Video Clip တစ်ခု တက်လာသည်။

"ဘင်္ဂါလီများကို ရိုဟင်ဂျာဟု သုံးနှုန်းခဲ့ပြီး ညီအစ်ကိုများဟု ဆိုသွားသည်" CRPH သည် OIC အတွက် အလုပ်လုပ်နေပြီလား။ OIC ကို ဒူးထောက်လက်ဖြန့်လိုက်ပြီလားဟု မေးစရာ ဖြစ်လာပါတော့သည်။

**မူလ CRPH ရည်ရွယ်ချက်နှင့် ပြောင်ပြောင်ကြီး ဆန့်ကျင်သွားသည်ကိုလည်း တွေ့ရပါ၏။ CRPH ၏ သဘောထားလား၊ ဆာဆာ၏ အလှည့်အပြောင်း ကိုယ်ကျိုးစီးပွားလားဟုလည်း မေးခွန်းဖြစ်လာပါ၏။ ဆာဆာ၏ အကျိုးစီးပွားဟုဆိုလျှင် ဆာဆာနှင့် CRPH မည်သို့ ဆက်၍စခန်းသွားကြမည်နည်း။ မြန်မာပြည်သူများ လက်မခံသော အသုံးအနှုန်းလှုပ်ရှားမှုကို ဆာဆာ လုပ်ခဲ့။**

ကိုဗစ်-၁၉ ကြောင့် အမေရိကန် အပါအဝင် အနောက်အုပ်စုသည် ကိုယ့်နိုင်ငံစီးပွားရေး နာလန်ပြန်ထရန် ကြိုးစားနေရချိန်ဖြစ်သဖြင့် နှစ် ၃၀ ကျော်ကြာ မအောင်မြင်ခဲ့သော မြန်မာ့နိုင်ငံရေး (ဒေါ်အောင်ဆန်းစုကြည်) ကို များစွာစိတ်မဝင်စားတော့ချေ။ ရုရှားနှင့် တရုတ်တို့လည်း အင်အားကြီးနိုင်ငံများ ဖြစ်လာခဲ့ကြပြီး မြန်မာနှင့်အတူ ရှိလာခဲ့သည်။ ၂၀၁၆ - ၂၀၂၁ အစိုးရသက်တမ်းအတွင်း ခြေဦးတည့်ရာ လုပ်တတ်သည့် ဒေါ်အောင်ဆန်းစုကြည်ကို နိုင်ငံတကာက များစွာလက်မခံကြတော့ဘဲ ဆုတံဆိပ်များပင် ပြန်လည်သိမ်းဆည်းနေချိန်ဖြစ်ပြီး နိုဘယ်လ်ဆုကော်မတီကလည်း အမှားတစ်ခုကျူးလွန်မိပါသည်ဟု ဆိုရသောကာလ ဖြစ်နေသည်။

ထို့ကြောင့် CDM မအောင်မြင်နိုင်ပါဟု ရေးခဲ့ခြင်း ဖြစ်သည်။ သို့သော် CDM သည် အတိုင်းအတာတစ်ခုအထိတော့ သက်ရောက်ခဲ့ပါ၏။ နိုင်ငံ၏ ယန္တရားကို အတော်တုံ့နှေးသွားစေပြီး စီးပွားရေးကို အတိုင်းအတာတစ်ခုအထိ ထိခိုက်စေခဲ့ပါသည်။

နစက ကို CDM ဖြင့် ထီထိုးခဲ့ခြင်းဟု ဆိုနိုင်ပါ၏။ ထီပေါက်ကိန်းနည်းပါးလှသော်လည်း အာဏာထိန်းနောက်ပိုင်း အကောင်းဆုံးလှုပ်ရှားမှုတစ်ခုတော့ ဖြစ်ခဲ့ပါသည်။ Social Punishment ဟူသော မျက်နှာဖုံး အတင်းကပ်ခဲ့ကြသေးသည်။ လူမှုရေးပြစ်ဒဏ်ဆိုသည်မှာ ပြစ်ဒဏ်တစ်ခုခု ကျူးလွန်သူကို

Terrorization သည် လူထုကို ချောက်ချားစေလိုခြင်း ဖြစ်သည်။

တပ်မတော်က ဥပဒေဘောင်ထဲမှ တစ်ဆင့်ချင်း ကိုင်တွယ်လာသောအခါ အနီအုပ်စု၏ "အကြမ်းဖက်လုပ်ရပ်" က ပေါ်လွင်သွားစေခဲ့ပါ၏။

**CRPH က ဘာအလုပ် လုပ်ပါသလဲ**

CDM ကျဆင်းလာသောအခါ စိတ်ဓာတ်ကျမသွားစေရန် CRPH က စိတ်ပိုင်းဆိုင်ရာ ထောက်ပံ့ပေးပါ၏။ အဝေးရောက် ယာယီအစိုးရ ဖွဲ့ပြသည်။ သို့တိုင်အောင် သူတို့ကိုယ်တိုင်က ဝရမ်းပြေးဖြစ်နေကြ၏။ ငွေကြေးအလွဲသုံးစားပြုခဲ့သော CDM မှတချို့ ပါဝင်နေကြသည်။ CRPH ထက် များစွာစွမ်းရည်ပိုထက်မြက်ခဲ့ပြီး ကမ္ဘာ့အခင်းအကျင်းကောင်းနှင့် တွေ့ဆုံခဲ့ရသော ဒေါက်တာစိန်ဝင်း၏ NCGUB ပင် နှစ်ပေါင်း ၃၀ ကျော် မအောင်မမြင် ပြည်ဝေးဘဝဖြင့် အချိန်များ ကုန်ဆုံးခဲ့သည်ကို သင်ခန်းစာယူဖို့ကောင်းသည်။ CRPH သည် လော်ရင်းနစ်မည့် လှေ ဖြစ်လာသည်။

ပြည်တွင်းဆန္ဒပြသူများ စိတ်ဓာတ်မကျစေရန် CRPH ဖြင့် ထောက်ကန်ထားခြင်းမျှသာ ဖြစ်၏။ CRPH အခြေအနေ များစွာမကောင်းသည်ကို ရိပ်မိကြရာ CRPH ကို နိုဘယ်လ်ဆု စာရင်းထဲထည့်ပြီး စိတ်ဓာတ် ထပ်ဆင့်မြှင့်တင်ရန် ကြိုးစားကြပြန်၏။ ထူးခြားမလာခဲ့။ ပြည်ပတပ်များကို ခေါ်သွင်းမည်ဟု ဆာဆာက ဆိုထားသည်။ …

မူလ CRPH ရည်ရွယ်ချက်နှင့် ပြောင်ပြောင်ကြီး ဆန့်ကျင်သွားသည်ကိုလည်း တွေ့ရပါ၏။ CRPH ၏ သဘောထားလား၊ ဆာဆာ၏ အလှည့်အပြောင်း ကိုယ်ကျိုးစီးပွားလားဟုလည်း မေးခွန်းဖြစ်လာပါ၏။ ဆာဆာ၏ အကျိုးစီးပွားဟုဆိုလျှင် ဆာဆာနှင့် CRPH မည်သို့ ဆက်၍စခန်းသွားကြမည်နည်း။ မြန်မာပြည်သူများ လက်မခံသော အသုံးအနှုန်းလှုပ်ရှားမှုကို ဆာဆာ လုပ်ခဲ့မိလေပြီ။

ဘာမျှအဆင်သင့် မဖြစ်ခဲ့သော ဆာဆာသည် နိုင်ငံရေးဇာတ်ခုံပေါ်သို့ ရုတ်တရက် အတင်းတွန်းတင်ခံလိုက်ရာကစပြီး CRPH သည် အိပ်မက်နှင့်စခဲ့ပါ၏။ လက်တွေ့မကျသော CRPH သည် မကြာမီ အိပ်မက်နှင့်သာ အဆုံးသတ်သွားသည်ကို ပြုံးပြုံးကြီးနှင့် စောင့်ကြည့်နိုင်ကြပါတော့မည်။ ။

၈-၄-၂၀၂၁ ရက်နေ့ထုတ် Golden Hand ဂျာနယ်တွင် ဖော်ပြခဲ့သည့် ဆောင်းပါးရှင် နေဇင်လတ်၏ "အိမ်မက်နဲ့စခဲ့ပြီး အိမ်မက်နဲ့ အဆုံးသတ်တော့မယ့် CRPH" ဆောင်းပါးကို Golden Hand ဂျာနယ် အယ်ဒီတာအဖွဲ့နှင့် ဆောင်းပါးရှင်တို့၏ ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

(စာတည်း)

# ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုဖြစ်ပွားခြင်းကြောင့် အလုပ်အကိုင်ဆုံးရှုံးသူတစ်သိန်းကျော်ရှိလာ

**တိုကျို မေ ၁၁**

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွားခြင်းကြောင့် အလုပ်အကိုင်ဆုံးရှုံးသူ တစ်သိန်းကျော်ရှိလာခဲ့ကြောင်း ဂျပန်အစိုးရအဖွဲ့၏ စစ်တမ်းတစ်ရပ်အရ သိရသည်။

အဆိုပါစစ်တမ်းတွင် ပြီးခဲ့သောနှစ် ဇန်နဝါရီလမှ ၂၀၂၁ ခုနှစ် မေ ၈ ရက်အထိ အလုပ်အကိုင်ဆုံးရှုံးသူအရေအတွက်ကို စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

အဆိုပါကာလအတွင်း အလုပ်အကိုင်ဆုံးရှုံးသူ ၁၀၀၄၂၅ ဦးရှိပြီး ၎င်းတို့၏ သက်ဆိုင်ရာကုမ္ပဏီများက ၎င်းတို့အား စာချုပ်သက်တမ်းထပ်မံချုပ်ဆိုခြင်း မရှိသည်ကို တွေ့ရှိရကြောင်း အဆိုပါ စစ်တမ်းအရ သိရသည်။

ယင်းအလုပ်အကိုင်ဆုံးရှုံးသူ အရေအတွက်သည် အလုပ်သမားရေးရာအာဏာပိုင်များနှင့် အလုပ်အကိုင်ရှာဖွေရေးစင်တာများ၏ အချက်အလက်အပေါ်အခြေခံကာ စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

နိုဝင်ဘာလမှ ဖေဖော်ဝါရီလအတွင်း အလုပ်အကိုင်ဆုံးရှုံးသူ ၅၀၀၀ မှ ၆၀၀၀ အထိ ရှိခဲ့ပြီး ယခုနှစ် မတ်လအတွင်း ၉၂၀၀ ဦးအထိ မြင့်တက်လာခဲ့ကြောင်း အဆိုပါစစ်တမ်းအရ သိရသည်။

အလုပ်သမားဝန်ကြီးဌာနက အလုပ်အကိုင်ဆုံးရှုံးသူများအား လိုအပ်သည့် ထောက်ပံ့မှုများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိစဉ် စီးပွားရေးလုပ်ငန်းများအနေဖြင့်လည်း ၎င်းတို့၏ ဝန်ထမ်းများကို ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်ကြောင်း အလုပ်သမားဝန်ကြီးဌာန တာဝန်ရှိသူများက စီးပွားရေးလုပ်ငန်းရှင်များအား တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။ **ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း၌ အင်အားပြင်းငလျင်လှုပ်ခတ်၊ ရှစ်ဦးသေဆုံး

**ဂျကာတာ မေ ၁၁**

အင်ဒိုနီးရှားနိုင်ငံ၏ အဓိကကျွန်းမကြီးဖြစ်သည့် ဂျာဗားကျွန်း၌ မေ ၁၀ ရက် မွန်းလွဲပိုင်းတွင် ပြင်းအား မဂ္ဂနီကျု အဆင့်-၆ ရှိ အင်အားပြင်းငလျင်တစ်ခုလှုပ်ခတ်ခဲ့ရာ လူရှစ်ဦးသေဆုံးပြီး ၂၃ ဦးဒဏ်ရာရခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်း၌ဖော်ပြသည်။

မေ ၁၀ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် ယင်းမြေငလျင်လှုပ်ခတ်ခဲ့ကြောင်း၊ အဆိုပါငလျင်သည် ဂျာဗားကျွန်း၏ ကမ်းလွန် ၁၄၈ ကီလိုမီတာအကွာရှိ ဆူရာဘာရာမြို့၏ တောင်ဘက်ရေအောက်အနက် ၈၂ ကီလိုမီတာကို ဗဟိုပြုလှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် ဘူမိတိုင်းတာရေးဌာနက ပြောကြားသည်။ယင်းငလျင်လှုပ်ခတ်မှုကြောင့် ဆူနာမီသတိပေးချက်ထုတ်ပြန်ခဲ့ခြင်းမရှိပေ။

အဆိုပါ ငလျင်ကြောင့် ဂျာဗားကျွန်းပေါ်ရှိ အဆောက်အအုံ ၃၀၀ ကျော်ပျက်စီးခဲ့ကြောင်း အင်ဒိုနီးရှားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေး အေဂျင်စီက ပြောကြားသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-ဇော်ဝင်း**

# အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃ သန်းကျော်ရှိလာ

**အဒစ်အဘာဘာ မေ ၁၁**

အာဖရိကတိုက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၄၃၄၀၈၁၇ ဦး ရှိလာခဲ့ပြီဖြစ်ကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာက ယနေ့သတင်းထုတ်ပြန်ခဲ့သည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၁၅၄၁၈ ဦးရှိလာခဲ့ပြီး ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၈၉၇၉၂၇ ဦးရှိလာခဲ့ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုးပီးယားနှင့် အီဂျစ်နိုင်ငံများသည် အာဖရိက၌ ဗိုင်းရပ်စ်ကူးစက်မှုအများဆုံးနိုင်ငံများ ဖြစ်သည်။

တောင်အာဖရိကနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၅၇၅၂၇ ဦးရှိပြီး အာဖရိက၌ ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက် အများဆုံးနိုင်ငံဖြစ်သည်။

မော်ရိုကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၁၁၆၈၈ ဦး ယနေ့ထပ်မံစစ်ဆေးတွေ့ရှိခဲ့သည့်အတွက် ဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၅၀၀၀၀၀ ကျော်ရှိလာခဲ့ပြီး အာဖရိက၌ တောင်အာဖရိကနိုင်ငံပြီးနောက် ဗိုင်းရပ်စ်ကူးစက်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်သည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီဂျစ်နှင့် အီသီယိုးပီးယားနိုင်ငံငါးနိုင်ငံ၏ ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်သည် အာဖရိကတစ်ဝန်းရှိ ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်၏ ၆၄ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ထို့ပြင် အာဖရိကတစ်ဝန်းရှိ ဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်သည် ကမ္ဘာတစ်ဝန်းဗိုင်းရပ်စ်ကူးစက်မှုအရေအတွက်၏ ၃ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း အာဖရိကရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

**ကိုးကား- ဆင်ဟွာ၊ ဘာသာပြန်- အောင်ကျော်ကျော်**



# တရုတ်နိုင်ငံမှ ဝယ်ယူသည့်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် ဖိလစ်ပိုင်နိုင်ငံ လက်ခံရရှိ

**မနီလာ မေ ၁၁**

ဖိလစ်ပိုင်နိုင်ငံသည် တရုတ်မှ ဝယ်ယူသည့် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ်ကို ယနေ့လက်ခံရရှိကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဖိလစ်ပိုင်နိုင်ငံ၏ ကာကွယ်ဆေးဝယ်ယူရေးဆိုင်ရာ တာဝန်ခံအရာရှိ ကာလီတိုဂါလ်ဗက်ဇ် လက်ခံရယူခဲ့ကြောင်း သိရသည်။




ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသော ဗီဇပြောင်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုထိန်းချုပ်ရန် အရှိန်မြှင့်လုပ်ဆောင်လျက်ရှိသလို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ရရှိရေးအတွက်လည်း အရှိန်မြှင့်ကြိုးပမ်းလုပ်ဆောင်လျက်ရှိသည်။

ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ထိခိုက်သွားသည့် လူနေမှုဘဝကို ပုံမှန်ပြန်ဖြစ်နိုင်ရေးအတွက် ကာကွယ်ဆေးကို ကျန်းမာရေးဝန်ထမ်းများနှင့် သက်ကြီးရွယ်အိုများအား ဦးစားပေးထိုးနှံပေးခြင်းအားဖြင့် စတင်ခဲ့ပြီး ယခုနှစ်အတွင်း ပြည်သူသန်း ၇၀ အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးရန် ရည်ရွယ်ထားသည်။

ဖိလစ်ပိုင်နိုင်ငံသည် ယခုနှစ် ဖေဖော်ဝါရီ ၂၈ ရက်က တရုတ်နိုင်ငံမှ လှူဒါန်းထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအသုတ် လက်ခံရရှိခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ယခုနှစ် မတ် ၁ ရက်တွင် စတင်ဆောင်ရွက်ခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံတွင် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၆၈၁ ဦး ထပ်မံတွေ့ရှိခဲ့ခြင်းကြောင့် လက်ရှိအချိန်အထိ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၈၆၄၈၆၈ ဦး ရှိလာသည်။ ထို့အပြင် ဖိလစ်ပိုင်၌ ကိုဗစ်-၁၉ ရောဂါဖြင့် လွန်ခဲ့သည့် ၂၄ နာရီအတွင်း ၂၀၁ ဦး ထပ်မံသေဆုံးခဲ့ရာ လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၄၉၄၅ ဦးရှိကြောင်း ဖိလစ်ပိုင် ကျန်းမာရေးဌာနမှ ထုတ်ပြန်သည့် နောက်ဆုံးအချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၃၉ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ မေ ၁၁**
မလေးရှားနိုင်ငံ၌ လွန်ခဲ့သော တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၇၃၉ ဦး ထပ်မံစစ်ဆေးတွေ့ရှိခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၃၆၀၈၅၆ ဦးရှိလာခဲ့ပြီဖြစ်ကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့ပြောကြားခဲ့သည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ရှစ်ဦးသည် နိုင်ငံရပ်ခြားမှ ပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ကျန် ၁၇၃၁ ဦးသည် ပြည်တွင်းကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နူဟစ်ဟမ် အဒူလာရ်က ယနေ့သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။

အလားတူ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ရှစ်ဦး ထပ်မံသေဆုံးခဲ့ရာ အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၂၉ ဦး ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

သို့သော် လူနာ ၁၂၁၆ ဦး ရောဂါမှ ပြန်လည်ကျန်းမာလာသည့်အတွက် ဆေးရုံများမှ ပြန်လည်ဆင်းသွားခဲ့ရာ ကျန်းမာရေးအခြေအနေ ပြန်လည်ကောင်းမွန်လာသူပေါင်း ၃၄၃၉၅၃ ဦး (၉၅ ဒသမ ၃ ရာခိုင်နှုန်း) ရှိကြောင်း သိရသည်။

လက်ရှိအချိန်တွင် ကိုဗစ်- ၁၉ ရောဂါ ဝေဒနာခံစားနေရသူ ၁၅၅၇၄ ဦးရှိပြီး ယင်းတို့အနက် ၁၈၃ ဦးသည် အထူးကြပ်မတ်ကုသဆောင်တွင် ဆေးဝါးကုသမှုခံယူနေရပြီး ၈၁ ဦးသည် အသက်ရှူလမ်းကြောင်းဆိုင်ရာအထောက်အကူပြုကိရိယာများ တပ်ဆင်ထားရကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**





# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၃၅၀၀၀၀ ကျော်အထိရှိလာ

**ရီယိုဒီဂျနေးရိုး မေ ၁၁**
ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၆၁၆ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၅၁၃၃၄ ဦးအထိရှိလာခဲ့ကြောင်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၇၁၈၃၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၁၃၄၄၅၀၀၆ ဦးအထိ ရှိလာခဲ့ကြောင်းလည်း ဘရာဇီးကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

ဘရာဇီးနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးပြည်နယ်တစ်ခုဖြစ်သည့် ဆော်ပေါ်လိုပြည်နယ်သည် ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုအများဆုံးဒေသဖြစ်ပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ စုစုပေါင်း ၂၆၃၅၃၇၈ ဦးနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၈၂၄၀၇ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၇ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ပြည်သူ ၂၉ ဒသမ ၅ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးပြီးဖြစ်ကြောင်းလည်း သိရသည်။

တောင်အမေရိကနိုင်ငံတစ်ခုဖြစ်သည့် ဘရာဇီးနိုင်ငံသည် ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် သေဆုံးမှုအများဆုံးနိုင်ငံများစာရင်း၌ အမေရိကန်နိုင်ငံပြီးပါက ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# အိန္ဒိယနိုင်ငံ၌ ကာကွယ်ဆေးထိုးနှံပေးမှု အမြန်ဆုံးစံချိန်တင်

**နယူးဒေလီ မေ ၁၁**
အိန္ဒိယနိုင်ငံ၌ ရက်ပေါင်း ၈၅ ရက်အတွင်း ပြည်သူသန်း ၁၀၀ ကျော်အား ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့သည့်အတွက် ကာကွယ်ဆေးထိုးနှံပေးမှုတွင် အမြန်ဆုံးစံချိန်တင်ခဲ့ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ပြည်သူ သန်း ၁၀၀ ကျော်ကို ရက်ပေါင်း ၈၅ ရက်အတွင်း ထိုးနှံပေးနိုင်ခဲ့ကြောင်းနှင့် အဆိုပါအရေအတွက်ကို အမေရိကန်နိုင်ငံတွင် ၈၉ ရက်နှင့် တရုတ်နိုင်ငံတွင် ၁၀၂ ရက်ဖြင့် ထိုးနှံပေးခဲ့ကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

သို့သော် အိန္ဒိယနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်ခံရသူ ၁၅၀၀၀၀ ကျော် ယနေ့ထပ်မံစစ်ဆေးတွေ့ရှိခဲ့ပြီး ၈၀၀ ကျော် သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိန်းဂဏန်းများအရ သိရသည်။

အိန္ဒိယနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၆ ရက်တွင် စတင်ခဲ့ပြီး ဇူလိုင်လမတိုင်မီ ပြည်သူ သန်း ၂၅၀ အား ကာကွယ်ဆေးထိုးနှံပေးရန် မျှော်မှန်းထားကြောင်း သိရသည်။

အသက် ၄၅ နှစ်အရွယ်နှင့်အထက်ရှိ ပြည်သူအားလုံးသည် ကာကွယ်ဆေးထိုးနှံရေးစင်တာများနှင့် ဆေးရုံများတွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထိုးနှံမှုခံယူလျက်ရှိသည်။ အသက် ၆၀ နှင့် အထက်ပြည်သူများနှင့် ကျန်းမာရေးလုပ်သားများသည် ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်သည်။

**ကိုးကား- ဘီဘီစီ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ဂျပန်နိုင်ငံ၌ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူ ၃၆ သန်းအား မေ ၁၂ ရက်တွင် ကာကွယ်ဆေးစတင်ထိုးနှံပေးမည်

**တိုကျို မေ ၁၁**
ဂျပန်နိုင်ငံ၌ အသက် ၆၅ နှစ်နှင့်အထက် ပြည်သူ ၃၆ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မေ ၁၂ ရက်တွင် စတင်မည်ဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့မှ ပူးပေါင်းထုတ်လုပ်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို နိုင်ငံအတွင်း၌ ဖေဖော်ဝါရီလမှစပြီး ကျန်းမာရေးလုပ်သားများအား ဦးစားပေးထိုးနှံပေးလျက် ရှိသည်။

နိုင်ငံတစ်ဝန်း၌ ကာကွယ်ဆေးထိုးနှံပေးရေးစင်တာ ၁၂၀ ဖွင့်လှစ်ထားရှိကာ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်ကြောင်း ဂျပန်ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လက်ရှိအချိန်အထိ တိုကျိုမြို့ ကာနာဂါဝါနှင့် အိုဆာကာခရိုင်များသို့ ကာကွယ်ဆေးအလုံးရေ ၃၀၀၉၀၀ ခန့် အသီးသီးဖြန့်ဖြူးပေးပြီးဖြစ်သည်။ ကျန်ခရိုင်များသို့ ကာကွယ်ဆေးအလုံးရေ ၁၉၅၀ ခန့် အသီးသီးဖြန့်ဖြူးပေးပြီးဖြစ်ကြောင်း သိရသည်။

ကာကွယ်ဆေးထိုးနှံမှုအစီအစဉ် အဆင်ပြေမည်ဆိုပါက အသက် ၆၅ နှစ်နှင့်အထက်ပြည်သူ ၃၆ သန်းအား ဇွန်လမတိုင်မီ ကာကွယ်ဆေး နှစ်ကြိမ်စလုံး ထိုးနှံပေးပြီးဖြစ်မည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# ရုရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၈၇၀၂ ဦးရှိ

**မော်စကို မေ ၁၁**
ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၇၀၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၄၆၄၁၃၉၀ အထိရှိလာခဲ့ကြောင်း ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက မေ ၁၁ ရက်တွင် ပြောကြားခဲ့သည်။

ထို့ပြင် ရုရှားနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၃၃၇ ဦးရှိခဲ့ခြင်းကြောင့် လက်ရှိတွင် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၀၂၉၈၆ ဦးအထိရှိလာခဲ့ကြောင်း အဆိုပါစင်တာက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာ၏ ပြောကြားချက်အရ လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်သက်သာလာသဖြင့် ဆေးရုံများမှ ဆင်းခွင့်ရရှိသူ ၇၂၃၀ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၄၂၆၅၅၀၉ ဦးအထိ ရှိလာခဲ့ကြောင်းလည်း သိရသည်။

မြို့တော်မော်စကို၌ ရုရှားနိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါကူးစက်မှုအများဆုံးဒေသဖြစ်ပြီး လွန်ခဲ့သည့်တစ်ရက်တာကာလအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၉၀ ရှိခဲ့ခြင်းကြောင့် မြို့တော်တစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၁၀၄၈၃၁၆ ဦးအထိ ရှိလာခဲ့ကြောင်း သိရသည်။

ရုရှားနိုင်ငံသည် နိုင်ငံတစ်ဝန်း၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါပိုးကူးစက်မှုမရှိ၊ မရှိစစ်ဆေးမှုများပြုလုပ်ခဲ့ရာ လက်ရှိတွင် ပြည်သူ ၁၂၃ ဒသမ ၇ သန်းကျော်အား စစ်ဆေးမှုများပြုလုပ်ထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

**ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ**

**ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ**
**၁၃၆၁၄၄၄၅၀ ဦး**

**သေဆုံးသူ**
**၂၉၄၁၃၉၁ ဦး**

**ပြန်လည်ကျန်းမာလာသူ**
**၁၀၉၅၂၆၉၈၂ ဦး**

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့် အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်သူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၁**

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များက စစ်ဆေးရှာဖွေသတင်းဖော်ထုတ် ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၀ ရက်တွင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု လက်ယက်စမ်းကျေးရွာရှိ ဝေအောင်ချမ်းမျိုး (ခ) ဝေယံ၏ နေအိမ်အား ဝင်ရောက်ရှာဖွေစစ်ဆေးရာ ၎င်းအား တွေ့ရှိခြင်းမရှိဘဲ ဖခင်ဖြစ်သူ ဦးတင်မောင်ဝင်း(ဘ) ဦးစံခိုင်နှင့် မနန္ဒာလင်း (ဘ)ဦးကျော်နိုင်ဝင်း (အိမ်အကူ)တို့နှစ်ဦးအား လက်လုပ်ဗုံးမျိုးစုံ ၂၅၉ လုံး၊ အခြားဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ တောင်ငူမြို့ အင်ဒိုင်းကျေးရွာအုပ်စု ရပ်ကွက်(၄) ဖလန်ကုန်းကျေးရွာနေ မင်းကို(ခ)မင်းကိုကိုအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။



မင်းကို(ခ)မင်းကိုကိုအား ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

အလားတူ ယနေ့တွင် မြောင်းမြမြို့နယ် မြရတနာရပ်ကွက် ဘီ(၇) လမ်းရှိ ဦးခင်မောင်သန်း(ဘ) ဦးမောင်ထွန်းအား ၎င်း၏နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့်ပစ္စည်းများဖြင့်လည်းကောင်း၊ မြစ်သားမြို့နယ် ဘူတာရပ်အောင်ဇေယျလမ်း၌ ဆူပူအကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီး ခြောက်ဦးတို့ကို ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများဖြင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အထက်ပါ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် လက်နက်များ၊ ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရန် အမှုဖွင့်ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**




# ကျွန်းစုမြို့နယ်အတွင်း တရားမဝင်သစ်များ သယ်ဆောင်လာသူများအား ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ် မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေးဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ဧပြီ ၁၀ ရက်ညနေ ၆ နာရီ ၁၅ မိနစ်ခန့်တွင် ဝက်ဖြူတောင်ကျွန်း၏ အနောက်မြောက်ဘက် ၁ ဒသမ ၄ မိုင်ခန့်အကွာသို့အရောက်၌ အလျားပေ ၅၀၊ အနံ ၁၂ ပေ၊ ရေစူး ၃ ပေ ၆ လက်မခန့်ရှိ တရားမဝင်သစ်ခိုးလှေတစ်စင်းပေါ်မှ ဦးငွေလှ(ဘ)ဦးသိန်းနိုင်အပါအဝင် အမျိုးသားသုံးဦးအား တောသစ်ခွဲသားဆိုဒ်စုံ ၁၀ တန်ခန့်နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အဆိုပါ ဖမ်းဆီးရမိသူ၊ လှေနှင့်သစ်များအား သက်ဆိုင်ရာသို့



စနစ်တကျလွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# နောင်ချိုနှင့် လားရှိုးမြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဧပြီ ၁၁**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၀ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွား ကားလမ်းတွင် မစန္ဒာဝင်းမောင်းနှင်လာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၀၀၀၀ ကိုလည်းကောင်း။

ထို့အတူ ယင်းနေ့ နံနက် ၁၀ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် မန်ဆူကားဝင်းရှိ စုပေါင်းလားရှိုးကားလေးဂိတ်တွင် မန္တလေးမြို့သို့ ပို့ဆောင်မည့် လူမဲ့တန်ဆာပန်းသီးခြင်းများအတွင်း မူးယစ်ဆေးဝါးများပါရှိနေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရှာဖွေရာ ပန်းသီးထည့်ထားသည့် ကော်ခြင်းလေးခြင်းအတွင်းမှ ဘိန်းစိမ်း ၁၁ ဒသမ ၈ ကီလို၊ ငွေကျပ် ၁၀၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**




မစန္ဒာဝင်းအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တူမီးသေနတ်၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် ဧပြီ ၁၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်၊ ကရင်ပြည်နယ် ဘားအံမြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး မြေတ္တာမြို့နယ်၊ ရေဖြူမြို့နယ်၊



လောင်းလုံးမြို့နယ်၊ သရက်ချောင်းမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၊ ဖျာပုံမြို့နှင့် ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ်များအတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ ဧပြီ ၁၀ ရက်နှင့် ယနေ့တို့တွင် တိုင်းစစ်ဌာနချုပ်ရှိ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ ပွိုင့်-၂၂ သေနတ်တစ်လက်၊ တူမီးသေနတ် ၅၈ လက်၊ လေသေနတ်နှစ်လက်၊ လက်လုပ်သေနတ် ၁၇ လက်နှင့် ဒူးလေးတစ်လက်တို့ကို ၎င်းတို့ သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနှစ်ကူး သင်္ကြန်နှစ်ဦးလတန်ခူး

**ရွှေတိုင်လွင်**



မြန်မာ့တစ်ဆယ့်နှစ်လရာသီတွင် တန်ခူးလသည် မြန်မာနှစ်၏ပထမဦးဆုံးလဖြစ်ပြီး မိဿရာသီခွင်သို့ သက်ဆင်းကာ မြန်မာလူမျိုးတို့ အလွန်ခုံမင်နှစ်သက်သော လတစ်ပါးဖြစ်သည့်အလျောက် ရာသီပန်းအဖြစ် ကံ့ကော်ပန်းတို့ ရွှင်လန်းစွာ ပွင့်လန်းမွှေးထုံလျက်ရှိပါလေသည်။

တန်ခူးလသည် ရှေးရှေးက အထက်အညာအရပ်တွင် ပေါ်ရာဇာအရ ထန်းခူးသည်ကိုအကြောင်းပြု၍ ထန်းခူးလမှ တန်ခူးလဟူ၍ ခေါ်ဝေါ်လာရာ ယနေ့တိုင် တန်ခူးလဟု ပြောင်းရွှေ့လာသည်ကို လေ့လာတွေ့ရှိရပါသည်။ မိဿရာသီ စက်ဝန်းတွင် ကျရောက်ပြီး စွယ်တော်ပန်း၊ ရင်ခတ်ပန်းတို့ကလည်း ရာသီပန်းကို အားဖြည့်ဝေဆာနေသောလဖြစ်ပြီး ဤလဝယ် အတာသင်္ကြန်ရေများ ပက်ဖျန်းပျော်မြူးကြသောကာလ ဖြစ်ပေသည်။ သင်္ကြန်နှင့် ပိတောက်ရွှေဝါပန်း၊ ငုပန်းတို့ကလည်း အလွန်မှလိုက်ဖက်နေပါပေတော့သည်။

**ကောင်းမြတ်သော**

**ကုသိုလ်ဘာဝနာများကို ပွားများရာလ**

ရာသီပန်းမိတ်ဖက်ပန်းများနှင့် တင့်တယ်ပေသော လတန်ခူးတွင် သင်္ကြန်နှစ်ဦးမင်္ဂလာ မြန်မာနှစ်သစ်ကူးနှင့် အတာရေသဘင်ပွဲများကို ရှေးရှေးသောမြန်မာလူမျိုးများလက်ထက် ပုဂံခေတ်ကာလကတည်းက ရွှင်ရွှင်မြူးမြူး ကြည်နူးဖွယ်ရာ ကျင်းပခဲ့သည်မှာ ယနေ့တိုင်ဖြစ်ပါပေသည်။ မြန်မာတို့၏ မင်္ဂလာ (၁၂) ပါးတွင် သင်္ကြန္တမင်္ဂလာလည်း တစ်ပါးအပါအဝင် ဖြစ်ပေသည်။ မိဿတန်ခူးလသည် ကျီးတာရာတောက်စားပြီး ကြတ္တိကာ၊ ဘရဏီ၊ အဿဝဏီနက္ခတ်တို့နှင့် စန်းယှဉ်ကာ အလွန်မှပင် တင့်တယ်ပနံရလှပါပေသည်။ ကောင်းမြတ်သော ကုသိုလ်ဘာဝနာများကို ပွားများရာလဟုဆိုလျှင်လည်း မှန်ပါပေသည်။

ဤသင်္ကြန်ကာလတွင် မြန်မာအမျိုးသားအမျိုးသမီးတို့ကလည်း အတာရေသဘင်ပွဲကို ဆင်နွှဲပြီး ဗုဒ္ဓဘာသာအစဉ်အလာ ဘာသာရေးပွဲများ၊ သက်ကြီးပူဇော်ပွဲ၊ ဘုရားအမှူးပြု၍ ဘာဝနာပွားများကာ သီလဆောက်တည် ကုသိုလ်ပွားများကြလျက် ကြည်နူးစွာ ကျင်းပဆောင်ရွက်လျက်ရှိပါသည်။

**နှစ်သစ်မှာဘေးကင်းစေရန်**

အတာရေဆိုသည်မှာ မြန်မာနှစ်သစ်မင်္ဂလာအခါတွင် နှစ်ဟောင်းက ကြေးညှော်များကို သန့်ရှင်းစင်ကြယ်၍ ဆေးကြောခြင်းအမှုကို ပြုသည်ဟု မြန်မာမှု ဗုဒ္ဓဘာသာတရားတော်နှင့်အညီ အစဉ်အလာရှိသည့်အတိုင်း ကျင်းပပူဇော်ကြသောလဖြစ်ပေသည်။ ထိုလတွင် သက်ကြီးဘိုးဘွားတို့အား ခေါင်းလျှော်ခြင်း၊ ခြေသည်း၊ လက်သည်းညှပ်ခြင်း၊ သက်ကြီးပူဇော်ပွဲများကို မြန်မာနိုင်ငံအနှံ့ကျင်းပကြသလို နှစ်သစ်မှာဘေးကင်းစေရန်ဟူ၍ ကျွဲ၊ နွား၊ ငှက်စသည့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း၊ ရေနည်းသော၊ ရေခန်းနေသော ရေအိုင်မှ ငါး၊ ပုစွန်များကို ရေများရာသို့ပြောင်းရွှေ့လွှတ်ပေးခြင်း အမှုတို့ကို ပြုကြကာ အတာသင်္ကြန်နှင့်အတူ မုန့်လုံးရေပေါ်များ ကျွေးမွေးခြင်း၊ လှူဒါန်းခြင်း စတုဒိသာကျွေးခြင်းများကိုလည်း ကျယ်ပြန့်စွာ လုပ်ဆောင်ကြခြင်းသည် မြန်မာလူမျိုးဖြစ်ရခြင်းအပေါ် အလွန်မှ နှစ်ထောင်းအားရဖြစ်ရပါလေသည်။

ဤတန်ခူးလကို စာဆိုရှင်မယ်ခွေ၏ ဆယ့်နှစ်လရာသီဖွဲ့ အဲချင်းများစွာအနက် မိဿရာသီတန်ခူးလဘွဲ့ အဲချင်းထဲမှ ကောက်နုတ်တင်ပြရပါလျှင် "ကံ့ကော်ဝတ်မှုန်သင်းထုံထုံနှင့် ရဂုံမြိုင်ပြား တောတစ်လွှားလည်း ငှက်ခါးတောင်လို ပူအောင်မဲ့ကိုး မိုးကြီးတစ်ဖွဲ့ လေတစ်လှည့်နှင့် တစ်ဆယ့်ခြောက်တိုင်း မပြတ်ကယ်ဆိုင်းလို့ မှိုင်းမှိုင်းငယ်ညိုသည် မဖိုသီတာဆိပ်ကယ်က ချစ်ရိပ်ညိုနွဲ့"ဟူ၍ ဖွဲ့ဆိုထားခြင်းမှာ အလွန်ပင် တမ်းတနှစ်သက်စရာပါပေ။ လတန်ခူးတွင် အတာရေပွဲကို ဆင်မြန်းကြသလို မိုးကာလကို ဖိတ်ခေါ်သောလတစ်လလည်း ဖြစ်ပေသည်။ တောတောင်အနှံ့အပြား ရာသီပန်းဖြစ်သော ကံ့ကော်ပန်းရနံ့တို့မှာ သင်းထုံလျက် လွင့်ပျံ့နေပြီး မိုးရိပ်မိုးသားတို့ကလည်း မယ့်ရင်ကိုထိပ်အောင်လုပ်သည့်နှယ် အနောက်တောင်တစ်ခိုမှာ ငှက်ခါးရောင်မည်းရိပ်ခြည်သန်းပြီး တစ်ခါတစ်ရံ လေအပင့်နှင့် အတူ မိုးကြီးများပင် ရွာချတတ်သောကြောင့် တိုင်းကြီး ၁၆ တိုင်းပင် မှိုင်းညို့အုပ်ဆိုင်းနေပါပေသည်။ ထိုအချိန်ဝယ် ရေသီတာမြစ်ကမ်းထိပ်မှာ ချစ်သူမောင်နှံတို့သည် လွမ်းစိတ်များအလိုလိုပိုလာရပုံကို စာဆိုရှင်မယ်ခွေ၏ မိဿရာသီ အဲချင်းကဖွဲ့နွဲ့ထားသည်မှာ စာရေးသူပင် လွမ်းသယောင်ယောင်ခံစားမိပြီး အလွမ်းဓာတ်ခံရှိသူတို့မှာ ဖြေမဆည်နိုင်အောင် လွမ်းဆွတ်တမ်းတကြပုံကို လေ့လာတွေ့ရှိရပါသည်။

**ရသများစွာ ခံစားရသောလ**

ထို့အတူပင် အမရပူရ ကုန်းဘောင်ခေတ်စာဆိုရှင် လူဦးမင်းကလည်း ၁၂ လရာသီဘွဲ့ လေးချိုးကြီးများ ရေးသားထားခဲ့ရာ မိဿရာသီ တန်ခူးလဘွဲ့လေးချိုးကြီးထဲမှ ကောက်နုတ်တင်ပြရပါလျှင် "အတာကြောင့် စိတ်ပုံမှာ ဖော်မစုံ တစ်ကိုယ်တမ်းသူတို့ လွမ်းလိမ့်မရှင်၊ မြိုင်တစ်သီဝယ် ကြိုင်သီသွင်း၍ ညင်းလေဝေ့နှင့် ကျေးသနစ်ပုံ ပုရစ်စုံလို့ ကိုက်ငုံမာလာ၊ ထိုချပ်လွှာဝယ်၊ ဂီဝါနှိုင်းလျှော်ပန်းကံ့ကော်နှင့် စွယ်တော်ရင်ခတ် ရာသီပိုင်မြတ်မတဲ့" ဟူ၍ ရေးဖွဲ့ထားသည့်အထဲမှ ထုတ်နုတ်တင်ပြရပါလျှင် ဤလရာသီတွင် အတာရေသဘင်ပွဲကို ကျင်းပမြဲဖြစ်သလို မိုးကိုဖိတ်ခေါ်သော လေတို့ကလည်း တိုက်ခတ်လာသောကြောင့် စုံမြိုင်တောဝယ် ပွင့်လန်းနေသော ကံ့ကော်ပန်းရနံ့တို့ကား မွှေးကြူကြိုင်လှိုင်နေပေသည်။ ကံ့ကော်ပွင့်လွှာချပ်တို့ကလည်း အပင်တိုင်းမှာ အစီအရီ ပုရစ်ဖူးစီနေပေ၏။ ကျေးတာရာကွန့်မြူးသော ဤလဝယ် ကံ့ကော်ပန်းနှင့်အပြိုင် စွယ်တော်၊ ရင်ခတ်ပန်းတို့ကလည်း အစီအရီ ပွင့်ဝေဆာနေခြင်းကြောင့် ဖော်မစုံ တစ်ကိုယ်တည်းနေသူတို့မှာ လွမ်းစိတ်တို့ ဖြေမဆည်နိုင်သည့်နှယ် အလွန်ပင်ထူးမြတ်သော၊ အတာရေသဘင်ခံသော လတစ်လဖြစ်ပါပေသည်ဟူ၍ ကြည်နူးနှစ်သက်လွမ်းဆွတ်တမ်းတခြင်းတည်းဟူသော ရသများစွာ ခံစားရသော လပင်ဖြစ်ပါပေ၏။

**မြန်မာ့နှစ်သစ်ကူး**

ထို့ကြောင့် မိဿရာသီ တန်ခူးလသည် မြန်မာ့ယဉ်ကျေးမှုကို ဖော်ဆောင်သော သင်္ကြန္တနှစ်ဦးမင်္ဂလာအခါဖြစ်သည်နှင့်အညီ မြန်မာ့နှစ်သစ်ကူး ဗုဒ္ဓဘာသာအစဉ်အလာနှစ်ဦးမင်္ဂလာကို ဘာသာ၊ ယဉ်ကျေးမှု ဓလေ့ထုံးထမ်းစဉ်လာ မပျက် ပျူငှာယဉ်ကျေးစွာ အမျိုးသားရေးကို ဖော်ဆောင်သောလလည်း ဖြစ်ပေသည်။ သို့ဖြစ်ရာ မြန်မာတစ်မျိုးသားလုံးက မြန်မာ့ယဉ်ကျေးမှု မူဟန်မပျက်ရလေအောင် သင်္ကြန္တနှစ်ဦးမင်္ဂလာအခါကို အနှစ်သာရရှိရှိ၊ မြန်မာ့မူဟန်ပီပြင်စွာဖြင့် ပျော်ရွှင်မြူးထူး အတာနှစ်ကူးကို စဉ်လာမယွင်းပြုဆောင် ကျင်းပနိုင်ကြပါစေဟု ဘာသာ၊သာသနာ ဦးခိုက်စွာဖြင့် ရေးသားတင်ပြလိုက်ရပါသည်။ ။

**အတာရေဆိုသည်မှာ မြန်မာနှစ်သစ်မင်္ဂလာအခါတွင် နှစ်ဟောင်းက ကြေးညှော်များကို သန့်ရှင်းစင်ကြယ်၍ ဆေးကြောခြင်းအမှုကို ပြုသည်ဟု မြန်မာမှု ဗုဒ္ဓဘာသာတရားတော်နှင့်အညီ အစဉ်အလာရှိသည့်အတိုင်း ကျင်းပပူဇော်ကြသောလဖြစ်ပေသည်။ ထိုလတွင် သက်ကြီးဘိုးဘွားတို့အား ခေါင်းလျှော်ခြင်း၊ခြေသည်း၊ လက်သည်းညှပ်ခြင်း၊ သက်ကြီးပူဇော်ပွဲများကို မြန်မာနိုင်ငံအနှံ့ ကျင်းပကြသလို နှစ်သစ်မှာဘေးကင်းစေရန်ဟူ၍ ကျွဲ၊ နွား၊ ငှက်စသည့် တိရစ္ဆာန်များ ဘေးမဲ့လွှတ်ခြင်း၊ ရေနည်းသော၊ ရေခန်းနေသော ရေအိုင်မှ ငါး၊ ပုစွန်များကို ရေများရာသို့ ပြောင်းရွှေ့လွှတ်ပေးခြင်းအမှုတို့ကို ပြုကြကာ အတာသင်္ကြန်နှင့်အတူ မုန့်လုံးရေပေါ်များကျွေးမွေးခြင်း၊ လှူဒါန်းခြင်း၊ စတုဒိသာ ကျွေးခြင်းများကိုလည်း ကျယ်ပြန့်စွာ လုပ်ဆောင်ကြခြင်းသည် မြန်မာလူမျိုးဖြစ်ရခြင်း အပေါ် အလွန်မှနှစ်ထောင်းအားရဖြစ်ရ။**

### အတာသင်္ကြန်

❖ မိဿတန်ခူး ... နွေအကူးဝယ်<br>
ပွင့်ဖူးဝေဆာ ... ပိတောက်ညှာနှင့်<br>
စဉ်လာပွင့်လန်း ... ရာသီပန်းကား<br>
ပွင့်ညားဂန့်ဂေါ် ... အတာဖော်တည့်။

❖ မြူးပျော်ရေသဘင် ... နှစ်ဦးလျှင်ပင်<br>
ရွှင်မြူးတက်ကြွ ... ယိမ်းအကနှင့်<br>
မြန်မာ့ယဉ်ကျေး ... မူဟန်ပေး၍<br>
အလေးထားကာ ... ကျင်းပပါသည်။<br>
အတာသင်္ကြန် ... နှစ်ဦးမှန်းတည့်။

❖ နွေအရောက်မှာ ... ပိတောက်ဝါတို့<br>
ရောက်လာအမြဲ ... ပွင့်ကာကြဲ၍<br>
စဉ်နွှဲဝေဆာ ... ရေအတာနှင့်<br>
မြန်မာမူဟန် ... ခါသင်္ကြန်ကို<br>
မူဟန်ယဉ်ကျေး ... ပျိုမေလေးတို့<br>
မနေ့ရွှင်ပျော် ... ကျင်းပပျော်သည်<br>
ပွဲတော်သာမြဲ... အတာပွဲတည်း။ ......

(ရွှေတိုင်လွင်)

# ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွေထဲကလို အချုပ်ခန်းတို့၊ ထောင်တို့ဆိုတာက သံတိုင်လေးနောက်မှာနေလိုက်ရုံနဲ့လည်း မပြီးဘူးဆိုတာ ကိုယ်တွေ့မို့ တရားလက်လွတ်ဥပဒေမဲ့အလုပ်တွေကို ဆက်မလုပ်ကြဘဲ ရပ်သင့်ကြပါပြီလို့ ပြောချင်ပါတယ်

**ဦးမောင်တင့်**

ဖေဖော်ဝါရီလမှစတင်ခဲ့သည့် CDM လှုပ်ရှားမှုများနှင့် ဆူပူဆန္ဒပြမှုများကို အချိန်ကာလအမျိုးမျိုး သတ်မှတ်ကာ ပုံသဏ္ဍာန်အမျိုးမျိုးဖြင့် ပြုလုပ်ခဲ့သည်မှာ ယခုဆိုလျှင် နှစ်လကျော်အချိန်သို့ ရောက်ရှိလာပြီဖြစ်ရာ ယင်းလှုပ်ရှားမှုများအပေါ် ပြည်သူများ၊ နိုင်ငံ့ဝန်ထမ်းများ၏ အမြင်များ၊ ခံစားချက်များကို ယခုလို ဖွင့်ဟပြောကြားသွားခဲ့ပါသည်။

**ရွှေ့ပြောင်းနေထိုင်လုပ်ကိုင်စားသောက်နေသူ တစ်ဦးဖြစ်သည့် ဒေါ်ဆွေဆွေအေး**

"ကျွန်မကတော့ မြောက်ဥက္ကလာပဈေးထဲမှာ ဈေးရောင်းပါတယ်။ နယ်ကနေ မိသားစုလိုက် ရန်ကုန်ကိုလာပြီး အလုပ်လုပ်ကြတာပါ။ ဈေးရောင်းတဲ့သူရောင်း၊ စတိုးဆိုင်မှာလုပ်သူကလုပ်၊ တခြားအချိန်ပိုင်းအလုပ်တွေလုပ်တဲ့သူကလုပ်နဲ့ နေလာတာ ၁၅ နှစ်လောက်ရှိပြီ။ အရင်ကတော့ စီးပွားရေးအဆင်ပြေတော့ နယ်မှာ အလှူတွေပြန်လုပ်နိုင်ခဲ့တယ်။ အခုကျတော့ နိုင်ငံရေးအပြောင်းအလဲဖြစ်တာကို မကျေနပ်ဘူးဆိုပြီး အစောပိုင်းတစ်လလောက် ကညတိုင်း ၈ နာရီလောက်ဆို သံပုံးတွေတီးခိုင်းတယ်။ ကျွန်မတို့လည်း ဘုမသိဘမသိ သူများတွေတီးတော့ လိုက်တီးကြတာပေါ့။ ကြာလာတော့ ပတ်ဝန်းကျင်ကိုလည်း အားနာတယ်၊ သူတို့ပြောသလိုလည်း ဘာမှ ထူးမလာတော့ အခုနောက်ပိုင်းတော့ မတီးဖြစ်တော့ပါဘူး။ ရပ်ကွက်ထဲမှာ သံပုံးမတီးတဲ့သူတွေကို ပြဿနာရှာတာတွေ ဘာတွေဖြစ်လာတယ်။ ဈေးတွေလည်း ဟိုနေ့ပိတ် ဒီနေ့ပိတ်ဆိုပြီး လိုက်ပိတ်ခိုင်းနေတော့ ဆိုင်တွေကလည်း မဖွင့်ရဲကြတော့ဘူး။ ကျွန်မတို့မိသားစုလည်း အလုပ်တွေ အရင်လိုအဆင်မပြေဖြစ်လာတယ်။ အခုနောက်ပိုင်းကျ လမ်းတွေ ပိတ်တာရော တခြားအကြမ်းဖက်တာတွေပါ လုပ်လာကြတော့ ရန်ကုန်မှာဆက်မနေရဲတော့လို့ ကိုယ့်နယ်ကို ပြန်ခဲ့ကြတယ်။ ရွာမှာကလည်း မနေတာကြာတော့ မိရိုးဖလာအလုပ်တွေကလည်း မလုပ်နိုင်တော့ဘူး။ မွေးချင်းတွေရှိတော့ သူတို့လည်း တတ်နိုင်သလောက် ကူညီကြပါတယ်။ ဒါပေမယ့် မိသားစုကများတော့ ရေရှည်အတွက်တော့ အဆင်မပြေလောက်ဘူး။

အခုလောလောဆယ်တော့ ရှိတာလေးတွေ ထုခွဲရောင်းချပြီး နေလို့ရနေသေးပေမယ့် အချိန်အတိုင်းအတာတစ်ခုလောက်အထိပဲ အဆင်ပြေမှာလေ။ နယ်မှာအပြီးပြန်နေဖို့ကျတော့လည်း ဟိုမှာက စီးပွားရေး လုပ်ငန်းကိုင်ငန်းကလည်း အဆင်ပြေ၊ ကလေးတွေ ပညာရေးကအစ ဒီမှာထက် ဟိုမှာက ပိုအဆင်ပြေတော့ အခြေအနေအေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ဖြစ်ရင်တော့ ရန်ကုန်မှာပဲ ပြန်ပြီး လုပ်ကိုင်စားသောက်နေထိုင်ချင်ပါတယ်။ အခြေအနေတွေ တည်ငြိမ်အောင်၊ အေးချမ်းအောင် သက်ဆိုင်ရာတွေက အမြန်ဆုံး ဖြေရှင်းဆောင်ရွက်ပေးကြပါလို့လည်း တောင်းဆိုချင်ပါတယ်"ဟု ရန်ကုန်တွင် မိသားစုလိုက် ရွှေ့ပြောင်းနေထိုင် လုပ်ကိုင်စားသောက်နေသူ ဒေါ်ဆွေဆွေအေးက သူ့အခက်အခဲများကို ပြောပြခဲ့ပါတယ်။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သည့် ကိုကျော်ထွန်းဦး**

"ကျွန်တော်ကတော့ မြို့နယ်စီမံကိန်းဦးစီးဌာနမှာ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်ပါတယ်။ ဖေဖော်ဝါရီလဆန်းက နိုင်ငံရေးအခြေအနေ အပြောင်းအလဲဖြစ်တော့ ကျွန်တော်တို့ ဝန်ထမ်းတွေကို CDM လုပ်ဖို့ စည်းရုံးလှုံ့ဆော်ခြင်းခံခဲ့ရပါတယ်။ အစကတော့ ၈ ရက်နေ့တစ်ရက်တည်း CDM လုပ်ရင်ကို အစိုးရယန္တရားတွေရပ်သွားမယ်ဆိုလို့ ကျွန်တော်လည်း နားမလည်ပါးမလည်နဲ့ CDM လုပ်ဖြစ်ခဲ့ပါတယ်။ သွေးထိုးစကားတွေအမျိုးမျိုး ပြောကာ စည်းရုံးလှုံ့ဆော်မှုတွေလုပ်နေပြီး တကယ့်လက်တွေ့မှာတော့ မသေချာမရေရာတဲ့ သတင်းစကားတွေဖြန့်ဝေကာ လေထဲမှာတိုက်အိမ်ဆောက်နေကြတာတွေကြောင့် ကျွန်တော်လည်း အလုပ်ပြန်ဆင်းခဲ့ပါတယ်။ အဲဒီ CDM လုပ်တဲ့တစ်ပတ်အတွင်းမှာလည်း သူများတွေ ရုံးတက်တာတွေတွေ့ရင် ကျွန်တော့်မှာ ကိုယ့်လိပ်ပြာကိုယ်မလုံဘဲ အားငယ်သလိုလို၊ ကြောက်သလိုလို၊ ပတ်ဝန်းကျင်ကပဲ ကိုယ့်ကိုစောင့်ကြည့်နေသလိုလို ခံစားချက်တွေ ခံစားခဲ့ရတယ်။

တကယ်တော့ အားလုံးက ဘာမှပြောင်းလဲသွားတာမဟုတ်ဘဲ ကိုယ်စိတ်ကြောင့်သာဒီလိုတွေ ဖြစ်တယ်ဆိုတာကို ကျွန်တော် ရုံးပြန်တက်တဲ့နေ့မှာပဲ သိခဲ့ရပါတယ်။ သူငယ်ချင်းတွေအားလုံးကလည်း နွေးနွေးထွေးထွေး ကြိုဆိုကြတယ်။ အားလုံးကလည်း ပျော်ပျော်ရွှင်ရွှင် ချစ်ချစ်ခင်ခင်နဲ့ အလုပ်တွေကို ပုံမှန်အတိုင်း လုပ်နေကြတာတွေ့ရတော့ ကျွန်တော် ရုံးမတက်ဘဲ ရုံးပျက်ခဲ့ရတဲ့နေ့တွေအတွက် သူငယ်ချင်းလုပ်ဖော်ကိုင်ဖက်တွေကို အားနာစိတ်ဖြစ်မိတယ်ဗျာ။ နောက်ပိုင်းမှာလည်း နှစ်ငါးလုံးသပိတ်၊ သနပ်ခါးသပိတ်၊ ဝိညာဉ်သပိတ်၊ ပိတောက်ပန်းသပိတ်ဆိုတာတွေနဲ့ အမျိုးစုံကြိုးခုန်နေကြတာတွေတွေ့ရတော့ ကျွန်တော် တော်တော်စိတ်ပျက်သွားမိတယ်ဗျာ။ ကျွန်တော်တို့လို နိုင်ငံ့ဝန်ထမ်းတွေကို ခုတုံးလုပ်ရက်လေခြင်းလို့လည်း စိတ်မကောင်းဖြစ်မိတယ်။ ကျွန်တော်ပြောချင်တာကတော့ နောင်ကိုယ့်ဝန်ထမ်းဘဝတစ်လျှောက်လုံး ကိုယ့်တာဝန်ကို ကျေကျေပွန်ပွန်ထမ်းဆောင်ရင်း ကိုယ့်နိုင်ငံ တိုးတက်သာယာရေးအတွက် စွမ်းစွမ်းတမံထမ်းရွက်သွားပါတော့မယ်ဗျာ"ဟု နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ကိုကျော်ထွန်းဦးက သူ့အတွေ့အကြုံခံစားချက်တွေကို ရင်ဖွင့်ပြောပြခဲ့ပါတယ်။

**ပြည်သူတစ်ဦးဖြစ်သည့် ဦးမောင်တင့်**

"ကျွန်တော်ကတော့ ရွာမှာ တောင်သူလည်း လုပ်တယ်၊ မွေးမြူရေးလည်းလုပ်တယ်။ သီးနှံပေါ်ချိန်တွေမှာဆို ပွဲစားလည်းတွဲလုပ်ပါတယ်။ အသွားမတော်တစ်လှမ်း၊ အစားမတော်တစ်လုတ်ဆိုတဲ့အတိုင်း ပွဲစားအလုပ်ကောင်းလို့ အချုပ်ထဲလည်း ရောက်ဖူးခဲ့တယ်။ ကျွန်တော်ပြောချင်တာကတော့ အခုလုပ်နေတဲ့ CDM တို့၊ ဆန္ဒပြပွဲတို့က စခဲ့တဲ့ ဆူပူအကြမ်းဖက်မှုတွေအကြောင်းပါ။ မြို့တွေပေါ်မှာလည်း ဆန္ဒပြဆူပူကြတယ်၊ အကြမ်းဖက်ကြတယ်၊ ငါနဲ့မတူငါ့ရန်သူလို သတ်မှတ်ပြီး လူမှုရေးအရရော၊ စီးပွားရေးအရပါ အဘက်ဘက်ကနေ အနိုင်ကျင့်ကြတယ်။ ပြောတော့ အစိုးရကိုမကြိုက်လို့၊ အာဏာရှင်ကို မလိုလားလို့နဲ့ အခုသူတို့လုပ်လို့ ဒုက္ခရောက်ပြီး သေကွဲ၊ ရှင်ကွဲကွဲနေကြရတာကတော့ ပြည်သူတွေပဲဆိုတာကို သိစေချင်တာပါ။ နောက်ပြီးတော့ နောင်အနာဂတ်ကောင်းဖို့အတွက် တိုက်ပွဲဝင်တယ်လည်းဆိုသေး အများပိုင်လမ်း၊ တံတားတွေ၊ စာသင်ကျောင်းတွေ၊ ရုံးတွေ၊ အဆောက်အအုံတွေနဲ့ ပြည်သူ့အသက်အိုးအိမ် စည်းစိမ်ကို ဖျက်ဆီးတဲ့အလုပ်တွေ လုပ်တာကတော့ အနာဂတ်မပြောနဲ့ အခုလက်တွေ့တောင် ကောင်းကျိုးမပြုဘူးဆိုတာကို ကျွန်တော့်လို သာမန်ပြည်သူတစ်ဦးအနေနဲ့တောင် တွေ့မြင်ခံစားနားလည်နိုင်ပါတယ်ဗျာ။

နိုင်ငံရေးဆိုတာကို သိပ်နားမလည်ပေမယ့် သူတို့လုပ်ရပ်တွေက ရည်ရွယ်ချက်နဲ့ပြောင်းပြန် အပြောနဲ့အလုပ် ပြဒါးတစ်လမ်း သံတစ်လမ်းဖြစ်နေတယ်ဆိုတာကိုတော့ ကျွန်တော်သိတယ်။ သွေးထိုးလှုံ့ဆော်သူတွေက နောက်ကွယ်ကနေ လုပ်ကြံဇာတ်အမျိုးမျိုးနဲ့ လှည့်စားစေခိုင်းသမျှကို အခုလို မင်းမဲ့စရိုက်ဆန်ဆန်လုပ်ရပ်တွေနဲ့ ဆက်လုပ်နေကြမယ်ဆိုရင်တော့ တရားဥပဒေဆိုတာ မသိလို့ဆိုပြီး ကျူးလွန်လို့မရသလို ပြစ်မှုတစ်ခုခုကို ကျူးလွန်မိရင် တရားဥပဒေအရ အရေးယူတာကို ခံရနိုင်တယ်ဆိုတာကိုလည်း သိစေချင်တာပါ။ နောက်တစ်ခုက ရုပ်ရှင်တွေ၊ ဇာတ်လမ်းတွေထဲကလို အချုပ်ခန်းတို့၊ ထောင်တို့ဆိုတာက သံတိုင်လေးနောက်မှာနေလိုက်ရုံနဲ့လည်း မပြီးဘူးဆိုတာ ကိုယ်တွေ့မို့ တရားလက်လွတ် ဥပဒေမဲ့အလုပ်တွေကို ဆက်မလုပ်ကြဘဲ ရပ်သင့်ကြပါပြီလို့ ပြောချင်ပါတယ်"ဟု ပြည်သူတစ်ဦးဖြစ်သူ ဦးမောင်တင့်က ယနေ့ဖြစ်ပေါ်နေသော ဆူပူအကြမ်းဖက်မှုတွေနဲ့ပတ်သက်ပြီး သူ့ခံယူချက်များကို ပြောပြခဲ့ပါတယ်။

**တွေ့ဆုံမေးမြန်း-မေချိုးဖြူ**

## မေ ၁၁ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၁၁ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၁၁-၅-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၁၀-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၁-၅-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၈၄) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၁၁) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၅၄,၂၆၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၅၈၇) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၈၅၆) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**အယ်ဒီတာ့ထံ ပေးစာကဏ္ဍသို့ ပေးစာများ ပေးပို့နိုင်**

ကြေးမုံသတင်းစာ ဖတ်ရှုသူပြည်သူများအနေဖြင့် မိမိတို့ပတ်ဝန်းကျင်၌ ဖြစ်ပျက်နေသော အကြောင်းအရာများကို သတင်းစာဖတ်ပြည်သူများနှင့် သက်ဆိုင်ရာ အဖွဲ့အစည်းများ သိရှိစေရန် အပြုသဘောဖြင့် ရေးသားထားသော ပေးစာများကို ကြေးမုံသတင်းစာ အယ်ဒီတာ့ထံပေးစာကဏ္ဍသို့ လိပ်မူ၍ ပေးပို့နိုင်ပါသည်။

ယင်းကဲ့သို့ ပေးစာများပေးပို့ရာတွင် အမည်၊ ဆက်သွယ်ရမည့် လိပ်စာနှင့် ဖုန်းနံပါတ်တို့ကို ထည့်သွင်းရေးသားရမည်ဖြစ်ပြီး ပေးပို့သည့် ပေးစာအတွက် တာဝန်ယူသည်ဟု ပါရှိရမည်ဖြစ်ပါကြောင်း သတင်းစာဖတ် ပြည်သူများအား အသိပေးဖိတ်ခေါ်လိုက်ပါသည်။

**စာတည်းအဖွဲ့**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ ဧပြီလ ၁၁ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်နှင့် မလှိုင်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်–

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၊ မဲရုံ ၃၇၉ ရုံ | ၂၃၇၃၀၃ | ၁၈၁၇၁၁ | ၁၀၂၃၀ | ၂၁၃၅ | ၂၉၇၇၀ |
| ၂ | မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်၊ မဲရုံ ၂၁၀ ရုံ | ၁၂၂၁၉၁ | ၉၇၀၇၂ | ၇၃၇၃ | ၉၆၀ | ၁၄၁၂၀ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်နှင့် မလှိုင်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာ မြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၅၈၉၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၉၆၈၇၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၂၆၈၅၈၆၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၂၈၂၈၆၊ မြေပြင်လက်ကျန် ၁၁၁၆၃၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၁၉၈၂၆ ဖြစ်ပြီး အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၃၁၇၅ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ကျောက်ပန်းတောင်း | ၃၇၉ | ၂၅၇၈၉၃ | ၁၇၁၃၇၈ | ၈၆၅၁၅ | ၇၂၀၀၆ | ၁၆၀၈၈ | ၁၆၇၉ |
| ၂ | မလှိုင် | ၂၁၀ | ၁၃၈၉၇၉ | ၉၇၂၀၈ | ၄၁၇၇၁ | ၃၉၅၂၉ | ၃၇၃၈ | ၁၄၉၆ |
| | **စုစုပေါင်း** | **၅၈၉** | **၃၉၆၈၇၂** | **၂၆၈၅၈၆** | **၁၂၈၂၈၆** | **၁၁၁၆၃၅** | **၁၉၈၂၆** | **၃၁၇၅** |

**ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀၉ အုပ်စု၊ မဲရုံပေါင်း ၃၇၉ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၅၇၈၉၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၇၁၃၇၈၊ ကျန်ရှိရမည့် အရေအတွက်မှာ ၈၆၅၁၅ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၂၀၀၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၅၆၁၀၀ | ၁၇၀၃၇၅ | ၈၅၇၂၅ | ၇၁၃၁၄ | ၁၆၀၈၈ | ၁၆၇၇ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၇၉၃ | ၁၀၀၃ | ၇၉၀ | ၇၉၂ | | ၂ |
| **စုစုပေါင်း** | | **၂၅၇၈၉၃** | **၁၇၁၃၇၈** | **၈၆၅၁၅** | **၇၂၀၀၆** | **၁၆၀၈၈** | **၁၆၇၉** |

၆။ ကျောက်ပန်းတောင်းမြို့နယ်တွင် ရပ်ကွက် ၁၂ ရပ်ကွက်၊ ကျေးရွာအုပ်စု ၁၀၉ အုပ်စုရှိ မဲရုံပေါင်း ၃၇၉ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၆၀၈၈ ပျောက်ဆုံးနေပြီး ၁၆၇၇ ပိုမိုသုံးစွဲထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၇၉၃ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၀၀၃၊ ကျန်ရှိရမည့် အရေအတွက်မှာ ၇၉၀ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၇၉၂ ဖြစ်သဖြင့် ၂ စောင် ပိုမိုသုံးစွဲထားကြောင်း စိစစ်တွေ့ရှိရသည်။

၇။ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာ အုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်–

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | တမ္ပဝတီရပ်ကွက် | ၃ | ၃၀၀၀ | ၂၁၇၅ | ၈၂၅ | ၃၂၅ | ၅၀၀ | |
| ၂ | မြို့မကွက်သစ်ရပ်ကွက် | ၁ | ၈၀၀ | ၆၃၂ | ၁၆၈ | ၁၆၈ | | |
| ၃ | စံပြရပ်ကွက် | ၄ | ၄၀၅၀ | ၂၇၅၃ | ၁၂၉၇ | ၉၄၇ | ၃၅၀ | |
| ၄ | ဘူတာရပ်ကွက် | ၂ | ၂၆၅၀ | ၉၀၁ | ၁၇၄၉ | ၆၉၉ | ၁၀၅၀ | |
| ၅ | အောင်မင်္ဂလာရပ်ကွက် | ၃ | ၄၀၅၀ | ၂၈၇၁ | ၁၁၇၉ | ၉၇၉ | ၂၀၀ | |
| ၆ | မြို့မတောင်ရပ်ကွက် | ၁ | ၉၀၀ | ၆၆၆ | ၂၃၄ | ၂၃၄ | | |
| ၇ | မြို့မရပ်ကွက် | ၁ | ၁၉၅၀ | ၁၄၄၅ | ၅၀၅ | ၅၅ | ၄၅၀ | |
| ၈ | သီရိမင်္ဂလာရပ်ကွက် | ၃ | ၃၈၅၀ | ၂၆၉၂ | ၁၁၅၈ | ၈၀၈ | ၃၅၀ | |
| ၉ | ဇလင်းတောင်ကျေးရွာအုပ်စု | ၂ | ၆၅၀ | ၄၄၆ | ၂၀၄ | ၁၀၄ | ၁၀၀ | |
| ၁၀ | တံခါးမကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၂၆ | ၃၇၄ | ၃၇၄ | | |
| ၁၁ | သဲဗုဒ်မကျေးရွာအုပ်စု | ၅ | ၂၁၅၀ | ၁၃၇၉ | ၇၇၁ | ၇၇၁ | | |
| ၁၂ | ညောင်ထိုကျေးရွာအုပ်စု | ၆ | ၂၈၅၀ | ၂၂၅၃ | ၅၉၇ | ၃၉၇ | ၂၀၀ | |
| ၁၃ | ဝက်ကြီးကန်ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၃၀၆ | ၄၄၄ | ၄၉၄ | | ၅၀ |
| ၁၄ | မကျီးတိုင်းကျေးရွာအုပ်စု | ၅ | ၂၀၅၀ | ၁၃၄၀ | ၇၁၀ | ၈၁၀ | | ၁၀၀ |
| ၁၅ | ဆင်တိုင်းကန်ကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၂၁၁၆ | ၇၈၄ | ၆၈၄ | ၁၀၀ | |
| ၁၆ | အင်တောကျယ်ကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၇၈၄ | ၅၁၆ | ၅၁၆ | | |
| ၁၇ | ဆင်တပ်ကျင်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၀၅ | ၁၉၅ | ၁၉၅ | | |
| ၁၈ | အင်တောကျေးရွာအုပ်စု | ၁ | ၁၀၅၀ | ၈၀၉ | ၂၄၁ | ၂၄၁ | | |
| ၁၉ | စီပေါက္ကံကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၃၀ | ၄၂၀ | ၃၇၀ | ၅၀ | |
| ၂၀ | ဘင်ဂွကျေးရွာအုပ်စု | ၂ | ၈၀၀ | ၅၂၁ | ၂၇၉ | ၂၇၉ | | |
| ၂၁ | ဈေးကုန်းကျေးရွာအုပ်စု | ၄ | ၂၁၅၀ | ၁၂၂၉ | ၉၂၁ | ၈၇၁ | ၅၀ | |
| ၂၂ | ဒဝါးကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၆၉၁ | ၅၀၉ | ၅၀၉ | | |
| ၂၃ | အင်တိုင်း(အရှေ့)ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၉၈၁ | ၆၆၉ | ၆၁၉ | ၅၀ | |
| ၂၄ | ရွာလုကျေးရွာအုပ်စု | ၂ | ၂၂၀၀ | ၁၆၇၅ | ၅၂၅ | ၅၂၅ | | |
| ၂၅ | လယ်ယားကျေးရွာအုပ်စု | ၆ | ၄၁၀၀ | ၃၀၀၆ | ၁၀၉၄ | ၆၈၄ | ၄၁၀ | |
| ၂၆ | မုန်ကန်းကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၉၇၄ | ၆၇၆ | ၆၇၆ | | |
| ၂၇ | ညောင်ကန်ဒေါင့်ကျေးရွာအုပ်စု | ၄ | ၂၀၅၀ | ၁၃၉၁ | ၆၅၉ | ၅၅၉ | ၁၀၀ | |
| ၂၈ | တလင်းကုန်းကျေးရွာအုပ်စု | ၆ | ၂၅၀၀ | ၁၃၆၀ | ၁၁၄၀ | ၆၄၀ | ၅၀၀ | |
| ၂၉ | ဆင်ခေါင်းကျေးရွာအုပ်စု | ၃ | ၁၃၀၀ | ၆၆၀ | ၆၄၀ | ၆၉၀ | | ၅၀ |
| ၃၀ | ရွာကောက်ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၆၈၉ | ၇၆၁ | ၇၁၁ | ၅၀ | |
| ၃၁ | ကြက်ဆူတောကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၆၂ | ၁၃၈ | ၁၃၈ | | |
| ၃၂ | လက်ပံပြားကျေးရွာအုပ်စု | ၆ | ၄၀၅၀ | ၂၈၈၄ | ၁၁၆၆ | ၁၁၁၆ | ၅၀ | |
| ၃၃ | တယ်ပင်တဲကျေးရွာအုပ်စု | ၈ | ၃၇၅၀ | ၂၄၄၈ | ၁၃၀၂ | ၁၀၀၂ | ၃၀၀ | |
| ၃၄ | ကြို့ပင်သာကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၂၇ | ၃၂၃ | ၃၂၃ | | |
| ၃၅ | ခပေါင်းကုန်းကျေးရွာအုပ်စု | ၄ | ၃၂၅၀ | ၁၉၃၃ | ၁၃၁၇ | ၈၁၇ | ၅၀၀ | |
| ၃၆ | တောင်ပေါ်ဗလုံကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၆၃၅ | ၄၁၅ | ၄၁၅ | | |
| ၃၇ | ကြက်ပြစ်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၅၈၇ | ၅၁၃ | ၂၆၃ | ၂၅၀ | |
| ၃၈ | ကျွဲကန်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၇၂၂ | ၄၂၈ | ၄၂၈ | | |
| ၃၉ | အိုင်လျား(တောင်)ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၉၀ | ၂၁၀ | ၁၆၀ | ၅၀ | |
| ၄၀ | ကတောကျေးရွာအုပ်စု | ၅ | ၂၆၀၀ | ၁၅၁၅ | ၁၀၈၅ | ၉၉၀ | ၉၅ | |
| ၄၁ | ကံလွင်ကျေးရွာအုပ်စု | ၃ | ၁၇၀၀ | ၁၂၈၉ | ၄၁၁ | ၄၁၁ | | |
| ၄၂ | ညောင်ပင်သာကျေးရွာအုပ်စု | ၃ | ၃၂၅၀ | ၂၃၀၇ | ၉၄၃ | ၅၄၃ | ၄၀၀ | |
| ၄၃ | မကျီးငုတ္တိုကျေးရွာအုပ်စု | ၁ | ၆၅၀ | ၄၂၇ | ၂၂၃ | ၂၂၃ | | |
| ၄၄ | ရေဆုံးကျေးရွာအုပ်စု | ၆ | ၄၂၀၀ | ၂၈၁၀ | ၁၃၉၀ | ၆၉၀ | ၇၀၀ | |
| ၄၅ | ကံနီကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၁၈ | ၁၈၂ | ၁၈၂ | | |
| ၄၆ | တွင်းဖြူကျေးရွာအုပ်စု | ၄ | ၂၁၀၀ | ၁၂၉၂ | ၈၀၈ | ၈၅၈ | | ၅၀ |
| ၄၇ | အိုင်လျား(မြောက်)ကျေးရွာအုပ်စု | ၄ | ၁၇၅၀ | ၁၂၅၆ | ၄၉၄ | ၅၄၄ | | ၅၀ |
| ၄၈ | မကြီးကုန်းကျေးရွာအုပ်စု | ၉ | ၄၅၀၀ | ၂၅၆၃ | ၁၉၃၇ | ၁၇၃၇ | ၂၀၀ | |
| ၄၉ | လယ်ကြီးတောင်ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၉၄၄ | ၅၀၆ | ၆၀၆ | | ၁၀၀ |
| ၅၀ | ခင်မွန်ကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၃၅၀ | ၈၅၀ | ၆၅၀ | ၂၀၀ | |
| ၅၁ | ဟင်းခွက်အိုင်ကျေးရွာအုပ်စု | ၆ | ၃၁၀၀ | ၂၁၅၁ | ၉၄၉ | ၉၉၉ | | ၅၀ |
| ၅၂ | သရက်တောကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၆၇၆ | ၃၂၄ | ၃၈၄ | | ၆၀ |
| ၅၃ | ကျောက်စစ်ကန်ကျေးရွာအုပ်စု | ၄ | ၃၁၀၀ | ၂၂၅၃ | ၈၄၇ | ၃၉၇ | ၄၅၀ | |
| ၅၄ | ဘုရားကြီးကုန်းကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၉၈၇ | ၅၁၃ | ၂၆၃ | ၂၅၀ | |
| ၅၅ | မင်းဂေါင်း(တောင်)ကျေးရွာအုပ်စု | ၃ | ၁၆၀၀ | ၁၁၀၁ | ၄၉၉ | ၄၉၉ | | |
| ၅၆ | ငါးရှန်တောင်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၅၀၅ | ၄၄၅ | ၂၉၅ | ၁၅၀ | |
| ၅၇ | ဆုံကျေးရွာအုပ်စု | ၅ | ၂၇၀၀ | ၁၇၃၆ | ၉၆၄ | ၄၁၄ | ၅၅၀ | |
| ၅၈ | မင်းဂေါင်း(မြောက်)ကျေးရွာအုပ်စု | ၅ | ၂၇၀၀ | ၁၆၉၁ | ၁၀၀၉ | ၉၅၈ | ၅၁ | |
| ၅၉ | မဲဒီးကျေးရွာအုပ်စု | ၈ | ၃၉၀၀ | ၂၅၇၄ | ၁၃၂၆ | ၁၁၃၄ | ၁၉၂ | |
| ၆၀ | အမြှောင်ကန်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၅၅၃ | ၆၄၇ | ၂၉၇ | ၃၅၀ | |
| ၆၁ | ပွေးကျစ်ကျေးရွာအုပ်စု | ၄ | ၂၂၅၀ | ၁၃၄၀ | ၉၁၀ | ၉၁၀ | | |
| ၆၂ | တလိုင်းကန်(ခ)ကဇီကျေးရွာအုပ်စု | ၄ | ၂၄၅၀ | ၁၅၃၁ | ၉၁၉ | ၉၁၉ | | |
| ၆၃ | မြောက်ပြည်တော်သာရပ်ကွက် | ၃ | ၄၂၅၀ | ၂၈၀၂ | ၁၄၄၈ | ၁၂၄၈ | ၂၀၀ | |

စာမျက်နှာ ၁၉ သို့ ✪

❂ စာမျက်နှာ ၁၈ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၆၄ | သာယာအေးရပ်ကွက် | ၆ | ၇၃၀၀ | ၅၂၂၈ | ၂၀၇၂ | ၁၆၅၃ | ၄၁၉ | |
| ၆၅ | လွတ်လပ်ရေးရပ်ကွက် | ၃ | ၄၂၅၀ | ၂၄၇၄ | ၁၇၇၆ | ၃၂၆ | ၁၄၅၀ | |
| ၆၆ | ဈေးကွက်သစ်ရပ်ကွက် | ၁ | ၁၂၅၀ | ၉၅၃ | ၂၉၇ | ၂၉၇ | | |
| ၆၇ | ဘဲများ(ခ)စီရင်စုကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၉၀၈ | ၁၉၂ | ၁၉၂ | | |
| ၆၈ | ကိုင်းကျေးရွာအုပ်စု | ၂ | ၈၀၀ | ၅၅၃ | ၂၄၇ | ၂၄၇ | | |
| ၆၉ | ညောင်ချိုင်းကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၁၆၇ | ၆၈၃ | ၆၈၃ | | |
| ၇၀ | တောင်ဇင်ကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၄၁၂ | ၄၃၈ | ၂၃၈ | ၂၀၀ | |
| ၇၁ | လက်ပံအိုင့်ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၆၄ | ၁၃၆ | ၁၃၆ | | |
| ၇၂ | ကန်ပေါက်ကျေးရွာအုပ်စု | ၄ | ၃၀၅၀ | ၂၂၄၁ | ၈၀၉ | ၅၂၉ | ၂၈၀ | |
| ၇၃ | လက်ပံပင်ကျေးရွာအုပ်စု | ၇ | ၄၁၀၀ | ၂၄၂၂ | ၁၆၇၈ | ၇၂၉ | ၉၄၉ | |
| ၇၄ | နှစ်ကျပ်ခွဲကျေးရွာအုပ်စု | ၃ | ၃၂၅၀ | ၂၃၇၉ | ၈၇၁ | ၈၇၁ | | |
| ၇၅ | ကန်ပတ်လည်ကျေးရွာအုပ်စု | ၇ | ၅၃၅၀ | ၃၇၆၂ | ၁၅၈၈ | ၁၃၈၆ | ၂၀၂ | |
| ၇၆ | တင့်ကန်ကျေးရွာအုပ်စု | ၇ | ၄၀၀၀ | ၃၁၆၈ | ၈၃၂ | ၇၈၂ | ၅၀ | |
| ၇၇ | ကမ်းဖြူကျေးရွာအုပ်စု | ၆ | ၅၇၅၀ | ၃၃၇၀ | ၂၃၈၀ | ၂၂၇၀ | ၁၁၀ | |
| ၇၈ | သံဘိုကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၆၇၂ | ၄၇၈ | ၄၂၈ | ၅၀ | |
| ၇၉ | ဆည်ပေါက်ကျေးရွာအုပ်စု | ၄ | ၃၅၅၀ | ၂၅၇၈ | ၉၇၂ | ၁၀၂၂ | | ၅၀ |
| ၈၀ | နတ်ကန်လည်ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၉၄၉ | ၆၅၁ | ၇၀၁ | | ၅၀ |
| ၈၁ | ခွေးတောက်ကုန်းကျေးရွာအုပ်စု | ၂ | ၂၂၅၀ | ၁၅၇၂ | ၆၇၈ | ၆၇၈ | | |
| ၈၂ | ကူလည်ကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၁၁ | ၁၈၉ | ၂၃၉ | | ၅၀ |
| ၈၃ | တောင်ပေါ်(မြောက်)ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၆၃ | ၃၈၇ | ၂၈၇ | ၁၀၀ | |
| ၈၄ | လျှော်တောကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၇၇ | ၁၇၃ | ၁၇၃ | | |
| ၈၅ | ဆည်ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၀၉ | ၂၄၁ | ၂၃၁ | ၁၀ | |
| ၈၆ | တောင်ပေါ်(တောင်)ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၀၈၇ | ၄၆၃ | ၄၁၃ | ၅၀ | |
| ၈၇ | မြောက်တောကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၁၂၆ | ၅၂၄ | ၂၇၄ | ၂၅၀ | |
| ၈၈ | လယ်ကြီးမြောက်ကျေးရွာအုပ်စု | ၁ | ၉၅၀ | ၆၂၁ | ၃၂၉ | ၃၂၉ | | |
| ၈၉ | ကျောက်တံခါးကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၅၇၃ | ၇၂၇ | ၄၅၇ | ၂၇၀ | |
| ၉၀ | မြင်သာတောင်ကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၄၇၁ | ၆၂၉ | ၆၂၉ | | |
| ၉၁ | ပုပ္ပါးလွင်ကျေးရွာအုပ်စု | ၄ | ၁၉၀၀ | ၁၀၆၂ | ၈၃၈ | ၄၈၈ | ၃၅၀ | |
| ၉၂ | ပုပ္ပါးကျေးရွာအုပ်စု | ၆ | ၅၀၀၀ | ၃၈၀၃ | ၁၁၉၇ | ၁၄၉၇ | | ၃၀၀ |
| ၉၃ | လေးပင်(တောင်)ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၁၃၅ | ၆၁၅ | ၅၁၅ | ၁၀၀ | |
| ၉၄ | ဆူးဖြူကုန်းကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၅၉၉ | ၄၀၁ | ၄၀၁ | | |
| ၉၅ | ဒီးဒုတ်ကုန်းကျေးရွာအုပ်စု | ၈ | ၅၆၅၀ | ၃၉၃၄ | ၁၇၁၆ | ၁၃၆၆ | ၃၅၀ | |
| ၉၆ | ဒေါင်းလည်ကျေးရွာအုပ်စု | ၃ | ၂၉၀၀ | ၂၀၃၃ | ၈၆၇ | ၈၆၇ | | |
| ၉၇ | လှိုင်သာကျေးရွာအုပ်စု | ၅ | ၃၁၀၀ | ၂၂၇၁ | ၈၂၉ | ၇၇၉ | ၅၀ | |
| ၉၈ | ဆိတ္တိုန်းကျေးရွာအုပ်စု | ၆ | ၅၄၀၀ | ၃၃၈၄ | ၂၀၁၆ | ၂၁၁၆ | | ၁၀၀ |
| ၉၉ | ကျောက်ခွက်ကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၄၁ | ၃၅၉ | ၃၅၉ | | |
| ၁၀၀ | ဆုံကုန်းကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၄၈၈ | ၇၆၂ | ၄၆၂ | ၃၀၀ | |
| ၁၀၁ | ကျားနေအိုင့်ကျေးရွာအုပ်စု | ၃ | ၁၄၅၀ | ၁၀၂၄ | ၄၂၆ | ၄၂၆ | | |
| ၁၀၂ | ကမ္ဘားတဲ(တောင်)ကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၈၈၀ | ၇၂၀ | ၆၂၀ | ၁၀၀ | |
| ၁၀၃ | သီးကုန်းကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၆၈၄ | ၈၆၆ | ၇၆၆ | ၁၀၀ | |
| ၁၀၄ | တောင်ဦးကျေးရွာအုပ်စု | ၆ | ၄၅၀၀ | ၂၆၄၂ | ၁၈၅၈ | ၁၈၀၈ | ၅၀ | |
| ၁၀၅ | ဗြိစင်အင်းကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၀၈ | ၁၉၂ | ၄၂ | ၁၅၀ | |
| ၁၀၆ | ဖက်တောရေကျေးရွာအုပ်စု | ၁ | ၅၅၀ | ၃၅၇ | ၁၉၃ | ၁၉၃ | | |
| ၁၀၇ | လွန်အိုင်ကျေးရွာအုပ်စု | ၂ | ၉၀၀ | ၆၆၁ | ၂၃၉ | ၂၃၉ | | |
| ၁၀၈ | ခေါင်းရဲကျေးရွာအုပ်စု | ၂ | ၈၅၀ | ၆၂၉ | ၂၂၁ | ၂၇၁ | | ၅၀ |
| ၁၀၉ | စင်မြင့်ကျေးရွာအုပ်စု | ၃ | ၂၈၀၀ | ၁၅၆၈ | ၁၂၃၂ | ၁၂၃၂ | | |
| ၁၁၀ | ကျောက်ချောကျေးရွာအုပ်စု | ၄ | ၂၁၅၀ | ၁၃၄၇ | ၈၀၃ | ၅၀၃ | ၃၀၀ | |
| ၁၁၁ | အုံ့မှုံးရိုးကျေးရွာအုပ်စု | ၂ | ၇၅၀ | ၄၄၉ | ၃၀၁ | ၃၀၁ | | |
| ၁၁၂ | အိုင်မ(မြောက်)ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၅၁ | ၂၉၉ | ၂၉၉ | | |
| ၁၁၃ | သပြေကိုင်းကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၇၈၁ | ၃၁၉ | ၃၁၉ | | |
| ၁၁၄ | ကူကျေးရွာအုပ်စု | ၂ | ၆၀၀ | ၃၅၀ | ၂၅၀ | ၃၅၀ | | ၁၀၀ |
| ၁၁၅ | ကျောက်ပုံကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၂၉၀ | ၈၁၀ | ၄၁၀ | ၄၀၀ | |
| ၁၁၆ | သစ်တိန်းကျေးရွာအုပ်စု | ၁ | ၆၀၀ | ၃၄၃ | ၂၅၇ | ၃၀၇ | | ၅၀ |
| ၁၁၇ | မိုးနံကျင်းကျေးရွာအုပ်စု | ၂ | ၄၀၀ | ၂၉၉ | ၁၀၁ | ၁၆၈ | | ၆၇ |
| ၁၁၈ | ရေငံကျေးရွာအုပ်စု | ၂ | ၉၅၀ | ၈၇၁ | ၇၉ | ၄၂၉ | | ၃၅၀ |
| ၁၁၉ | ပျဉ်မကြီးကျေးရွာအုပ်စု | ၂ | ၇၀၀ | ၅၃၉ | ၁၆၁ | ၁၆၁ | | |
| ၁၂၀ | ဝက်သားချဉ်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၂၃ | ၂၇၇ | ၂၇၇ | | |
| ၁၂၁ | သက္ကယ်ကျင်းကျေးရွာအုပ်စု | ၂ | ၇၅၀ | ၃၅၄ | ၃၉၆ | ၃၉၆ | | |
| | ရပ်ကွက်ချုပ်စုစုပေါင်း | ၃၇၉ | ၂၅၆၁၀၀ | ၁၇၀၃၇၅ | ၈၅၇၂၅ | ၇၁၃၁၄ | ၁၆၀၈၈ | ၁၆၇၇ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၁၇၉၃ | ၁၀၀၃ | ၇၉၀ | ၇၉၂ | | ၂ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၃၇၉ | ၂၅၇၈၉၃ | ၁၇၁၃၇၈ | ၈၆၅၁၅ | ၇၂၁၀၆ | ၁၆၀၈၈ | ၁၆၇၉ |

### မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၈။ မြေပြင်စစ်ဆေးချက်များအရ မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စု၊ မဲရုံပေါင်း ၂၁၀ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၃၈၉၇၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၉၇၂၀၈၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၁၇၇၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၉၅၂၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများတွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၃၀၉၀၆ | ၉၆၇၂၃ | ၃၄၁၈၃ | ၃၀၇၉၅ | ၃၇၃၈ | ၃၅၀ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၄၈၅ | ၄၈၅ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၇၅၈၈ | | ၇၅၈၈ | ၈၇၃၄ | | ၁၁၄၆ |
| | စုစုပေါင်း | ၁၃၈၉၇၉ | ၉၇၂၀၈ | ၄၁၇၇၁ | ၃၉၅၂၉ | ၃၇၃၈ | ၁၄၉၆ |

၉။ မလှိုင်မြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၂ အုပ်စုရှိ မဲရုံ ၂၁၀ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၃၇၃၈ ပျောက်ဆုံးနေပြီး ၃၅၀ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၇၅၈၈ ဖြစ်သော်လည်း မြေပြင်တွင် ၈၇၃၄ ကျန်ရှိသဖြင့် မဲလက်မှတ် ၁၁၄၆ ပိုနေသည်ကို စိစစ်တွေ့ရှိရပါသည်။

၁၀။ မလှိုင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်–

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၃)ရပ်ကွက် | ၄ | ၄၀၀၀ | ၃၀၃၀ | ၉၇၀ | ၈၂၀ | ၁၅၀ | |
| ၂ | အမှတ်(၄)ရပ်ကွက် | ၂ | ၁၉၅၀ | ၁၄၁၁ | ၅၃၉ | ၂၈၉ | ၂၅၀ | |
| ၃ | ထန်းပင်ကန်းကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၈၂၀ | ၂၃၀ | ၁၈၄ | ၄၆ | |
| ၄ | မှရိုးကျေးရွာအုပ်စု | ၅ | ၁၉၅၀ | ၁၆၃၃ | ၃၁၇ | ၃၁၇ | | |
| ၅ | ဖက်ကုန်းကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၂၁၉ | ၂၈၁ | ၂၈၁ | | |
| ၆ | ထမ္မကြီးကျေးရွာအုပ်စု | ၃ | ၁၁၀၀ | ၈၄၀ | ၂၆၀ | ၂၆၀ | | |
| ၇ | ရွာသစ်ကျေးရွာအုပ်စု | ၃ | ၁၅၅၀ | ၁၂၄၆ | ၃၀၄ | ၃၀၄ | | |
| ၈ | ကံကြီးကျေးရွာအုပ်စု | ၄ | ၂၃၀၀ | ၁၇၉၃ | ၅၀၇ | ၃၈၁ | ၁၂၆ | |
| ၉ | ကူကြီးကျေးရွာအုပ်စု | ၅ | ၂၀၅၀ | ၁၆၆၄ | ၃၈၆ | ၃၂၇ | ၅၉ | |
| ၁၀ | ရုံးတောကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၅၁ | ၄၄၉ | ၄၄၉ | | |
| ၁၁ | အုတ်ဖိုကန်ကျေးရွာအုပ်စု | ၃ | ၁၈၅၀ | ၁၃၉၃ | ၄၅၇ | ၃၀၇ | ၁၅၀ | |
| ၁၂ | နတ်စဉ်ကုန်းကျေးရွာအုပ်စု | ၄ | ၂၀၅၀ | ၁၃၉၅ | ၆၅၅ | ၄၈၀ | ၁၇၅ | |
| ၁၃ | ဝါးခွကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၇၂၅ | ၆၂၅ | ၆၂၅ | | |
| ၁၄ | မြင်းတွင်းကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၇၃ | ၄၇၇ | ၄၁၇ | ၆၀ | |
| ၁၅ | ဆုံတွင်းကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၁၇၄၇ | ၁၂၀၃ | ၉၅၃ | ၂၅၀ | |
| ၁၆ | သဲကန်ကျေးရွာအုပ်စု | ၆ | ၃၆၅၀ | ၂၃၈၅ | ၁၂၆၅ | ၁၀၆၅ | ၂၀၀ | |
| ၁၇ | ဝမ္ဘဲလူးကျေးရွာအုပ်စု | ၂ | ၉၅၀ | ၇၄၉ | ၂၀၁ | ၂၀၁ | | |
| ၁၈ | သပြေပင်ကျေးရွာအုပ်စု | ၅ | ၂၂၀၀ | ၁၈၂၀ | ၃၈၀ | ၂၈၀ | ၁၀၀ | |
| ၁၉ | ကျွဲခြံကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၄၂၇ | ၁၀၂၃ | ၁၀၂၇ | | ၄ |
| ၂၀ | သက္ကယ်ကျင်းကျေးရွာအုပ်စု | ၅ | ၄၂၀၀ | ၃၃၀၀ | ၉၀၀ | ၈၈၁ | ၁၉ | |
| ၂၁ | အိမ်ကြီးတောကျေးရွာအုပ်စု | ၁ | ၇၀၀ | ၅၇၄ | ၁၂၆ | ၁၂၆ | | |
| ၂၂ | သရက္ကောင်းပင်ရွာအုပ်စု | ၂ | ၁၉၅၀ | ၁၆၀၅ | ၃၄၅ | ၃၄၅ | | |
| ၂၃ | သုံးတောင်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၅၅၆ | ၃၄၄ | ၃၄၄ | | |
| ၂၄ | ပျော်ဘွယ်ကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၉၁၃ | ၂၈၇ | ၂၈၇ | | |
| ၂၅ | နှောကန်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၇၁၇ | ၂၃၃ | ၁၈၃ | ၅၀ | |
| ၂၆ | ဘောက်ခွေးတောရွာအုပ်စု | ၃ | ၂၇၀၀ | ၂၁၁၃ | ၅၈၇ | ၄၈၇ | ၁၀၀ | |
| ၂၇ | ညောင်အုပ်ကျေးရွာအုပ်စု | ၃ | ၁၄၀၀ | ၁၀၅၇ | ၃၄၃ | ၃၃၇ | ၆ | |
| ၂၈ | လက်စွေ့ကျေးရွာအုပ်စု | ၈ | ၃၈၀၀ | ၂၈၆၈ | ၉၃၂ | ၈၉၉ | ၃၃ | |
| ၂၉ | မြောက်လည်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၄၄၂ | ၄၅၈ | ၄၀၈ | ၅၀ | |
| ၃၀ | ရေငံကျေးရွာအုပ်စု | ၄ | ၂၂၀၀ | ၁၈၁၉ | ၃၈၁ | ၃၈၁ | | |
| ၃၁ | အိုင်မရိုးကျေးရွာအုပ်စု | ၂ | ၇၅၀ | ၆၃၆ | ၁၁၄ | ၁၁၄ | | |
| ၃၂ | အမှတ်(၁)ရပ်ကွက် | ၄ | ၃၀၅၀ | ၂၂၁၁ | ၈၃၉ | ၅၇၆ | ၂၆၃ | |
| ၃၃ | အမှတ်(၂)ရပ်ကွက် | ၅ | ၃၆၅၀ | ၂၆၀၇ | ၁၀၄၃ | ၅၄၇ | ၄၉၆ | |
| ၃၄ | ထန်းတောကျေးရွာအုပ်စု | ၃ | ၂၄၀၄ | ၁၆၄၈ | ၇၅၆ | ၅၄၇ | ၂၀၉ | |
| ၃၅ | လယ်ကြီးကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၁၀၅၀ | ၂၀၀ | ၂၀၀ | | |
| ၃၆ | ကမ္ဘားဖြူကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၇၈ | ၃၇၂ | ၃၇၂ | | |
| ၃၇ | ပန်းအိုင်ကျေးရွာအုပ်စု | ၅ | ၃၂၅၀ | ၂၄၇၈ | ၇၇၂ | ၇၇၂ | | |
| ၃၈ | ရေနီကျေးရွာအုပ်စု | ၃ | ၂၂၀၂ | ၁၆၆၇ | ၅၃၅ | ၅၃၅ | | |
| ၃၉ | ရေထွက်ကျေးရွာအုပ်စု | ၅ | ၂၅၅၀ | ၁၉၂၁ | ၆၂၉ | ၆၂၉ | | |
| ၄၀ | ဖျောက်ဆိပ်ကျင်းရွာအုပ်စု | ၅ | ၂၀၀၀ | ၁၅၀၃ | ၄၉၇ | ၄၈၇ | ၁၀ | |
| ၄၁ | မြင်းဦးလှည့်ကျေးရွာအုပ်စု | ၆ | ၄၄၅၀ | ၂၆၄၈ | ၁၈၀၂ | ၁၄၀၅ | ၃၉၇ | |
| ၄၂ | ကျောက်တန်းကျေးရွာအုပ်စု | ၇ | ၅၀၅၀ | ၃၇၂၆ | ၁၃၂၄ | ၁၀၈၅ | ၂၃၉ | |
| ၄၃ | ကံတွင်းကျေးရွာအုပ်စု | ၅ | ၂၇၅၀ | ၂၂၄၂ | ၅၀၈ | ၅၀၈ | | |

စာမျက်နှာ ၂၂ သို့ ❂

# ၉-၄-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

**(ယမန်နေ့မှအဆက်)**

၁၀။ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ဆက်လက်ရှင်းလင်းရာတွင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် သက်ဆိုင်ရာ မြို့နယ် ကော်မရှင်အဖွဲ့ခွဲများ အသုံးပြုခဲ့သည့် နောက်ဆုံးမဲစာရင်း Soft copy များကို ရယူပြီးနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ် ထုတ်ပြန်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁၆ ရက်နေ့မှ ဧပြီလ ၈ ရက်နေ့အထိ ထုတ်ပြန်ပြီးစီးမှုများအရ တိုင်းဒေသကြီး/ ပြည်နယ်နှင့် ပြည်ထောင်စုနယ်မြေ ၁၁ ခုရှိ မြို့နယ်ပေါင်း ၁၀၆ မြို့နယ်၊ မဲရုံပေါင်း ၁၄၂၁၄ ရုံကို စိစစ်ခဲ့ရာ မြို့နယ်ကော်မရှင်စာရင်းအရ မဲဆန္ဒရှင် ၁၄၄၈၅၃၃၀ ဦး ဖြစ်သော်လည်း လဝကစာရင်းအရ ၁၁၁၁၁၈၀၆ ဦးသာရှိပြီး ၃၃၇၃၅၁၄ ဦး ကွာခြားမှုရှိကြောင်း၊ ၎င်းတို့အနက် နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၁၅၅၄၁၅၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း သုံးကြိမ်နှင့်အထက် ပါဝင်နေသူ ၁၁၁၂၃၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း နှစ်ကြိမ် ပါဝင်သူ ၁၁၁၈၇၈၇ ဦး၊ စိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူနှင့် မဲစာရင်းထပ်နေသူ စုစုပေါင်း ၂၇၈၄၁၈၃ ဦးရှိသည်ကို တွေ့ရှိရပြီး ရာခိုင်နှုန်းအားဖြင့် မဲဆန္ဒရှင်၏ ၁၉ ဒသမ ၂၂ ရာခိုင်နှုန်း ဖြစ်ကြောင်း၊ ယခုစစ်ဆေးထုတ်ပြန်မှုများသည် မြို့နယ်တစ်ခုချင်းအလိုက် စိစစ်တွေ့ရှိမှုများသာဖြစ်ပြီး အခြားတိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်များနှင့် တိုက်ဆိုင်စစ်ဆေးမှု (Cross Check) များပါဝင်ပါက တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့က မြို့နယ် ၃၁၅ မြို့နယ်၏မဲစာရင်း CD၊ PDF များကို အခြေခံ ထုတ်ပြန်ခဲ့သည့် မဲမသမာမှု ပြုနိုင်/ ဖြစ်နိုင်သည့် အရေအတွက် ၁၀၄၈၂၁၁၆ ဦး ရာခိုင်နှုန်း ၂၈ ဒသမ ၁၇ ရာခိုင်နှုန်းထက် ပိုမိုများပြားနိုင်သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ဖော်ပြပါ မြို့နယ် ၁၀၆ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများအပေါ် တပ်မတော်စိစစ်ချက်များနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စိစစ်တွေ့ရှိချက်များကို နှိုင်းယှဉ်ရာတွင်လည်း စိစစ်သည့်အခြေခံမဲဆန္ဒရှင်စာရင်း ကွာခြားချက်အရ ကော်မရှင်၏ စိစစ်တွေ့ရှိမှုအရေအတွက်က ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး (မှတ်ပုံတင်) မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူ ၆၃၉၂၇ ဦး၊ တစ်ကြိမ်ထက် ပို၍ မဲစာရင်းတွင်ပါဝင်သူ (ထပ်နေသောမဲစာရင်း) ၃၅၈၀၁၈ ဦး ပိုမိုစိစစ်တွေ့ရှိရပါကြောင်း၊ ယခု ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ထုတ်ပြန်လျက်ရှိမှု အခြေအနေများကို တင်ပြမှာဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်နေ့မှ ဧပြီလ ၈ ရက်နေ့အထိ တိုင်းဒေသကြီး/ပြည်နယ်၊ပြည်ထောင်စုနယ်မြေ ရှစ်ခုအတွင်းရှိ မြို့နယ်ပေါင်း ၁၀၁ မြို့နယ်ရှိ မဲရုံပေါင်း ၁၃၁၉၂ ရုံ၏ ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မရှင် အဖွဲ့ခွဲအဆင့်ဆင့်ရှိဝန်ထမ်းများပါဝင်သည့် ပူးပေါင်း အဖွဲ့ဖြင့် စနစ်တကျ ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ဆေးမှုစာရင်းချုပ်အရ ထုတ်ယူရရှိသည့် မဲလက်မှတ်ပေါင်း ၁၄၉၈၄၅၂၈၊ အသုံးပြု ၉၇၁၄၂၈၆၊ ကျန်ရမည့်အရေအတွက် ၅၂၇၀၂၄၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၈၄၁၅၀၃ ဖြစ်ပြီး ကွာခြားချက်အနေဖြင့် ပျောက်ဆုံး ၅၉၇၄၀၃ နှင့်အပို ၁၆၈၆၆၄ ဖြစ်ပေါ်လျက်ရှိကြောင်း အဆိုပါ ပျောက်ဆုံးမဲ ၅၉၇၄၀၃ မဲနှင့် ပိုသုံး/ အပိုလက်ကျန်မဲ ၁၆၈၆၆၄ သည် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းလမ်းညွှန်နှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင် လုပ်ငန်းလမ်းညွှန်များနှင့် ညီညွတ်ခြင်းမရှိဘဲ မဲမသမာမှုများ ဖြစ်ပေါ်စေကြောင်း ရှင်းလင်းပြောကြားသည်။


မြို့နယ်များတွင် မဲလက်မှတ်များ မြေပြင်စစ်ဆေးမှု မှတ်တမ်းဓာတ်ပုံများကို တွေ့ရစဉ်။

**ထူးခြားချက်တစ်ခုကတော့ ကြိုတင်မဲပေးသူ**

၁၁။ ယခုဆက်လက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ လက်ရှိဆောင်ရွက်မှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည်များကို ရှင်းလင်းတင်ပြသွားမှာဖြစ်ပါကြောင်း၊ ပူးပေါင်းစစ်ဆေးရေးအဖွဲ့များသည် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်၊ ပြည်ထောင်စုနယ်မြေအတွင်းရှိ မြို့နယ်များရှိ မဲစာရင်းနှင့် ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးလျက်ရှိပြီး စစ်ဆေးတွေ့ရှိမှုများကိုလည်း နိုင်ငံပိုင်ရုပ်မြင်သံကြား၊ သတင်းစာ၊ ရေဒီယိုများမှ အသေးစိတ်စာရင်းဇယားများဖြင့် နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲများတွင်လည်း စိစစ်တွေ့ရှိမှုများ၊ မဲမသမာမှုဖြစ်စဉ်များကို Power Point, Video Clip များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်၍ ယနေ့သတင်းစာရှင်းလင်းပွဲတွင် စစ်ဆေးတွေ့ရှိမှု အခြေအနေများကို ခြုံငုံပြီးတင်ပြမှာဖြစ်ကြောင်း၊ ကျင်းပပြီးစီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲသည် ယခင်ကျင်းပခဲ့သည့် အထွေထွေရွေးကောက်ပွဲများနှင့်မတူဘဲ အခက်အခဲ၊ ကန့်သတ်ချက်များစွာကြားက ကျင်းပဆောင်ရွက်ရခြင်းဖြစ်ပြီး နောက်ဆက်တွဲပြဿနာများလည်း ကြီးမားစွာ ပေါ်ပေါက်ခဲ့ကြောင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အခြေအနေကြောင့် ရွေးကောက်ပွဲကာလလုပ်ငန်းစဉ်များဖြစ်သည့် မဲစာရင်းကပ်ထားခြင်းနှင့် မဲဆန္ဒရှင်များက ဖြည့်စွက်၊ ကန့်ကွက်၊ ပြင်ဆင်မှုဆောင်ရွက်ခြင်း၊ မဲလက်မှတ်အပ်နှံ၊ ရိုက်နှိပ်၊ ထုတ်ပေးခြင်း၊ ရွေးကောက်ပွဲသုံးပစ္စည်းများ ဝယ်ယူဖြန့်ဝေခြင်း အပါအဝင် ရွေးကောက်ပွဲစီမံခန့်ခွဲမှုနှင့် အုပ်ချုပ်မှု လုပ်ငန်းဆောင်ရွက်ရာတွင် ကန့်သတ်ချက်နှင့် အခက်အခဲများစွာရှိခဲ့ကြောင်း၊ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်း၊ မဲဆွယ်စည်းရုံးခြင်း၊ ရုပ်မြင်သံကြား၊ ရေဒီယိုမှ ဟောပြောစည်းရုံးရန် အသံသွင်းရိုက်ကူးခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများအရ အခက်အခဲများစွာရှိပြီး သက်ဆိုင်ရာအဖွဲ့အစည်းများ၊ ပါတီများက ကန့်ကွက်ခြင်း၊ အကြံပြုခြင်းနှင့် ရွေးကောက်ပွဲ ရွှေ့ဆိုင်းပေးရန် တောင်းဆိုမှုများလည်းရှိခဲ့ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်၊ အထူးသဖြင့် ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များကို သင်တန်းပေးရာတွင် အပြည့်အဝ ဆောင်ရွက်နိုင်ခြင်းမရှိကြောင်း၊ ဝေးလံခေါင်ဖျားဒေသများနှင့် သွားလာရန် ကန့်သတ်မှုရှိသော ဒေသများအတွက် မဲရုံသုံးပစ္စည်း၊ ကြိုတင်မဲလက်မှတ်နှင့် မဲလက်မှတ်များ အချိန်မီပို့ဆောင်ရန် အခက်အခဲရှိခဲ့သော်လည်း တပ်မတော်က လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘောများကူညီပေးခဲ့သဖြင့် အချိန်မီရောက်ရှိ ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ၏ ထူးခြားချက်ကတော့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအရ Stay at Home ဒေသများရှိ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များထံ အိမ်တိုင်ရာရောက်လိုက်လံ၍ ကြိုတင်မဲကောက်ခံခြင်း၊ အခြားဒေသများရှိ အသက် ၆၀ နှစ်နှင့်အထက် မဲဆန္ဒရှင်များအား ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများတွင် ကြိုတင်မဲပေးခွင့်ပြုခြင်းများ ဆောင်ရွက်ခြင်း၊ မိမိနေရပ် မပြန်နိုင်သူများအား ပုံစံ(၁၅) ဖြင့် မဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးခြင်းအပါအဝင် မဲစာရင်းဆိုင်ရာ၊ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲပေးခြင်းလုပ်ငန်းစဉ်များအတွက် ဖြေလျှော့ပြင်ဆင်သည့် ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခြင်းများ ရှိခဲ့ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုရှိ/မရှိ စိစစ်ရန်လိုအပ်သည့် ညွှန်ကြားချက်များကိုလည်း တွေ့ရှိရကြောင်း၊ လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲကျင်းပခြင်း မပြုနိုင်သည့် မဲဆန္ဒနယ်မြေများစာရင်း ကြေညာရာတွင်လည်း ကန့်ကွက်မှုနှင့် အငြင်းပွားမှုများစွာရှိခဲ့ကြောင်း၊ အခြားထူးခြားချက်တစ်ခုကတော့ ကြိုတင်မဲပေးသူအရေအတွက် အလွန်များပြားခြင်းဖြစ်ပြီး ကြိုတင်မဲကောက်ယူခြင်းနှင့် ကြိုတင်မဲပေးခြင်းဖြစ်စဉ်များမှာ ကန့်ကွက်လွှာ၊ အငြင်းပွားမှုနှင့် တိုင်ကြားမှုများစွာရှိခဲ့ကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ ပြည်သူ့လွှတ်တော်တွင် မဲပေးသူပေါင်း ၂၇၅၁၂၈၅၅ ဦးအနက် ကြိုတင်မဲပေးသူ ၅၈၈၄၄၂၀ ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၂၁ ဒသမ ၃၈ ရာခိုင်နှုန်းရှိပြီး ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲပေးသူပေါင်း ၂၃၉၁၁၇၈၄ ဦးအနက် ကြိုတင်မဲပေးသူ ၁၄၃၈၁၈၂ ဦး ရှိပြီး ရာခိုင်နှုန်းအားဖြင့် ၆ ဒသမ ၀၁ ရာခိုင်နှုန်းသာ ရှိသည်ကို တွေ့ရှိရကြောင်း၊ ကြိုတင်မဲကောက်ခံခြင်း၊ မဲပေးခြင်းများ ဆောင်ရွက်ရာတွင် ဖြစ်ပေါ်ခဲ့သော မဲမသမာမှုဖြစ်စဉ်များကိုလည်း ယခင် သတင်းစာရှင်းလင်းပွဲများတွင် ဓာတ်ပုံ၊ Video Clip များဖြင့် အသေးစိတ်ရှင်းလင်းတင်ပြခဲ့ပြီးဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

**ခိုင်လုံမဲများအဖြစ်**
**အတည်ပြုရန်ခက်ခဲ**

၁၂။ ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များဦးစီးသည့် ပူးပေါင်းအဖွဲ့များ၏ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ မြေပြင်ကွင်းဆင်းစစ်ဆေးချက်များကို အသေးစိတ်စာရင်းဇယားများဖြင့် ထုတ်ပြန်လျက်ရှိကြောင်း၊ မဲလက်မှတ်များပျောက်ဆုံးခြင်း၊ တရားမဝင် အပိုသုံးခြင်း၊ အပိုရရှိခြင်းများတွေ့ရှိရပြီး ထူးခြားချက်များအနေဖြင့်

စာမျက်နှာ ၂၁ သို့

☆ **ဝေးလံခေါင်ဖျားဒေသများနှင့် သွားလာရန် ကန့်သတ်မှုရှိသော ဒေသများအတွက် မဲရုံသုံးပစ္စည်း၊ ကြိုတင်မဲလက်မှတ်နှင့် မဲလက်မှတ်များ အချိန်မီပို့ဆောင်ရန်အခက်အခဲရှိခဲ့သော်လည်း တပ်မတော်က လေယာဉ်၊ ရဟတ်ယာဉ်၊ သင်္ဘောများကူညီပေးခဲ့သဖြင့် အချိန်မီရောက်ရှိ ဆောင်ရွက်နိုင်ခဲ့။**

☆ **မိမိနေရပ် မပြန်နိုင်သူများအား ပုံစံ(၁၅) ဖြင့် မဲပေးခွင့်ရရှိရေး ဆောင်ရွက်ပေးခြင်းအပါအဝင် မဲစာရင်းဆိုင်ရာ၊ ကြိုတင်မဲပေးခြင်းနှင့် ရွေးကောက်ပွဲနေ့ မဲပေးခြင်းလုပ်ငန်းစဉ်များအတွက် ဖြေလျှော့ပြင်ဆင်သည့် ညွှန်ကြားချက် ထုတ်ပြန်ဆောင်ရွက်ခြင်းများရှိခဲ့။**

★ **၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ မြေပြင်ကွင်းဆင်းစစ်ဆေးချက်များကို အသေးစိတ်စာရင်းဇယားများဖြင့် ထုတ်ပြန်လျက်ရှိ။**

★ **လှိုင်လင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် ဗမာတိုင်းရင်းသားလူမျိုးဆန္ဒမဲလက်မှတ်တွင် လက်ချောင်းထိပ် မင်စွန်းနေသော မဲလက်မှတ်စာရွက် ၃၀ ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် ဖွဲ့စည်းထားသော စေ့စပ်ညှိနှိုင်းရေးကော်မတီများက ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ ဖြေရှင်းဆောင်ရွက်ခဲ့ရ။**

❍ စာမျက်နှာ ၂၀ မှ

တပ်ကုန်းမြို့နယ်၊ ခရမ်းစပ်ကုန်းကျေးရွာအုပ်စု၊ မဲရုံအမှတ် (၂) ကြိုတင်ဆန္ဒမဲလက်မှတ် လက်ကျန်နှစ်စောင်တွင် ဆန္ဒပြုပြီး/ လက်ဗွေနှိပ်ပြီး အမည်စာရင်း ဖြည့်သွင်းပြီးဖြစ်သော်လည်း မဲလက်မှတ်စာအုပ်တွင် လက်ခံဖြတ်ပိုင်းနှင့်တွဲလျက် ကျန်ရှိနေကြောင်းတွေ့ရှိရခြင်း (လုပ်ထုံးလုပ်နည်းနှင့်ညီညွတ်မှုမရှိ)၊ ပျော်ဘွယ်မြို့နယ်၊ တာမွေမြို့နယ်၊ ချမ်းမြသာစည်မြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ မုံရွာမြို့နယ်၊ လှည်းကူးမြို့နယ်အပါအဝင် ထုတ်ပြန်ပြီး မြို့နယ်များရှိရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများသည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့နောက်ပိုင်းနှင့် ယခုမဲလက်မှတ်များ စစ်ဆေးချိန်မှသာ အသုံးပြုပြီး မဲလက်မှတ်လက်ခံဖြတ်ပိုင်းနှင့် အသုံးမပြုရသေးသော မဲလက်မှတ်များအား သက်ဆိုင်ရာမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်မှုမရှိဘဲ အပ်နှံထားရှိကြောင်း တွေ့ရှိရခြင်း၊ ပေါက်မြို့နယ်၊ ကျောင်းကုန်းကျေးရွာအုပ်စု၊ မဲရုံအမှတ် (၁) မဲရုံ၌ပေးသော မဲလက်မှတ်စာအုပ်တစ်အုပ်တွင် မဲလက်မှတ်လက်ခံဖြတ်ပိုင်း၌ မဲဆန္ဒရှင်အမည်၊ မဲရုံအမှတ်၊ ရပ်/ ကျေးအမည်များ ထည့်သွင်းထားရှိမှု မရှိခြင်း၊ မုံရွာမြို့နယ်၊ မုံရွေးကျေးရွာအုပ်စု၊ မဲရုံအမှတ် (၂) တွင် အလားတူ မဲလက်မှတ်လက်ခံဖြတ်ပိုင်း ၁၉၇ စောင် တွေ့ရှိရခြင်း၊ ဆိုလိုသည်မှာ မည်သူမဲပေးထားကြောင်း တိုက်ဆိုင်စိစစ်ရန်ခက်ခဲခြင်း၊ မဲမသမာမှုဖြစ်နိုင်ခြင်း၊ ချီဖွေမြို့နယ်အပါအဝင် မြို့နယ်အချို့၏ ဆန္ဒမဲလက်မှတ်စာအုပ်များကို စိစစ်ရာတွင် သတ်မှတ်အရေအတွက်၅၀ မပြည့်သောမဲလက်မှတ်စာအုပ်များ၊ အရေအတွက် ၅၀ ထက်ပိုနေသော မဲလက်မှတ်စာအုပ်များကိုတွေ့ရှိရခြင်း၊ ရေစကြိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးရန်အတွက် ထုတ်ပေးခဲ့သော ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်များတွင် ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဦးကျော်နိုင်ဦး (ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးချမ်းမင်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ သရေစည်သူ ဦးစိုးမောင် (အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ)၊ ဦးတင်အောင် (ပြည်သူ့ ရှေ့ဆောင်ပါတီ)၊ ဦးလွင်မြင့်ဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် ဦးအောင်မြင့်ကြည် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ) တို့၏ အမည်များမဟုတ်ဘဲ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဒေါ်တင်မိုးခိုင် (ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးမြင့်ဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဦးဝင်းကိုကို (ပြည်သူ့ ရှေ့ဆောင်ပါတီ)၊ ဦးသန်းထွေး (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)နှင့် ဦးအောင်သိန်းကျော် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)တို့၏ အမည်များပါရှိသည့် ဆန္ဒမဲလက်မှတ်များပါရှိလာပြီး မှားယွင်းထုတ်ပေးခြင်း၊ ကြိုတင်မဲပေးသည့်ကာလ ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလ ၃၀ ရက်နေ့မှ နိုဝင်ဘာလ ၃ ရက်နေ့အတွင်း ရပ်ကွက်/ ကျေးရွာအုပ်စု ခုနစ်ခုရှိ မဲရုံပေါင်း ရှစ်ရုံတွင် မဲလက်မှတ်မှားယွင်းသူ ၂၇၈ ဦးနှင့် ဆန္ဒမဲပေးပြီးသူ ၆၆၇ ဦး စုစုပေါင်း ၉၄၅ ဦး မဲပေးထားကြောင်း စိစစ်တွေ့ရှိရသဖြင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ၎င်းမဲလက်မှတ် ၉၄၅ စောင်နှင့် လက်ကျန်ငါးစောင်ကို မြို့နယ်ရဲစခန်းတွင် သိမ်းဆည်းထားရှိပြီး ၎င်းအစား မဲလက်မှတ် ၁၉ ထုပ် ၉၅၀ စောင်ဖြင့် ပြန်လည်မဲပေးခြင်းများ ဆောင်ရွက်ခဲ့ခြင်း၊ ရဲစခန်းအတွင်းရှိ ငွေတိုက်တွင်သိမ်းဆည်းထားသည့် ဆန္ဒပြုထားခြင်းမရှိသေးသော ဆန္ဒမဲလက်မှတ်စာအုပ်အသစ်များကို ပြန်လည်စစ်ဆေးရာတွင် ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ အမည်များ ပါဝင်သက်ဆိုင်ခြင်းမရှိသည့် မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ အမည်သာပါသည့် ဆန္ဒမဲလက်မှတ် စုစုပေါင်း ၂၀၅၀ စောင် (အုပ်ရေအားဖြင့် ၄၁ အုပ်)ကို စစ်ဆေးတွေ့ရှိရပြီး ချိပ်ပိတ်ကာ ရဲစခန်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားခြင်း၊ ရေစကြိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိ ချိပ်ပိတ်ထားသော ဆန္ဒမဲလက်မှတ်စာအိတ် ငါးအိတ်တွင် NLD အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖြင့်ဖောက်ကာ ဆန္ဒမဲလက်မှတ်အိတ် ချည်သောကြိုးဖြင့် တစ်ပါတည်း တွဲလျက်ချည်ထားပြီး ချိပ်ပိတ်ထားသည်ကို တွေ့ရှိရခြင်း၊ ၎င်း Label ကတ်ပြားများမှာ မဲရုံတွင် အသုံးပြုရန် ထုတ်ပေးထားသည့်ပစ္စည်းများ မဟုတ်သဖြင့် NLD ရုံးမှ ပေးပို့သည့်မဲလက်မှတ်များ ဖြစ်နိုင်ပြီး ခိုင်လုံမဲများအဖြစ် အတည်ပြုရန်ခက်ခဲကာ မဲမသမာမှုများ ပြုလုပ်ထားခြင်းများ တွေ့ရှိရကြောင်း ရှင်းလင်းပြောကြားသည်။ အလားတူ စိစစ်ချက်အရ တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဆန္ဒမဲလက်မှတ်များ၏မှားယွင်းမှုနှင့် ချို့ယွင်းအားနည်းချက်များ အနေဖြင့်လည်း မကွေးတိုင်းဒေသကြီး၊ ဆင်ပေါင်ဝဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် စာအုပ် တစ်အုပ်၏အဖုံးတွင် ဆင်ပေါင်ဝဲမြို့နယ်ဟု ဖော်ပြထားသော်လည်း အတွင်းတွင် မင်းလှမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ နတ်မောက်မြို့နယ် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) ဆန္ဒမဲလက်မှတ်စာအုပ် ၂၂ အုပ်၏အဖုံးတွင် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ် အမှတ်(၂) ဟု ဖော်ပြထားသော်လည်း အတွင်းတွင် မြို့သစ်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ ပေါက်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် ဆန္ဒမဲလက်မှတ် စာအုပ်နှစ်အုပ်၏ ပထမနှစ်ရွက်မှာ ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ဖြစ်သော်လည်း ဒုတိယ ၁၆ ရွက်သည် ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ တတိယ ၃၂ ရွက်သည် ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ စာအုပ် တစ်အုပ်၏ ပထမ ၂၆ ရွက်သည် ပေါက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ဖြစ်သော်လည်း ဒုတိယ ၂၄ ရွက်သည် ပွင့်ဖြူမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ ငဖဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ်စာအုပ် တစ်အုပ်၏ ပထမနှစ်ရွက်သည် ဆောမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) ဆန္ဒမဲလက်မှတ်စာအုပ် တစ်အုပ်၏ အဖုံးတွင် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) ဟု ဖော်ပြထားသော်လည်း အတွင်းတွင် နတ်တလင်းမြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ် (၂) ဆန္ဒမဲလက်မှတ်ဖြစ်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် စာအုပ် ၃၈ အုပ်တွင် မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရောထွေးပါဝင်နေခြင်း၊ မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် ဆန္ဒမဲလက်မှတ်များအနက် မဲလက်မှတ်စာအုပ် ၈၃၆ အုပ်သည် အစွန်းအထင်းပါနေခြင်း၊ မဲလက်မှတ်စာအုပ် ၁၅ အုပ်တွင် ၅၀ အစား ၄၈ ရွက်သာရှိခြင်း၊ မဲလက်မှတ် ၃၅ အုပ်တွင် ၅၀ အစား ၅၂ ရွက်ဖြစ်နေခြင်း၊ ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ် (၁၁) မဲလက်မှတ်စာအုပ် ၃၀ မှာ အတွင်း၌ မဲလက်မှတ်များမှာ အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)၊ အမှတ်(၈)၊ အမှတ်(၁၀)တို့၏ ဆန္ဒမဲလက်မှတ် ၄၁၉ ရွက် ရောနှောပါဝင်နေခြင်း၊ ရှမ်းပြည်နယ်၊ လှိုင်လင်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲသို့ ထုတ်ပေးခဲ့သည့် ဗမာတိုင်းရင်းသားလူမျိုးဆန္ဒမဲလက်မှတ်တွင် လက်ချောင်းထိပ် မင်စွန်းနေသော မဲလက်မှတ်စာရွက် ၃၀ ပါဝင်နေခြင်းတို့ကို စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်တွင် ဖွဲ့စည်းထားသော စေ့စပ်ညှိနှိုင်းရေးကော်မတီများက ညှိနှိုင်းအစည်းအဝေးများပြုလုပ်၍ ဖြေရှင်းဆောင်ရွက်ခဲ့ရကြောင်း၊ ကနီမြို့နယ်၊ ဘုတ်ကုန်းကျေးရွာမဲရုံအမှတ် (၂) မှ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ မတွေ့ရှိဘဲ ကြိုတင်မဲလက်ကျန်သာ တွေ့ရှိရသဖြင့် စိစစ်ခဲ့ရာ မဲလက်မှတ် လက်ခံဖြတ်ပိုင်းများကို မဲရုံမှူးကသိမ်းဆည်းထားပြီး လာရောက်အပ်နှံမှုမပြုခြင်းနှင့် မြို့နယ်လက်ကျန်မြေပြင်တွေ့ရှိ စာရွက် ၉၃၅၀ (၁၈၇ အုပ်) အနက် မဲလက်မှတ်နံပါတ်စဉ်မပါကိုးအုပ်တွေ့ရှိရပြီး ၎င်းတို့အနက် တစ်အုပ်တွင် မဲဆန္ဒရှင်လက်မှတ် သို့မဟုတ် လက်ဗွေအမှတ်အသားမပါ အသုံးပြုပြီးဖြတ်ပိုင်း လေးစောင်ပါရှိကြောင်း တွေ့ရှိရခြင်း၊ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့အနေဖြင့် ကြို့ပင်ကောက်မြို့နယ်၊ စစ်ကုန်း (၁) ကျေးရွာအုပ်စု မဲရုံအမှတ် (၁)၊ ပဲခူးတိုင်းဒေသကြီး လွှတ်တော်၊ ကရင်တိုင်းရင်းသားလူမျိုး လွှတ်တော် ဆန္ဒမဲလက်မှတ်များအား ဖွင့်ဖောက်စစ်ဆေးခဲ့ရာ NLD ပါတီ ကရင်တိုင်းရင်းသားလူမျိုး လွှတ်တော်ကိုယ်စားလှယ်လောင်း ဒေါ်နော်ပွယ်စေး၏ ခိုင်လုံမဲများထဲတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲမှ ဆန္ဒမဲလက်မှတ် (အဝါရောင်နောက်ခံအညိုစင်း) များဖြင့် ထပ်မံဆန္ဒပြုမဲပေးထားသည့် ခိုင်လုံမဲ ၇၃ စောင် ရောနှောပါရှိနေကြောင်း တွေ့ရှိရခြင်း၊ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ် ချောင်းရင်းကျေးရွာအုပ်စု၊ မဲရုံအမှတ် (၂) ၏ ကြိုတင်မဲလက်မှတ် လက်ခံဖြတ်ပိုင်းများတွင် အခြားမဲရုံ ခုနစ်ရုံမှ မဲဆန္ဒရှင်များက မဲပေးထားခြင်း၊ မဲဆန္ဒရှင်လက်မှတ် မထိုးထားခြင်း၊ ပြည့်စုံစွာ ဖြည့်စွက်ထားရှိမှုမရှိခြင်း၊ မဲစာရင်းပုံစံ (၁)တွင် ဦးထွန်းမြင့်၊ ဦးဝင်းမြင့်၊ ဒေါ်ခင်ရွှေ၊ ဒေါ်နွေးနွေးလှိုင်နှင့် ဒေါ်ဟေမာန်ဦး စသည့်မဲဆန္ဒရှင် ငါးဦးတို့၏အမည်အား ခဲတံဖြင့် ထပ်မံဖြည့်စွက်ထားရှိသော်လည်း ကျန်အချက်အလက်များ ဖြည့်စွက်ထားရှိမှုမရှိခြင်းနှင့် မဲပေးထားရှိခြင်း၊ သရက်မြို့နယ်၊ အမှတ် (၇)ရပ်ကွက်၊ မဲရုံအမှတ် (၃) ၏ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ်၏ မဲဆန္ဒရှင်စာရင်းပုံစံ (၁) ကို မြေပြင် စစ်ဆေးချက်အရ ရပ်/ကျေး ကြိုတင်မဲပေးထားသည့် မဲစာရင်း အမှတ်စဉ် ၉၉၅ ဒေါ်အေးအေးအောင်၊ အမှတ်စဉ် ၉၉၈ ဒေါ်မိုင်မယ်စင်နှင့် အမှတ်စဉ် ၁၀၀၀ ဦးရန်နိုင်လင်းတို့နှင့်စပ်လျဉ်း၍ **"မြို့တွင်းဝင်ခွင့် မရသဖြင့် ဖုန်းဖြင့်ဆန္ဒပြု"**ဟု မှတ်ချက်ပြုရေးသား ထားသည်ကို စိစစ်တွေ့ရှိရခြင်း၊ အစရှိသည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိသည့်ဖြစ်စဉ်၊ ဖြစ်ရပ်နှင့် မှတ်တမ်းများကို စိစစ်တွေ့ရှိရပါကြောင်း၊ သက်ဆိုင်ရာမှတ်တမ်းဓာတ်ပုံများ၊ သက်သေခံစာရွက်စာတမ်းများ၊ မဲလက်မှတ်နမူနာများကိုလည်း တစ်ပါတည်းကြည့်ရှုလေ့လာနိုင်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သော ရွေးကောက်ပွဲဆိုင်ရာပြစ်မှုများနှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာနမှ ရရှိသောစာရင်းဇယားများအရ ၂၀၂၂ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့အထိ သက်ဆိုင်ရာရဲစခန်းများသို့ အမှုဖွင့်တိုင်ကြားထားသည့် အမှုပေါင်း ၅၄၆ မှုရှိပြီး တရားစွဲတင် ၃၃၄ မှု၊ ပိတ်သိမ်း ၁၇၂ မှုနှင့် လက်ကျန် ၄၀ မှုဖြစ်ကြောင်း၊ တရားမဲ့ပြုကျင့်မှုများနှင့်စပ်လျဉ်း၍ ကန့်ကွက်လွှာအမှုပေါင်း ၂၈၇ မှုရှိပြီး မဲဆန္ဒရှင်များက တင်ပြသည့်အမှု ၉၄ မှု၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက တင်ပြသည့်အမှု ၁၉၃ မှုတို့ဖြစ်ကြောင်း၊ ၂၀၁၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကန့်ကွက်လွှာအမှု ၂၉ မှု၊ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ကန့်ကွက်လွှာအမှု ၄၅ မှု တင်သွင်းခဲ့ခြင်းနှင့် နှိုင်းယှဉ်ပါက များစွာပိုမိုနေသည်ကို တွေ့ရှိရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့်ရှေ့လုပ်ငန်းစဉ် ၅ ရပ်ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့်သက်ဆိုင်သည့် မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးဆိုင်ရာ လုပ်ငန်းတာဝန်များကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ **(ဆက်လက်ဖော်ပြပါမည်)**

❂ စာမျက်နှာ ၁၉ မှ

| | | | | | | | | |
|---|---|---|---|---|---|---|---|---|
| ၄၄ | ကုန်းတဲကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၅၄ | ၃၉၆ | ၂၉၆ | ၁၀၀ | |
| ၄၅ | သိမ်ကုန်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၉၅၃ | ၄၄၇ | ၄၄၇ | | |
| ၄၆ | သဘွတ်ကုန်းကျေးရွာအုပ်စု | ၆ | ၃၀၀၀ | ၂၄၅၉ | ၅၄၁ | ၆၄၁ | | ၁၀၀ |
| ၄၇ | ရုံးပင်ဇောက်ကျေးရွာအုပ်စု | ၅ | ၂၁၅၀ | ၁၆၆၃ | ၄၈၇ | ၄၈၇ | | |
| ၄၈ | အုပ်ကြီးကျေးရွာအုပ်စု | ၄ | ၂၆၅၀ | ၁၇၂၆ | ၉၂၄ | ၉၂၄ | | |
| ၄၉ | ကြပ်ဆည်ကျေးရွာအုပ်စု | ၇ | ၃၈၀၀ | ၂၆၂၉ | ၁၁၇၁ | ၁၁၂၁ | ၅၀ | |
| ၅၀ | ဆည်တိုကျေးရွာအုပ်စု | ၈ | ၄၉၀၀ | ၃၅၄၉ | ၁၃၅၁ | ၁၅၀၁ | | ၁၅၀ |
| ၅၁ | ဒဟတ္တန်းကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၉၄၂ | ၂၅၈ | ၂၅၈ | | |
| ၅၂ | လဲတောကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၈၄၆ | ၁၅၄ | ၁၅၄ | | |
| ၅၃ | ဖျောက်ဆိပ်ကုန်းရွာအုပ်စု | ၄ | ၂၅၀၀ | ၁၅၂၈ | ၉၇၂ | ၉၂၄ | ၄၈ | |
| ၅၄ | ရေချိုဘူတာကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၃၅ | ၅၁၅ | ၅၁၅ | | |
| ၅၅ | ယာကြီးကုန်းကျေးရွာအုပ်စု | ၆ | ၃၂၀၀ | ၁၈၇၁ | ၁၃၂၉ | ၁၂၂၇ | ၁၀၂ | |
| ၅၆ | လယ်ဗျားကျေးရွာအုပ်စု | ၄ | ၂၀၅၀ | ၁၂၆၈ | ၇၈၂ | ၈၇၈ | | ၉၆ |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၁၀ | ၁၃၀၉၀၆ | ၉၆၇၂၃ | ၃၄၁၈၃ | ၃၀၇၉၅ | ၃၇၃၈ | ၃၅၀ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၄၈၅ | ၄၈၅ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၇၅၈၈ | | ၇၅၈၈ | ၈၇၃၄ | | ၁၁၄၆ |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၁၀ | ၁၃၈၉၇၉ | ၉၇၂၀၈ | ၄၁၇၇၁ | ၃၉၅၂၉ | ၃၇၃၈ | ၁၄၉၆ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံများအား ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၁

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုလွင်သည် မေ ၁၀ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်ရှိ ဆေးဝါးစက်ရုံ(အင်ရောင်း) စက်ရုံအစည်းအဝေးခန်းမ၌ ဆေးဝါးစက်ရုံ(အင်ရောင်း)နှင့် အိမ်သုံးပစ္စည်းစက်ရုံ(မင်းစု)တို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက စက်မှုကဏ္ဍ ပြုပြင်ပြောင်းလဲမှုလုပ်ငန်းများ များစွာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စက်မှုကဏ္ဍနှင့် သက်ဆိုင်သည့် ဥပဒေ၊ နည်းဥပဒေများကို ခေတ်နှင့် လျော်ညီအောင် ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းရမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍနှင့် ပတ်သက်သည့် သုတေသနများပြုလုပ်ခြင်း၊ စံချိန်စံညွှန်းများရေးဆွဲခြင်း၊ ဓာတ်ခွဲခန်းများထူထောင်ခြင်း၊ စက်မှုဇုန်များဖွံ့ဖြိုးရေးနှင့် ကြီးကြပ်စစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် Regulatory Body အဖြစ်သာ ရပ်တည်သွားမည်ဖြစ်ကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ စက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် Strategy နှင့် Policy များ ရေးဆွဲသွားမည်ဖြစ်ကြောင်း၊ MSME များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နည်းပညာရရှိရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေး၊ ငွေကြေးအရင်းအနှီးများရရှိရေး ဆောင်ရွက်ခြင်း၊ Incubation Center များ ထူထောင်ခြင်းဖြင့် ရည်မှန်းချက်ထား ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း။

ထိုသို့ ဆောင်ရွက်ရာတွင် နိုင်ငံတော်၏မူဝါဒ၊ လက်ရှိဆောင်ရွက်နေသည့် အခြေအနေများနှင့် လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့အပြင် နိုင်ငံပိုင် စက်ရုံအလုပ်ရုံများကိုလည်း နိုင်ငံတော်၏ စီးပွားရေးမူဝါဒများနှင့်အညီ ပြည်တွင်း ပြည်ပ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ အစိုးရ-ပုဂ္ဂလိက PPP ပုံစံ ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Private sector led Economic Growth ဆိုသည့်အတိုင်း ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ သို့မှသာ Regional Supply Chain မှတစ်ဆင့် Globel Supply Chain အတွင်းသို့ ချိတ်ဆက် ဝင်ရောက်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ဝန်ထမ်းများ အနေဖြင့်လည်း အရည်အသွေးနှင့် အရည်အချင်းပြည့်ဝပြီး Professional ဆန်ဆန် လုပ်ဆောင်နိုင်ရန် ကြိုးစားရမည်ဖြစ်ကြောင်း၊ မိမိစက်ရုံ တိုးတက်ရေးအတွက်လည်း စဉ်းစားတွေးခေါ်၍ ကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများကို လိုက်နာကြရမည်ဖြစ်ကြောင်း၊ နိုင်ငံ့တာဝန်ကို မည်သည့်အစိုးရက တာဝန်ယူသည်ဖြစ်စေ မိမိတို့ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင်ထမ်းဆောင်ကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်က တရားဝင်ထုတ်ပြန်သည့် အမိန့်နှင့် ညွှန်ကြားချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားသည်။

ထို့နောက် ဆေးဝါးစက်ရုံ (အင်ရောင်း) စက်ရုံမှူးက လုပ်ငန်းလည်ပတ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များကို မှာကြားပြီး သွေးကြောသွင်းဆေးရည်များ ထုတ်လုပ်နေမှု အဆင့်ဆင့်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် အိမ်သုံးပစ္စည်း စက်ရုံ (မင်းစု)သို့ ရောက်ရှိပြီး စက်ရုံမှူးက လုပ်ငန်းလည်ပတ် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက အမှာစာရရှိထားသည့် ထုတ်ကုန်များကို အချိန်မီထုတ်လုပ်ပေးနိုင်ရေး စီမံဆောင်ရွက်ရန်၊ မီးဘေးအန္တရာယ်ကင်းရှင်းရေးနှင့် လုံခြုံရေးကိစ္စရပ်များအား အထူးအလေးထား ဆောင်ရွက်ရန်၊ ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ကြရန်၊ မိမိတို့၏ လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြရန်နှင့် မိမိတို့၏ စွမ်းဆောင်ရည်များ မြင့်မားတိုးတက်စေရေးအတွက် အမြဲမပြတ် လေ့လာသင်ယူကြရန် မှာကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။ ထို့နောက် စက်ရုံအတွင်း ထုတ်လုပ်ထားရှိသည့် ဆေးရုံသုံး စတီးလ်ပစ္စည်းများ၊ အိမ်သုံးစတီးလ်ပစ္စည်းအမျိုးမျိုးနှင့် ပလတ်စတစ်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နေမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အမှတ်(၇)အထည်စက်ရုံ (မြစ်သား)သို့ ရောက်ရှိပြီး စက်ရုံမှူးက လုပ်ငန်းလည်ပတ် အကောင်အထည်ဖော် ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ဈေးကွက်ဝင်ပြီး Demand ရှိသော ၁/၄၀ ချည်များကို ပိုမိုတိုးမြှင့်ထုတ်လုပ်နိုင်ရေးနှင့် အရည်အသွေးကောင်းမွန်ရေး စီမံဆောင်ရွက်ရန်၊ စက်ရုံလုံခြုံရေးနှင့် မီးဘေးအန္တရာယ် မဖြစ်ပွားစေရေးအထူးအလေးထား ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ် စစ်တွေမြို့တွင် ကျင်းပသော ရက္ခပူရသာသနာလင်္ကာရစာမေးပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ပထမဆုံးကျင်းပသည့် သာသနာတော်ဆိုင်ရာ စာမေးပွဲဖြစ်

နေပြည်တော် မေ ၁၁

မြန်မာနိုင်ငံထေရဝါဒဗုဒ္ဓဘာသာ သာသနာတော်တွင် ကျင်းပပြုလုပ်လေ့ရှိသော ပရိယတ္တိဆိုင်ရာ စာမေးပွဲများအနက် ၁၉၄၉ ခုနှစ်မှစ၍ သက်တော် ၂၀ မပြည့်သေးသည့် ရှင်သာမဏေများအတွက် သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲကို နှစ်စဉ်တန်ဆောင်မုန်းလမှ တပို့တွဲလ(နိုဝင်ဘာလမှ ဖေဖော်ဝါရီလ)အတွင်း ကျင်းပလေ့ရှိကြောင်း၊ သို့သော်လည်း COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေအရ ကျင်းပရန် ခေတ္တရွှေ့ဆိုင်းခဲ့ရကြောင်း၊ ယခုအခါ COVID-19 ရောဂါဖြစ်ပွားမှု အတော်အတန်ထိန်းချုပ်နိုင်သည့် အခြေအနေပေါ်မူတည်၍ သာမဏေကျော်စာမေးပွဲများကို ကျင်းပခဲ့သည်။

## အောင်မြင်စွာကျင်းပခဲ့

သို့အတွက် ရခိုင်ပြည်နယ် စစ်တွေမြို့ မင်းဂံရပ်ကွက်ရှိ ရက္ခပူရသာသနာလင်္ကာရအသင်းသည် အဆိုပါအသင်း၏ဗိမာန်၌ ရက္ခပူရသာသနာလင်္ကာရစာမေးပွဲ(သာသနာလင်္ကာရ သာမဏေကျော်စာမေးပွဲ)ကို နာယကဆရာတော်ကြီးများ၊ ဩဝါဒါစရိယဆရာတော်ကြီးများ၏ ဩဝါဒနှင့်အညီ ၂၀၂၂ ခုနှစ် မတ် ၁၃ ရက်မှ ၁၅ ရက်အထိ အောင်မြင်စွာ ကျင်းပခဲ့ကြောင်း၊ စာဖြေသာမဏေ ၇၁ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြောင်း၊ စာမေးပွဲကျင်းပဖြေဆိုရာတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ COVID-19 ရောဂါ ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ခဲ့သည်။

## ဂုဏ်ပြုမှတ်တမ်းလွှာပေးပို့ထား

အဆိုပါစာမေးပွဲသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစိုးရလက်ထက်တွင် ပထမဆုံးကျင်းပသော သာသနာတော်ဆိုင်ရာ စာမေးပွဲဖြစ်ပြီး မြတ်ဗုဒ္ဓသာသနာတော် ရေရှည်တည်တံ့ပြန့်ပွားရေးကို ဦးတည်၍ ကြိုးပမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် စာမေးပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အဘက်ဘက်က ကြိုးပမ်းအားထုတ်ခဲ့သည့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ရက္ခပူရသာသနာလင်္ကာရအသင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးပို့ထားပါကြောင်း သိရသည်။

**သတင်းစဉ်**

**ခေတ်သစ်နယ်ချဲ့ အလိုကျ ရှုးရှုးနှမ်းနှမ်း**
**လိုက်ပါမိရင် ဘဝတွေ ကြွေလွင့်ကြရမယ်။**
**မကောင်းမှုရှောင်ကာ ကောင်းမှုဆောင်နိုင်ကြပါစေ။**
**စိတ်ဖြူ နှုတ်ဖြူ - အလုပ်ဖြူတဲ့ လူငယ်တွေ။**

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဧပြီ ၁၁**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ပြည်သူ့ဆေးရုံ၊ မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်နေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်း အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများကို တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် ဧပြီ ၁၁**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၃၄၂၉၂ ဦး၊ အတွင်းလူနာ ၄၂၂၁ ဦးကို ကုသပေးနိုင်ခဲ့ပြီး ၎င်းလူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၆၃၁၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၃၃၀၅ ဦး စုစုပေါင်း ၉၆၁၅ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားလူနာ ၃၃၂၁ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၅၀၀၈ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိကလေးငယ် ၈၃၂၉ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား ထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့် လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ကိုပါ စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ သတင်းစဉ်



## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၁၈၆၉၉၉၆ | ၂၄၄၂၃၅၈၉ | ၅၇၅၅၉၅ |
| ၂။ | ဘရာဇီး | ၁၃၄၄၅၀၀၆ | ၁၁၈၃၈၅၆၄ | ၃၅၁၄၆၉ |
| ၃။ | အိန္ဒိယ | ၁၃၃၅၈၈၀၅ | ၁၂၀၈၁၄၄၃ | ၁၆၉၃၀၅ |
| ၄။ | ပြင်သစ် | ၅၀၂၃၇၈၅ | ၃၀၃၆၃၉ | ၉၈၆၀၂ |
| ၅။ | ရုရှား | ၄၆၄၁၃၉၀ | ၄၂၆၅၅၀၉ | ၁၀၂၉၈၆ |
| ၆။ | ဗြိတိန် | ၄၃၆၈၀၄၅ | ၃၉၆၁၇၃၈ | ၁၂၇၀၈၀ |
| ၇။ | တူရကီ | ၃၇၉၈၃၃၃ | ၃၃၀၁၂၁၇ | ၃၃၇၀၂ |
| ၈။ | အီတလီ | ၃၇၅၄၀၇၇ | ၃၁၀၇၀၆၉ | ၁၁၃၉၂၃ |
| ၉။ | စပိန် | ၃၃၄၇၅၁၂ | ၃၀၉၅၉၂၂ | ၉၆၃၂၈ |
| ၁၀။ | ဂျာမနီ | ၂၉၉၂၈၀၃ | ၂၆၇၁၂၀၀ | ၇၈၈၅၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၅၆၆၉၉၅ | ၁၄၁၄၅၀၇ | ၄၂၅၃၀၂ |
| ၂။ | ဖိလစ်ပိုင် | ၈၆၄၈၆၈ | ၇၀၃၄၀၄ | ၁၄၉၄၅ |
| ၃။ | မလေးရှား | ၃၆၀၈၅၆ | ၃၄၃၉၅၃ | ၁၃၂၉ |
| ၄။ | မြန်မာ | ၁၄၂၅၈၇ | ၁၃၁၈၅၆ | ၃၂၀၆ |
| ၅။ | စင်ကာပူ | ၆၀၆၅၃ | ၆၀၃၂၂ | ၃၀ |
| ၆။ | ထိုင်း | ၃၂၆၂၅ | ၂၈၂၁၄ | ၉၇ |
| ၇။ | ကမ္ဘောဒီးယား | ၄၂၃၈ | ၂၁၅၂ | ၂၉ |
| ၈။ | ဗီယက်နမ် | ၂၆၉၃ | ၂၄၂၉ | ၃၅ |
| ၉။ | ဘရူနိုင်း | ၂၁၉ | ၂၀၆ | ၃ |
| ၁၀။ | လာအို | ၅၁ | ၄၇ | ၀ |

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့ စည်းကမ်းများကို လိုက်နာစို့**

# သူရဲကောင်းတစ်ယောက်၏ အတ္ထုပ္ပတ္တိ ဗိုလ်မှူးသီဟသူရကျင်စံ

## သီဃသူ

“ငါ့သားများ စစ်ထဲဝင်ရင်လေ
သူ့ကိုပြောလိုက်စမ်းပါကွာ၊
စစ်တပ်ဆိုတာ အမှန်သာလိုက်နာနိုင်ရင်
တကယ့်ယောကျ်ားမြတ်ဖြစ်စေနိုင်တဲ့ တရားတွေကို
သင်ကြားပေးတဲ့ကျောင်းကြီးပေါ့”

(စစ်သည်တော်ဟောင်းတစ်ဦး)

ကြာတော့ကြာခဲ့ပြီ။ လွန်ခဲ့သော နှစ်ပေါင်း ၇၀ ခန့်ကာလ။ ၁၉၅၂ ခုနှစ် ဇန်နဝါရီလတွင် ပုံနှိပ်ခဲ့သည့် လက်တစ်ဝါးသာသာအရွယ် စစ်သည်တော်ကျင့်ဝတ်စာအုပ်ကလေး၏ အဖွင့်စာမျက်နှာတွင် ပါရှိခဲ့သည့် အထက်ပါစာပိုဒ်လေးက ထိုခေတ်၏ Gen-Z ဟု ဆိုရမည့် ဆယ်ကျော်သက်အရွယ် လူငယ်လေးတစ်ဦးကို ညှို့ငင်ခဲ့သည်။

စာပိုဒ်လေးထဲမှာပါသည့် **“တကယ့်ယောကျ်ားမြတ်ဖြစ်စေနိုင်တဲ့တရားတွေကိုသင်ကြားပေးတဲ့ကျောင်းကြီး”**ဆီသို့ ထိုလူငယ်လေးက အရောက်သွားခဲ့သည်။ အဆင့်ဆင့်သော သင်ယူလေ့ကျင့်မှုများစွာဖြင့် ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် စွမ်းရည်သတ္တိတို့ကို မြှင့်တင်ကာ လက်ရုံးရည်နှင့် နှလုံးရည်တို့ကို တည်ဆောက်ခဲ့သည်။

သူသည် တပ်မတော်အရာရှိဘဝဖြင့် ၁၉၆၃ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ ဆယ်နှစ်ကျော်ကာလအတွင်း တိုက်ပွဲပေါင်းများစွာတွင် သူ၏ စွမ်းရည်သတ္တိတို့ကို အမြင့်ဆုံးပြသခဲ့ပြီး သူ့ဘဝအတွက် နောက်ဆုံးတိုက်ပွဲတွင်မူ သူရဲကောင်းပီသစွာ အသက်ကို စွန့်လွှတ်သွားခဲ့သည်။ သူသည် မြန်မာ့မြေပေါ်တွင် ရာဇဝင်တွင်သည့် သူရဲကောင်းများစွာ ပေါ်ထွန်းခဲ့သည့်အနက် တစ်ခေတ်တစ်ယောက်ဆိုသလို ပါဝင်ခဲ့သူ ဗိုလ်မှူးသီဟသူရကျင်စံပင် ဖြစ်ပါသည်။

* * *

“ဗိုလ်မှူးသီဟသူရကျင်စံ”၏ အကြောင်းကို စာရေးသူ သီဟအောင်က ၁၉၉၁-၉၂ ခုနှစ်ကာလအတွင်းက ရေးသားခဲ့ခြင်းဖြစ်ရာ နှစ်ကာလအားဖြင့် နှစ်ပေါင်း ၃၀ ခန့် ကြာမြင့်ခဲ့ပြီဖြစ်သည်။ သို့ရာတွင် စာအုပ်အနေဖြင့် ထွက်လာခြင်းမရှိဘဲ လက်နှိပ်စက်စာမူများအဖြစ်ဖြင့် တိမ်မြုပ်ပျောက်ကွယ်နေခဲ့ရာမှ အကြောင်းတရားတို့ ပေါင်းစုံစုစည်းလာချိန်တွင် စာအုပ်အဖြစ် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

ပထမအကြောင်းတရားမှာ ဗိုလ်မှူး သီဟသူရကျင်စံ၏ သမီးကြီး ဒေါ်စမ်းစမ်းမာ (ပါမောက္ခချုပ်၊




ကျိုင်းတုံတက္ကသိုလ်)က ၎င်း၏ ဖေ့စ်ဘွတ်စာမျက်နှာတွင် ဖခင်ဖြစ်သူ ဗိုလ်မှူးကျင်စံ ကျဆုံးစဉ်က မြေမြှုပ်သင်္ဂြိုဟ်ခဲ့သော ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပျဉ်းမြို့နယ် ဝေးလံသော တောင်ပေါ်တစ်နေရာမှ အထိမ်းအမှတ်ကျောက်တိုင်ကို ဒေသခံများ အကူအညီဖြင့် ရှာဖွေထိန်းသိမ်းပြုပြင်ခဲ့ကြောင်း ရေးသားတင်ပြမှုဖြစ်ပြီး ယင်းဖေ့စ်ဘွတ်စာမျက်နှာကို တွေ့မြင်ဖတ်ရှုလိုက်ရသူလည်း အများအပြား ရှိခဲ့သည်။

ဒုတိယအကြောင်းတရားမှာ ဗိုလ်မှူးသီဟသူရကျင်စံအကြောင်း စာအုပ်ရေးသားခဲ့သော်လည်း စာမူလက်ဝယ်မရှိတော့၍ လက်လှမ်းမီသူများက ရှာဖွေတွေ့ရှိပါက ကျေးဇူးပြုစေလိုကြောင်း စာရေးသူ သီဟအောင်က ဝင်ရောက်မှတ်ချက်ပြုရေးသားခဲ့ခြင်းဖြင့် ဆယ်စုနှစ်ပေါင်း သုံးစုကြာမျှ တိမ်မြုပ်ပျောက်ကွယ်နေခဲ့သည့် စာမူမှ စာအုပ်ထုတ်ဝေရန် လမ်းစထွက်ပေါ်လာခြင်းဖြစ်သည်။

တတိယအကြောင်းတရားမှာမူ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ဗိုလ်မှူးသီဟသူရကျင်စံအကြောင်းစာမူကို စာအုပ်ထုတ်ဝေရန်နှင့် အထိမ်းအမှတ်ကျောက်တိုင်ကိုလည်း ဂူဗိမာန်အဖြစ် တည်ဆောက်ပြီး စစ်အခမ်းအနားဖြင့် ဂုဏ်ပြုအလေးပြုရန် ညွှန်ကြားခဲ့ခြင်းဖြစ်သည်။ ဤသို့ဖြင့်

**ဤစာအုပ်ကို ဖတ်ရှုသူများအနေဖြင့် စစ်မှုရေးရာများကို တစ်စိတ်တစ်ပိုင်း လေ့လာသိရှိရခြင်းဖြင့် ရှေးအစဉ်အဆက်မှ တပ်မတော်သားများ၊ လက်ရှိတာဝန်ထမ်းဆောင်နေဆဲ တပ်မတော်သားများ၏ စစ်မြေပြင်ခရီးကြမ်း၌ ဖြတ်သန်းကျော်လွှားနေရပုံများကို သဘောပေါက် စာနာနားလည်ပြီး တပ်မတော်သားများနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်းဖြင့် နိုင်ငံ့တာဝန်များကို ဦးထမ်းပဲ့ထမ်း ထမ်းရွက်နိုင်ကြမည်ဟု ယုံကြည်မျှော်လင့်။**



ရှမ်းပြည်နယ်တောင်ပိုင်း မိုင်းပျဉ်းမြို့နယ်အတွင်းရှိ ဝေးလံသော တောင်ပေါ်တစ်နေရာတွင် တာဝန်ကို ကျေပွန်စွာဖြင့် အသက်ပေးထမ်းဆောင်သွားခဲ့သော ဗိုလ်မှူးသီဟသူရကျင်စံ၏ အထိမ်းအမှတ် ဂူဗိမာန်လေး ပေါ်ပေါက်လာပြီး ဆရာသီဟအောင် ရေးသားခဲ့သည့် ဗိုလ်မှူးသီဟသူရကျင်စံအကြောင်း စာအုပ်သည်လည်း မြဝတီစာပေတိုက်မှ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလတွင် ပထမအကြိမ် ထုတ်ဝေနိုင်ခဲ့သည်။

* * *

ဗိုလ်မှူးသီဟသူရကျင်စံအကြောင်းစာအုပ်ကို ရေးသားသူ သီဟအောင်သည် ကဗျာဆရာ၊ စာရေးဆရာ၊ သတင်းစာဆရာအဖြစ်ဖြင့် စာနယ်ဇင်းလောကတွင် နှစ်ပေါင်းများစွာ ကျင်လည်ခဲ့သူဖြစ်သည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတို့တွင် ကဗျာ၊ ဝတ္ထု၊ ဆောင်းပါး၊ သတင်းများနှင့် ကျင်လည်ရသည့် စာရေးဆရာ၊ သတင်းစာဆရာဘဝသို့ မရောက်သေးမီက သူသည် တပ်မတော်အရာရှိတစ်ဦးအဖြစ်ဖြင့် နှစ်ပေါင်း ၂၀ ကျော်ကြာ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်သည်။

**ဗိုလ်မှူး သီဟသူရကျင်စံစာအုပ်သည် လူပုဂ္ဂိုလ်တစ်ဦး၏ ဘဝမှတ်တမ်းအတ္ထုပ္ပတ္တိ စာပေမျိုးဖြစ်ရာ စိတ်ကူးယဉ်ဖွဲ့နွဲ့ရေးသား၍ မရ။ မှတ်တမ်းမှတ်ရာ အချက်အလက်များကို အမှီကအားပြု၍ ရေးသားရခြင်းဖြစ်သည့်အလျောက် လူပုဂ္ဂိုလ်၏ စရိုက်သဘာဝနှင့် ၎င်းပုဂ္ဂိုလ်၏ အဖြစ်အပျက်အကြောင်းအရာတို့ကို ပုံဖော်ရေးသားရာတွင် မှားယွင်းချွတ်ချော်တိမ်းပါး၍လည်းမရ။ သို့တစေ မှတ်တမ်းမှတ်ရာ အချက်အလက် သက်သက်မျှဖြင့် ဖတ်ချင်စဖွယ်မကောင်းလောက်အောင် သွေ့ခြောက်နေ၍လည်းမဖြစ်။ ထို့ပြင်တစ်ဝ စစ်သည်တော်ကောင်းတစ်ယောက်၊ ခေါင်းဆောင်ကောင်းတစ်ယောက်၊ သူရဲကောင်းတစ်ယောက်၏ ထူးခြားသည့် ကိုယ်ရည်ကိုယ်သွေးနှင့် နောင်လာနောက်သားတို့ အတုယူဖွယ်ရာ၊ စံပြုဖွယ်ရာ လက်ရုံးရည်နှလုံးရည်တို့ကိုလည်း ပေါ်လွင်အောင်ရေးသားရန် လိုအပ်သည်။ ထိုကဲ့သို့သော စာရေးသူ၏ အရည်အသွေးတို့ကို ထိုစာအုပ်တွင် တွေ့မြင်နိုင်သည်။**

“ယခု ဤစာအုပ်ပါ ‘ဗိုလ်မှူး သီဟသူရကျင်စံ’ အကြောင်း ဖတ်ရှုလေ့လာလျှင် တပ်တွင်းစည်းလုံးညီညွတ်မှု၊ တပ်ပြင်စည်းလုံးညီညွတ်မှုတို့ကို သတိပြုမိနိုင်မည်ဟု ယူဆပါသည်။ ရဲရေးရောက်သော်၊ ရွံ့ကြောက်မဲ့တွန် နိုင်ငံ့ဝန်၌ တာဝန်ထမ်းဆောင်သူတို့၏ သေအတူ ရှင်မကွဲ ရဲဘော်ရဲဘက်စိတ်ဓာတ်ကိုလည်း အမှတ်ထင်ထင် တွေ့မြင်နိုင်ပါလိမ့်မည်။

**“ဤစာအုပ်ကို ဖတ်ရှုသူများအနေဖြင့် စစ်မှုရေးရာများကို တစ်စိတ်တစ်ပိုင်း လေ့လာသိရှိရခြင်းဖြင့် ရှေးအစဉ်အဆက်မှ တပ်မတော်သားများ၊ လက်ရှိတာဝန်ထမ်းဆောင်နေဆဲ တပ်မတော်သားများ၏ စစ်မြေပြင်ခရီးကြမ်း၌ ဖြတ်သန်းကျော်လွှားနေရပုံများကို သဘောပေါက် စာနာနားလည်ပြီး တပ်မတော်သားများနှင့်အတူ တစ်စိတ်တစ်ဝမ်းတည်းဖြင့် နိုင်ငံ့တာဝန်များကို ဦးထမ်းပဲ့ထမ်း ထမ်းရွက်နိုင်ကြမည်ဟု ယုံကြည်မျှော်လင့်နေပါ၏”**ဟူ၍ စာရေးသူ သီဟအောင်က စာရေးသူအမှာစာတွင် ထည့်သွင်းရေးသားခဲ့ရာ စာအုပ်ပါအကြောင်းအရာတို့ကို ခြုံငုံမှန်းဆနိုင်ကြမည်ဖြစ်သည်။

* * *

စာအုပ်ပါ အဖြစ်အပျက်များ၏ အစသည် မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးစကာလ ဖဆပလ အစိုးရခေတ်မှာဖြစ်သည်။ လွတ်လပ်ရေးမရမီတွင် မွေးခဲ့သည့် နာနီးခေါ် မောင်ကျင်စံလေးမှာ ၁၉၅၀ ပြည့်လွန်နှစ်များတွင် ဆယ်ကျော်သက်အရွယ်သို့ရောက်ခဲ့ပြီ။ ဗိုလ်မှူးကျင်စံ၏ ငယ်ဘဝများအကြောင်းကို ပုံဖော်ရေးသားရန်အတွက် ဗန်းမော်မြို့ရှိ ဗိုလ်မှူးကျင်စံ၏ အစ်မတစ်ဦးထံသို့ စာရေးသူ သီဟအောင်က သွားရောက်တွေ့ဆုံမေးမြန်းခဲ့ရခြင်းဖြစ်သည်ဟု ဆိုသည်။

“ကျင်စံကား မကြောက်တရားကို ရင်မှာထားသော ယောကျ်ားဘသားလည်း ဖြစ်သည်။ စစ်သားဖြစ်လာမှ၊ စစ်ဗိုလ်ဖြစ်လာမှ ကြောက်စိတ်ဖယ်၍ ရဲစိတ်ဝင်လာသူမဟုတ်ပေ။

“လူချင်းတူလျှင်, ဘက်တူလျှင် လူမရွေးပါဘူး”ဟု ဆိုသည့် အဆင့်အတန်းထဲတွင် ထိပ်ဆုံးမှ ပါမည့်သူဖြစ်သည်။ တစ္ဆေသရဲဆိုသည်ကိုလည်း ကြောက်ဖို့ဝေလာဝေး။ ညဥ့်နက်သန်းခေါင် ညကြီးမင်းကြီး သွားလာလှုပ်ရှားမှုများက သက်သေထူနေသည်။

ထို့ပြင် မည်သည့်တိရစ္ဆာန်၊ သတ္တဝါကိုမျှလည်း မကြောက်ရွံ့ နောက်မတွန့်တတ်ချေ။ ပဥ္စဝုဓမင်းသားလိုပင် ထန်းပင်လောက်ရှိသည့် အမွေးစုတ်ဖွားနှင့် ဘီလူးသဘက်ကိုပင် ရင်ဆိုင်ယှဉ်ပြိုင်၍ အနိုင်ယူမည့်သူဟု တင်စားလောက်သည်။” (စာမျက်နှာ- ၁၂)

သူရဲကောင်း စစ်သည်တော်တစ်ယောက်ဖြစ်လာမည့် မောင်ကျင်စံ၏ ငယ်ဘဝ အမှတ်တရ ပုံရိပ်များသည် စာမျက်နှာများထက်တွင် ရှန်းကြွလှုပ်ရှားလျက်ရှိသည်။

စာမျက်နှာ ၂၅ သို့

## ရွှေပြည်သာမြို့နယ် ကြက်ခြေနီအသင်းခွဲသို့ လူနာတင်ယာဉ်တစ်စီးနှင့် အောက်ဆီဂျင်ဘူးလှူဒါန်း



**ရန်ကုန် မေ ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ကြက်ခြေနီအသင်းခွဲသို့ လူနာတင်မော်တော်ယာဉ်တစ်စီးနှင့် အောက်ဆီဂျင်ဘူးလှူဒါန်းပွဲကို မေ ၈ ရက် မွန်းလွဲ ၁ နာရီတွင် မင်္ဂလာဒုံမြို့နယ် ထောက်ကြန့်ရှိ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းခရိုင် ကြက်ခြေနီ ကြီးကြပ်မှုကော်မတီ မြောက်ပိုင်းခရိုင်ရုံး သပြေညိုခန်းမ၌ ကျင်းပရာ မြောက်ပိုင်းခရိုင် ကြက်ခြေနီအသင်း ဥက္ကဋ္ဌ ဦးနေဆန်းက အဖွင့်အမှာစကားပြောကြားပြီး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်စန်းစန်းမော်က လူနာတင်မော်တော်ယာဉ်နှင့် ပတ်သက်သော အသုံးပြုရမည့် လုပ်ငန်းများအကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထို့နောက် ဦးနန်းလွင်ဦး-ဒေါ်ခင်မျိုးထက်( စင်ကာပူ)၊ ဦးမျိုးမင်းညွန့်မိသားစု (စင်ကာပူ)တို့က ALPHARD အမျိုးအစား လူနာတင်ယာဉ်တစ်စီးနှင့် ဦးကိုကိုလတ် - ဒေါ်ခင်နွဲ့ရီမိသားစုက အောက်ဆီဂျင်ဘူးတို့ကို လှူဒါန်းရာ မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် ကြက်ခြေနီအသင်းခွဲ ဒုတိယဥက္ကဋ္ဌ ဦးတင်သောင်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**

## သတ်မှတ်သွင်းကုန်လိုင်စင်ကြေးနှုန်းထားဖြင့် ကောက်ခံရန်ကာလတိုးမြှင့်

**နေပြည်တော် မေ ၁၁**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားနေစဉ်ကာလအတွင်း ပြည်သူများ၏ စိတ်ဓာတ်ရေးရာ မြှင့်တင်ပေးသည့်အနေဖြင့် နိုင်ငံတော်က အခွန်အခများကို ဖြေလျှော့ပေးလျက်ရှိရာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် သွင်းကုန်လိုင်စင်ကြေးများကို လိုင်စင်တစ်စောင်လျှင် ငွေကျပ် ၃၀၀၀၀နှုန်းဖြင့် ပြောင်းလဲကောက်ခံခြင်းအား ၂၀၂၀ ပြည့်နှစ် ဧပြီလ ၆ ရက်နေ့မှ စက်တင်ဘာလ ၃၀ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်နေ့မှ ဒီဇင်ဘာလ ၃၁ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ်၊ ၆၄/၂၀၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှ ဇန်နဝါရီလ ၃၁ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ်၊ ၈၅/၂၀၂၀ ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့မှ ဖေဖော်ဝါရီလ ၂၈ ရက်နေ့အထိအား အမိန့်ကြော်ငြာစာ အမှတ်၊ ၁၃/၂၀၂၁ ဖြင့်လည်းကောင်း၊ ၂၀၂၁ ခုနှစ်၊ မတ်လ ၁ ရက်နေ့မှ မတ်လ ၃၁ ရက်နေ့အထိအား အမိန့်ကြော်ငြာစာအမှတ်၊ ၂၀/၂၀၂၁ ဖြင့်လည်းကောင်း ထပ်မံထုတ်ပြန်၍ ကာလတိုးမြှင့် ဆောင်ရွက်ပေးခဲ့ပါသည်။

အဆိုပါ သွင်းကုန်လိုင်စင် တစ်စောင်လျှင် ငွေကျပ် ၃၀၀၀၀ နှုန်းဖြင့် ကောက်ခံခြင်းကို ၂၀၂၁ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့အထိ ထပ်မံကာလတိုးမြှင့်သတ်မှတ်လိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

✪ စာမျက်နှာ ၂၄ မှ

၁၉၅၈ ခုနှစ် ဇွန်လ ၅ ရက်နေ့တွင် ချယ်ရီဝေသော ပြင်ဦးလွင်ရှိ စစ်တက္ကသိုလ်သို့ ကျင်စံ ရောက်ရှိလာသည်။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၄) စစ်ပညာ ခေတ်ပညာတို့ သင်ယူဆဲကာလမှာပင် ဗိုလ်လောင်းကျင်စံ ထူးစွာသော ဖူးစာဖက်ကို ဆုံခဲ့ရသည်။

၁၉၆၃ ခုနှစ် ဧပြီလ ၂၇ ရက်။

အထက်တန်း ပထမနှစ် ဗိုလ်လောင်းသင်တန်း (တတိယနှစ်) တွင် ကျရှုံးခဲ့ရသည့် ဗိုလ်လောင်းကျင်စံ မှာ စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်း အမှတ်စဉ် (၅) တွင် ကျောင်းဆင်းခဲ့ရပြီး ဒုတိယဗိုလ်အဖြစ် ခန့်အပ်ခံခဲ့ရသည်။ မြန်မာနိုင်ငံသည်လည်း နိုင်ငံရေးအခြေအနေ ပြောင်းလဲခဲ့ပြီ။ တော်လှန်ရေးကောင်စီ အစိုးရလက်ထက် တစ်လျှောက်လုံးတွင် ဒုတိယဗိုလ်ဘဝမှသည် ဗိုလ်မှူးကျင်စံ ဖြစ်လာသည်အထိ ဆယ်စုနှစ်နှင့်ချီသည့်ကာလအတွင်း သူပါဝင်ဆင်နွှဲခဲ့ရသည့် တိုက်ပွဲများ။ အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေ ကျိုက်ထို၊ ဘီးလင်း၊ သိမ်ဇရပ်ဒေသများ တစ်ဝိုက် ထမ်းဆောင်ခဲ့သည့် စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေးတာဝန်များ။ သူ့အမည်က ဗိုလ်ကျင်စံ သို့သော် သူရင်ဆိုင်တိုက်ခိုက်ခဲ့ရသည့် တစ်ဖက်ရန်သူက သူ့ကိုပေးခဲ့သည့် အမည်မှာ ဗိုလ်ကလီးကလိုး (ဗိုလ်ကျည်ဆန်) ဟူ၍။ ကိုယ်တိုင်က စစ်သည်တစ်ဦးဖြစ်ခဲ့သည့် စာရေးသူ သီဟအောင် (ဗိုလ်မှူးဝင်းတင်) က ဗိုလ်ကျင်စံ ဆင်နွှဲခဲ့ရသည့် တိုက်ပွဲများဆီ စာရှုသူတို့ကို ကိုယ်တွေ့ မျက်မြင်ဆွဲခေါ်သွားသည်။

"တိုက်ပွဲဝင်ရန် ချီတက်ပြီဆိုလျှင်လည်း ရှေ့ဆုံးပွိုင့်တပ်စိတ်မှ စစ်သည်နှစ်ယောက်၏ နောက်တွင် ဗိုလ်ကျင်စံက ကပ်ပါလေ့ရှိသည်။ သူကိုယ်တိုင်လည်း ဖိနပ်မစီး၊ စစ်ကြောင်းတစ်ကြောင်းလုံးကိုလည်း စစ်ဖိနပ်သာမဟုတ်၊ ညှပ်ဖိနပ်ပါ စီးခွင့်မပြု၊ ရွှံ့နွံဗွက်ထူသော လမ်းကြောင်းများပေါ်တွင် လူတစ်ယောက်၏ ခြေရာပင် ထင်ကျန်နေလေ့ရှိရာ လူများစွာ၏ ခြေရာသာဆိုလျှင် ကေအင်န်ဒီအိုနှင့် ရွာသူရွာသားများကို စစ်ကြောင်း မည်သည့်နေရာသို့ ချီတက်နေသည်ဟု ဖွင့်မပြောရုံတစ်မည်သာ ရှိတော့မည်။" (စာမျက်နှာ-၇၁)

ဆူးပြောင့်ခလုတ်တံသင်းတို့ ခြေချရာနေရာ တိုင်းတွင် ရှိနေသည့် တောအတွင်းမှ ဖိနပ်မစီးသည့် စစ်သည်များအကြောင်း ယခင်က ကြားဖူးနားဝ မရှိခဲ့။ ညဘက်တွင် ဆင်နွှဲသည့် ညတိုက်ပွဲများနှင့် အမှောင်ထုထဲမှာ ရန်သူ့စခန်းသို့ ချဉ်းကပ်ပုံကို သရုပ်ဖော်ရေးသားရာတွင်လည်း စာရှုသူကိုယ်တိုင် လိုက်ပါနေရသည့်နှယ် အသက်ကိုပင် ဖွဖွသာ ရှူမိသည်အထိ.....။

"... လမ်းပြဘိုးခိုက ရန်သူ့နေရာနှင့် နီးကပ်လာသည်နှင့်အမျှ ကြောက်ဒူးတုန်ကာ မေးတဆတ်ဆတ်ရိုက်နေသည်။ ကျိတ်မေး၍လည်း မရတော့။ ချော့မေး၍လည်းမရတော့။ ထို့ကြောင့် ဗိုလ်ကျင်စံက ညအမှောင်ထဲဝယ် စိတ်မျက်စိဖြင့် ခန့်မှန်းတွက်ချက်နေရသည်။

သစ်ရွက်ခြောက်များကို ဖယ်လိုက် ရှေ့တစ်လှမ်းတက်လိုက်ဖြင့် ချဉ်းကပ်နေစဉ်မှာပင် မမျှော်လင့်သော အခြင်းအရာတစ်ခု ဖြစ်ပေါ်လာသည်။

မိမိစစ်ကြောင်းနှင့် မီးဖိုအကြား မှောင်ထဲတွင် ကင်းထိုင်စောင့်နေသော ဒီအိုကင်းသမားက လက်နှိပ်ဓာတ်မီးဖြင့် ဝှေ့ယမ်းပြီး လှမ်းထိုးလိုက်ခြင်းပင်ဖြစ်သည်။ သူက ချောင်းဟန့်လိုက်သေး၏။

အားလုံးမြေပေါ်သို့ အဝပ်မြန်၍ ကံကောင်းသွားသည်။ နေရာမရွှေ့ရဲ၊ အသက်ပင် ပြင်းပြင်းမရှူရဲကြ။ ယခုထိ တပ်ကိုရင်ပေါင်တန်း မဖြန့်ရသေး၊ တောင်ကုန်းအထက် လမ်းကလေးအတိုင်း တစ်ကြောင်းထိုး ချဉ်းကပ်နေစဉ် အဟန့်အတားတစ်ခုနှင့် ကြုံတွေ့နေရပြီ။

ကင်းသမားကလည်း သစ်ရွက်ခြောက်နင်းသံကြား၍ထင်သည်။ သင်္ကာမကင်းဖြစ်ကာ သူ့ကင်းနေရာမှ လမ်းအတိုင်း ဆင်းလာနေပြန်သည်။ ရှေ့ဆုံးရဲဘော်နှင့် ကိုက် ၂၀ ခန့်အကွာအထိပင် ရောက်လာသည်။ ထိုနေရာတွင် ခြေစုံရပ်လျက် ငြိမ်ပြီး အသံကို နားစွင့်နေသည်။ ရဲဘော်တွေကလည်း တုပ်တုပ်မျှမလှုပ်။ (စာမျက်နှာ- ၉၉)

အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေအတွင်း တာဝန်ထမ်းဆောင်ရာတွင် ထူးချွန်ပြောင်မြောက်စွာ ပြသခဲ့သည့် စစ်ရေးစွမ်းရည်၊ စည်းရုံးရေး စွမ်းရည်နှင့် အုပ်ချုပ်ရေးစွမ်းရည်တို့ကြောင့် ဗိုလ်ကြီးကျင်စံကို သူရဘွဲ့ချီးမြှင့်နိုင်ရန် ၁၉၇၂ ခုနှစ် စက်တင်ဘာလတွင် တင်ပြခြင်းခံရသည်။ ကံမပါသေးသူ ဗိုလ်ကြီးကျင်စံမှာ သူရဘွဲ့မရရှိခဲ့သော်လည်း သူတာဝန်ထမ်းဆောင်ရာ အမှတ် (၉၆) ခြေလျင်တပ်ရင်းမှာပင် ဗိုလ်မှူးအဆင့်သို့ တိုးမြှင့်ခန့်ထားခြင်းခံရကာ ဗိုလ်မှူးကျင်စံ ဖြစ်လာသည်။

၁၉၇၄ ခုနှစ်တွင် ဗိုလ်မှူးကျင်စံ ပြောင်းရွှေ့အမိန့်အရ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေဆီသို့ ရောက်ရှိခဲ့သည်။ အမှတ် (၈၈) ခြေမြန်တပ်မ လက်အောက်ခံ၊ အမှတ် (၁) သေနတ်ကိုင်တပ်ရင်း။ စစ်ဆင်ရေးနယ်မြေမှာ ရှမ်းပြည်နယ်တောင်ပိုင်း။ ရင်ဆိုင်တိုက်ခိုက်ရမည့် ဦးတည်ရန်သူမှာ ဗကပ ဖြစ်လာသည်။ ရန်သူ၏ သဘောသဘာဝ၊ စစ်ဆင်ရေးနယ်မြေ၏ ပထဝီဝင်အနေအထားနှင့် ရေမြေရာသီဥတုတို့ ကွာခြားသွားခဲ့ပြီ။

"ဘက်တူလျှင် လူမရွေးလိုသော မိမိနှင့် ခုလိုခေါင်းမာလေလုံးထွားသော ရန်သူသာ အလိုက်ဖက်ဆုံးဖြစ်သည်။ တစ်နေ့နေ့ တစ်ကွေ့ကွေ့မှာ တွေ့ကြုံရတော့မည်။ မြေအနေအထားနှင့် အင်အားချင်း မယှဉ်သာသေးသော်လည်း လေ့ခွက်ချည်းကျန် အလံမလှဲသောစိတ်ဓာတ်နှင့် လိမ္မာပါးနပ်သော လုပ်ရည်ကိုင်ရည်ကို ၎င်းတို့ မြင်တွေ့စေရမည်"။ (စာမျက်နှာ -၁၅၀)

**၁၉၇၅ ခုနှစ် ဇန်နဝါရီလ ၂၅ ရက်။ ပွိုင့် ၆၃၀၃ တိုက်ပွဲသည် ဗိုလ်မှူးကျင်စံ၏ နောက်ဆုံးတိုက်ပွဲ။ အင်အားကြီးမားလှသည့်ရန်သူကို ရင်ဆိုင်တိုက်ခိုက်ရင်း အခြေအနေအရ ခွာစစ်ဆင်ရန် ဆုံးဖြတ်ရသည်။ လက်နက်အင်အား၊ လူအင်အားတို့ ထိခိုက်အနာတရများစွာဖြင့် လျော့ပါးလာနေပြီဖြစ်သည့် အခြေအနေတွင် တပ်မှူးဖြစ်သူ ဗိုလ်မှူးကျင်စံက ရန်သူကို ဟန့်စစ်ဆင်နိုင်ရန် နောက်ချန်အဖွဲ့နှင့်အတူ နေရစ်ကာ အပြင်းအထန်တိုက်ခိုက်ရင်း ရန်သူ၏လက်နက်ကြီးကျည်သင့်ကာ ကျဆုံးခဲ့ရခြင်း ဖြစ်သည်။**


ပွိုင့် ၆၃၀၃ တိုက်ပွဲ၏ အရှုံးအမြတ်ကို နှိုင်းယှဉ်လျှင် မိမိဘက်မှ အဆများစွာမြတ်သည်။ ရည်ရွယ်ချက် ပေါက်မြောက်အောင်မြင်သည်။ ဗကပတို့လည်း လွယ်ဆီးတောင်ကြောမှ ရုပ်သိမ်းသွားသည်။ တိုက်ပွဲတွင် တပ်မတော်ဘက်မှ ကျဆုံးသူမှာ ဗိုလ်မှူးကျင်စံနှင့် တပ်သားအောင်မောင်းတို့ နှစ်ဦးသာ။ ဒဏ်ရာရသူအရာရှိ၊ အကြပ်၊ တပ်သား စုစုပေါင်း ၂၃ ယောက်ရှိသည်။ ဗိုလ်မှူးကျင်စံ၏ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုများက ဂုဏ်ပြုမော်ကွန်းတင်လောက်သည့် စွမ်းဆောင်မှု။ နောင်လာနောက်သားတို့ စံနမူနာယူဖွယ်၊ အတုယူဖွယ်ရာ စစ်သူရဲကောင်း။ ၁၉၇၆ ခုနှစ်အတွက် သီဟသူရဘွဲ့ကို နိုင်ငံတော်သမ္မတက ချီးမြှင့်ခြင်းဖြင့် ဗိုလ်မှူးကျင်စံအား ဂုဏ်ပြုခဲ့သည်။

ဗိုလ်မှူးကျင်စံအား သီဟသူရဘွဲ့ ချီးမြှင့်အပ်နှင်းနိုင်ရေးအတွက် သူနှင့်အတူ လက်တွဲမဖြုတ် မဆုတ်မနစ်တမ်း တိုက်ပွဲဝင်ခဲ့သူ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်အားလုံးက တစ်ခဲနက် ထောက်ခံခဲ့ကြသည်။ တိုက်ပွဲဝင်စစ်သည် ၁၀၀ ကျော်အနက် တစ်ဦးတစ်ယောက်ကမျှ မကန့်ကွက်။ ဗိုလ်မှူးကျင်စံသည် "ခြင်္သေ့၏ ရဲရင့်ခြင်းမျိုးဖြင့် ရဲရင့်သူ" ဖြစ်သည်ဆိုသည်ကို အားလုံးက အလေးအနက် သဘောတူကြ၊ ထောက်ခံကြသည်။ ကမ္ဘာကြေသော်လည်း ဥဒါန်းမကျေသည့် စစ်သည်တော်သူရဲကောင်း။ သူသည်ကား "ဗိုလ်မှူး သီဟသူရကျင်စံ" ဖြစ်ပါသတည်း။ ။

# ညအိပ်ရာဝင်ခါနီး ဖုန်းပိတ်ထားပါ

**တင်ထက်ထက်ဇော်**

ရှေးကာလများက အိပ်ရာဆိုသည်မှာ နားနားနေနေ အိပ်စက်အသုံးပြုရန်အတွက်သာ သီးသန့်ဖြစ်ပါသည်။ သို့သော် အင်တာနက်မီဒီယာများကို လူတန်းစေ့နီးပါး သုံးစွဲလာနိုင်ကြပြီဖြစ်သည့် စမတ်ဖုန်းများ၊ တက်ဘလက်(Tablet)၊ လက်ပ်တော့ (Laptop) စသည်တို့ကလည်း အိပ်ရာထဲကို ကျူးကျော်ဝင်ရောက်လာခဲ့ကြလေသည်။




**ဖုန်းတွေကိုဘာကြောင့်**
**အိပ်ရာထဲ ထည့်မအိပ်သင့်သလဲ**

- ဖုန်းတွေက အိပ်ရေးပျက်စေသည်။
- ဖုန်းက ထုတ်လွှင့်လိုက်သည့် အပြာရောင်အလင်းရောင်စဉ်တန်းက အိပ်စက်ခြင်းကို အနှောင့်အယှက်ပေးသည်။
- ၎င်းအလင်းရောင်စဉ်တန်းက ဦးနှောက်ထဲရှိ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်စေနိုင်သည့် melatonin (ခေါ်) ဦးနှောက်ပိုင်းဆိုင်ရာ ဓာတုပစ္စည်းကို အလွန်အမင်းလှုံ့ဆော်နှိုးဆွပေးနေသဖြင့် အိပ်မရခြင်းကို ဖြစ်စေသည်။
- ဖုန်းကို စက်ပိတ်ထားသည့်တိုင်အောင် ၎င်းအီလက်ထရွန်နစ်ပစ္စည်း၏ မျက်နှာပြင်က အလင်းထုတ်လွှင့်နိုင်သေးသည်ဖြစ်ရာ အထူးသဖြင့် ကလေးများမှာ အိပ်မောကျခြင်း မဖြစ်စေနိုင်တော့ပေ။
- ကလေးများအိပ်ရာထဲတွင် ဖုန်းနှင့်အတူတူ အိပ်စက်ခြင်းက ၎င်းတို့သက်တမ်းတစ်လျှောက် အဝလွန်ခြင်းနှင့် ဆီးချိုရောဂါကိုဖြစ်နိုင်ရုံမျှမက Alzheimer’s (ခေါ်) အရွယ်မတိုင်မီ ဦးနှောက်ဇရာအကြိုရောဂါဖြစ်လာရန် သေချာနေပါသည်။
- အိပ်ရေးမဝခြင်းက ဦးနှောက်ထဲရှိ ghrelin (ခေါ်) အစာစားချင်စိတ်ကို ချိုးနှိမ်ပေးနိုင်သည့် ဟော်မုန်းထွက်ရှိမှုကို ကမောက်ကမဖြစ်စေသောကြောင့် ဗိုက်ဆာခြင်းနှင့် အာသာမပြေခြင်းတို့ကို ခံစားလာရသည်။ အထူးသဖြင့် အဆီနှင့် အချိုဓာတ်ကဲသော အစားအစာများကို အာသာငမ်းငမ်း စားလိုစိတ် ပြင်းပြလာတတ်သည်။

**နိုင်ငံတကာ လေ့လာမှုမှတ်တမ်းများ**

- လေ့လာမှုမှတ်တမ်းအရ အင်္ဂလန်နိုင်ငံရှိ အသက် ၁၄ နှစ်အောက်ကလေးများမှာ အီလက်ထရွန်နစ် သုံးစွဲခြင်းကြောင့် အိပ်ရေးပျက်သူဦးရေသည် တစ်စတစ်စ ပိုများလာကြောင်း NHS data မှ သတင်းထုတ်ပြန်ထားသည်။ ထိုသို့ဖြစ်ရခြင်းမှာ ဖုန်းနှင့် တက်ဘလက်များက စိတ်ဖျော်ဖြေရေးပစ္စည်းတစ်ခုအဖြစ် ၎င်းတို့အိပ်ရာထဲတွင် စိုးမိုးနေကြ၍ဖြစ်သည်။
- တစ်ဖန် ဗြိတိန်နိုင်ငံ၏ စစ်တမ်းအရ အသက်ကိုးနှစ်မှစ၍ဆယ်ကျော်သက်အရွယ်များတွင် အနည်းဆုံး ဖုန်းတစ်လုံးခန့် ၎င်းတို့အိပ်ခန်းထဲတွင် နေရာယူထားကြကြောင်း၊ ဗြိတိန်နိုင်ငံလုံးဆိုင်ရာ ကျောင်းအုပ်ဆရာ ဆရာမများ ညီလာခံအစီရင်ခံစာအရ ၎င်းတို့ကျောင်းရှိ ဆယ်ကျော်သက်ထက်ဝက်ကျော်လောက်သည်ညတစ်ရေးနိုးအချိန်တွင် ဖုန်းကိုဖွင့်၍ ညလုံးပေါက်နီးပါး သုံးတတ်ကြောင်း လေ့လာသိရသည်။ ဤစစ်တမ်းကို King’s College London မှ ကျောင်းသား ကျောင်းသူဦးရေ ၁၂၅၀၀၀ ကို လေ့လာခဲ့ခြင်း ဖြစ်သည်။
- စင်ကာပူနိုင်ငံရှိ ဆေးသုတေသနပညာရှင်များသည် ဟန်းဖုန်း၏ရေဒီယိုသတ္တိကြွဓာတ်ရောင်ခြည်များက ကင်ဆာရောဂါနှင့် ဆက်စပ်မှု ရှိ၊ မရှိ အခြေအနေကို လေ့လာဆန်းစစ်ခဲ့ကြရာ လူငယ်များတွင် ဦးနှောက်ကင်ဆာရောဂါ ဖြစ်ပွားနိုင်ကြောင်းကို လေ့လာတွေ့ရှိသည်။ စင်ကာပူနိုင်ငံ၏ ဦးနှောက်နှင့်အာရုံကြောဆိုင်ရာ အထူးတာဝန်ရှိသူ၏ ပြောကြားချက်အရ အသက် ၂၀ အရွယ်အောက် လူငယ်များတွင် မိုဘိုင်းဖုန်းကို အချိန်ကြာမြင့်စွာ အသုံးပြုပါက ဦးနှောက်နှင့် အာရုံကြောကို ထိခိုက်စေနိုင်ကြောင်း၊ ထိုလူငယ်လူရွယ်များ၏ ဦးနှောက်တွင် မှတ်ဉာဏ်အား လျော့နည်းစေမည်ဖြစ်ပြီး ဦးနှောက်အာရုံကြောလေးများမှာ အလွန်တရာ ပါးလွှာလျက်ရှိကြောင်း၊ အဆိုပါ ဟန်းဖုန်း၏ ရေဒီယိုသတ္တိကြွဓာတ်က သုံးစွဲသူလူငယ်များ၏ ဦးနှောက်နှင့် အာရုံကြောကို အလွန်အန္တရာယ်ပေးနိုင်ခြင်းများကြောင့် ဦးနှောက်ကင်ဆာရောဂါဝေဒနာ ဖြစ်ပွားစေနိုင်ကြောင်း သိရသည်။
- ယူကရိန်းနိုင်ငံ သိပ္ပံပညာအကယ်ဒမီမှ ဆေးပညာရှင်တစ်ဦး၏ လေ့လာတွေ့ရှိချက်သစ်တစ်ရပ်အရ ဟန်းဖုန်းများသည် လူသားများ၏ ကျန်းမာရေးအတွက် အန္တရာယ်အရှိဆုံး အရာတစ်ခုဖြစ်နေကြောင်း ယခုလို ဖော်ပြသွားသည်။ စမတ်ဖုန်းနှင့် ကြိုးမဲ့ကိရိယာ တက်ဘလက် (Tablet)မှ လွှင့်ထုတ်နေသော ရေဒီယိုလှိုင်းများသည် ကျန်းမာရေးပြဿနာ အမြောက်အမြားဖြစ်ပေါ်စေနိုင်ကာ ကင်ဆာရောဂါမှ အစရှိ၍ ဦးနှောက်ရောဂါများ ဖြစ်ကြသော ပါကင်ဆဲန်နှင့် အယ်လ်ဇိုင်းမားရောဂါများကို ချိတ်ဆက် ဖြစ်ပေါ်လာစေနိုင်ကြောင်း၊ အဆိုပါဖြစ်ပွားမှုကို ဆေးသိပ္ပံနည်းအရ “စိတ်ဖိစီးမှု အောက်ဆီဒေးတစ်ဗစ်”ဟု ခေါ်၍ ၎င်း၏ ဘေးထွက်ဆိုးကျိုးအဖြစ် မဖွံ့ဖြိုးခြင်းရောဂါစုကို ဖြစ်စေနိုင်ကြောင်း၊ ထိုရေဒီယိုကြိမ်နှုန်းနှင့် ရေရှည်ထိတွေ့မှုကြောင့် ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် အရေပြားယားယံခြင်းတို့ကို ခံစားရလာနိုင်သည်။

**စမတ်ဖုန်းနှင့် ကြိုးမဲ့ကိရိယာ တက်ဘလက် (Tablet)မှ လွှင့်ထုတ်နေသော ရေဒီယိုလှိုင်းများသည် ကျန်းမာရေးပြဿနာ အမြောက်အမြားဖြစ်ပေါ်စေနိုင်ကာ ကင်ဆာရောဂါမှ အစရှိ၍ ဦးနှောက်ရောဂါများ ဖြစ်ကြသော ပါကင်ဆဲန်နှင့် အယ်လ်ဇိုင်းမားရောဂါများကို ချိတ်ဆက်ဖြစ်ပေါ်လာစေနိုင်ကြောင်း၊ အဆိုပါဖြစ်ပွားမှုကို ဆေးသိပ္ပံနည်းအရ “စိတ်ဖိစီးမှု အောက်ဆီဒေးတစ်ဗစ်”ဟု ခေါ်၍ ၎င်း၏ ဘေးထွက်ဆိုးကျိုးအဖြစ် မဖွံ့ဖြိုးခြင်းရောဂါစုကို ဖြစ်စေနိုင်ကြောင်း၊ ထိုရေဒီယိုကြိမ်နှုန်းနှင့် ရေရှည်ထိတွေ့မှုကြောင့် ခေါင်းကိုက်ခြင်း၊ မောပန်းနွမ်းနယ်ခြင်းနှင့် အရေပြားယားယံခြင်းတို့ကို ခံစားရလာနိုင်။**



**ဟန်းဖုန်းသုံးစဉ် သတိယှဉ်**

ခေတ်မီတိုးတက်လာသော အင်တာနက်ခေတ် ရေစီးကြောင်းနှင့်အညီ စာရေးသူတို့ မြန်မာနိုင်ငံတွင်လည်း လွန်ခဲ့သော ခုနစ်နှစ်ခန့်မှစ၍ လူတန်းစေ့နီးပါး ဟန်းဖုန်းကိုင်နိုင်သော အခွင့်အရေးရရှိလာခဲ့သည်။ သာရေး၊ နာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေး စသည့် လူမှုရေးရာကိစ္စအရပ်ရပ်အတွက် အချိန်မရွေး အသုံးပြုနိုင်သဖြင့် ဟန်းဖုန်းက အလွန်အရေးပါ အရာရောက်ကာ အသုံးတည့်လှပါသည်။ ဟန်းဖုန်းသုံးစွဲခြင်းအန္တရာယ်နှင့်ပတ်သက်၍ အချို့သောသူများက သိထားကြပြီးဖြစ်သလို အခြားမသိသေးသောလူအများစုအတွက် အကြံပြုမျှဝေရပါလျှင် -

- ဖုန်းကို ဘယ်ဘက်(ဝဲဘက်)နားဖြင့်သာ နားထောင်ပါ။
- ဖုန်းဘက်ထရီအား အနည်းငယ်မျှသာ ကျန်ရှိနေပါလျှင် ဖုန်းနားမထောင်ပါနှင့်။ ထိုအချိန်တွင် ရေဒီယိုသတ္တိကြွနှုန်းက ပုံမှန် ဘက်ထရီအားပြည့်ချိန်ထက် အဆ ၁၀၀၀ မျှ အကြားအာရုံကို ဝန်အားပိစေပါသည်။
- ဖုန်းကို ခေါင်းအုံးအောက်ထား၍ မအိပ်ပါနှင့်။ ဟန်းဖုန်း၏ ထောင့်စွန်းမှ ရေဒီယိုသတ္တိကြွဓာတ်များက အချိန်ပြည့်ထုတ်လွှတ်နေသဖြင့် ဦးနှောက်ကို ထိခိုက်စေကာ ဦးနှောက်အကျိတ်/ကင်ဆာ ဖြစ်စေတတ်သည်။
- ညဘက် အိပ်ပျော်နေစဉ် ဟန်းဖုန်းမှ ထုတ်လွှင့်သော ရေဒီယိုသတ္တိကြွဓာတ်များ အန္တရာယ်မှ လျော့ကျစေရန်အတွက် ဖုန်းကို မိမိနှင့်ခပ်လှမ်းလှမ်း နေရာတွင် တင်ထားပါ။ ဖုန်းကို နားနှင့်ကပ်၍မပြောဘဲ စပီကာ (speaker) ကိုသာ ဖွင့်ပြောပါ။ ဖြစ်နိုင်လျှင် ဖုန်းမပြောဘဲ စာ (message) ရိုက်၍သုံးပါ။ Bluetooth သုံးခြင်းကလည်း အထောက်အပံ့ဖြစ်စေသည်။ နံနက်နိုးစက်အတွက် ဟန်းဖုန်းကို အသုံးပြုမည်ဆိုပါက “airplane mode” ကို နှိပ်၍သုံးပါ။

**စာမျက်နှာ ၂၇ သို့** ■



# လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ်နှင့် ရွှေပြည်သာမြို့နယ်များအတွင်းရှိ ကျေးရွာ/ ရပ်ကွက် အချို့တို့မှ ဒေသခံပြည်သူများအား ဆန်၊ ဆီ၊ ပဲများ ထောက်ပံ့ပေးအပ်

**နေပြည်တော် မေ ၁၁**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက်လိုက်လံ ပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်အတွင်းရှိ အမှတ်(၃)ရပ်ကွက်နှင့် ရှမ်းချောင်းကျေးရွာ၊ ရွှေပြည်သာမြို့နယ်အတွင်းရှိ အမှတ်(၁၁) ရပ်ကွက်နှင့် အမှတ်(၁၃)ရပ်ကွက်များရှိ အိမ်ထောင်စု ၅၀၀၀ တို့အတွက် ဆန်၊ ဆီ၊ ပဲများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် မင်္ဂလာဒုံတပ်နယ်နှင့် မှော်ဘီတပ်နယ်တို့မှ နယ်မြေခံ တပ်မတော်သားများက ပြည်သူများလက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**❂ ရန်ကုန်တိုင်းဒေသကြီးမှ**

နိုင်ငံတော်၏စီးပွားရေး မြို့တော်ဖြစ်သည့် ရန်ကုန်မြို့ကြီးသည် မြန်မာနိုင်ငံအထက်ပိုင်းမှ ကုန်းလမ်းဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ စီးဆင်းလာသောကုန်စည်များသည် လမ်းမကြီး (၄)လမ်းမှ ဝင်ရောက်နိုင်ပြီး အဆိုပါ လမ်းမကြီးများမှာ အမှတ်(၁) ရန်ကုန် - ပြည်လမ်းမကြီး၊ ပဲခူး-ရန်ကုန်ဇရပ်ကွင်းတာဆုံမှခွဲထွက်၍ အမှတ်(၂)လမ်းမကြီး၊ပဲခူး-ရန်ကုန်ညောင်နှစ်ပင်လမ်းဆုံမှ ခွဲထွက်၍ အမှတ် (၃) လမ်းမကြီးနှင့် ပြည် - ရန်ကုန် မှော်ဘီလမ်းမှခွဲထွက်၍ ရွှေပြည်သာမြို့အဝင် အမှတ် (၄) လမ်းမကြီးဟူ၍ အဓိကလမ်းမကြီး (၄)လမ်းတို့မှ ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်ကြီးများ ပုံမှန်ဝင်ထွက် စီးဆင်းလျက်ရှိသည်။

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး မြစ်ဝကျွန်းပေါ်မှ ရန်ကုန်တိုင်းဒေသကြီးသို့ ဝင်ရောက်ရာတွင် အမှတ်(၅) လမ်းမကြီးဖြစ်သော ပုသိမ်-ညောင်တုန်းလမ်းမကြီးမှဝင်၍ လှိုင်သာယာ - ရွှေပြည်သာတံတား၊ လှိုင်သာယာ - အောင်ဇေယျတံတားနှင့် လှိုင်သာယာ - ဘုရင့်နောင် အမှတ်(၁)၊ အမှတ်(၂) တံတားတို့မှ ခရီးသည်နှင့်ကုန်စည်ယာဉ်များ ပုံမှန်ဝင်ရောက်လျက်ရှိသည်။

ထို့အပြင် မုတ္တမပင်လယ်ကွေ့မှ ခရမ်း၊ သုံးခွ၊ ကျောက်တန်း၊ သန်လျင်တို့မှ ရန်ကုန်တိုင်းဒေသကြီးသို့ဝင်သော အမှတ် (၆) လမ်းမကြီးသည်လည်း ကုလားဝဲတံတားနှင့် သန်လျင်အမှတ်(၁) တံတားတို့ကိုဖြတ်၍ ရန်ကုန်မြို့အတွင်းသို့ ခရီးသည်နှင့် ကုန်စည်များ ပုံမှန်စီးဆင်းဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့သည် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်သောကြောင့် ပင်လယ်ကူးသင်္ဘောကြီးများ ပုံမှန်ဝင်ထွက်လျက်ရှိရာ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများအလိုက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၂၂ ရက်မှ မေ ၈ ရက်အထိ ကုန်သေတ္တာသွင်းကုန် ၃၈၂၅၄ လုံး၊ ပို့ကုန် ၄၀၃၄၉ လုံးနှင့် စုစုပေါင်း ၇၈၆၀၃ လုံးတို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး စက်သုံးဆီတန်ချိန် အောက်တိန်း ၂၃၉၀၄၃ တန်၊ ဒီဇယ် ၃၀၄၀၂၂ တန်တို့လည်းကောင်း စားအုန်းဆီတန် ၁၁၅၉၃ တန်တို့ကိုလည်းကောင်းသက်ဆိုင်ရာဆိပ်ကမ်းများအလိုက် ကုန်တင်ကုန်ချ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ ၃/၂၀၂၁ အစည်းအဝေးမှ သိရသည်။

ရန်ကုန်မြို့ကြီးသည် စီးပွားရေးမြို့တော်ဖြစ်သောကြောင့် ယခုအခါတွင် လမ်းပိတ်အတားအဆီးများကို ပူးပေါင်းရှင်းလင်းရေးအဖွဲ့များက အားသွန်ခွန်စိုက်ရှင်းလင်းမှုကြောင့် ကုန်စည်စီးဆင်းမှုများနှင့် ခရီးသွားပြည်သူများလည်း စိတ်အေးချမ်းသာစွာ ဝင်ထွက်သွားလာလျက်ရှိကြောင်းသိရသည်။

**စောလှိုင်ဝင်း**

■ စာမျက်နှာ ၂၆ မှ

### အားသွင်းနေစဉ် ဖုန်းပြောခြင်းက အသက်အန္တရာယ်ထိခိုက်နိုင်

ဟန်းဖုန်းများက အင်မတန်အသုံးတည့်လှသော်လည်း သတိနှင့်ကိုင်တွယ်တတ်ရန် အထူးအရေးကြီးပါသည်။ မသုံးတတ်လျှင် အသက်ဘေးအန္တရာယ်ဖြစ်စေနိုင်ကြောင်း CNN သတင်းတစ်ပုဒ် ကြည့်ရှုလိုက်ရပါသည်။ အမေရိကန်နိုင်ငံမှ ဖြစ်ရပ်မှန်သတင်းတစ်ပုဒ် ဖြစ်သည်။ လူငယ်တစ်ဦးသည် ဖုန်းဘက်ထရီ အားသွင်းနေစဉ် ဖုန်းသံမြည်လာရာ အားသွင်းကြိုးမဖြုတ်ဘဲ ဖုန်းစကားပြောခဲ့သည်။ စက္ကန့်အနည်းငယ်အတွင်းမှာ ဖုန်းထဲကိုဝင်လာသည့် ဓာတ်စီးအားက မထိန်းချုပ်နိုင်ဘဲ သူ့ကို လွှင့်ပစ်သလို မြေပြင်ပေါ် ဗိုင်းခနဲလဲကျစေခဲ့သည်။ အသံကြားသဖြင့် ချက်ချင်းဆိုသလို မိသားစုများ အနားရောက်လာချိန်မှာ သူ့နှလုံးမခုန်တော့ဘဲ လက်ချောင်းထိပ်များမီးလောင်သကဲ့သို့ကွေးကောက်ကာ သတိလစ်နေသည်။ ဆေးရုံရောက်ချိန်တွင် ထိုလူငယ်အသက်မရှိတော့ကြောင်း သိရသည်။ ထို့ကြောင့် ဖုန်းထုတ်လုပ်သည့်ကုမ္ပဏီများက အန္တရာယ်ကင်းစွာ အသုံးချတတ်ရန် ဖုန်းဘက်ထရီနောက်ကျောနှင့် အိတ်ခွံများပေါ်မှာ အောက်ပါအတိုင်း သတိပေးစာများ ရေးထားသည်ကို လိုက်နာကြစေလိုပါသည်။

- မတူညီမလိုက်ဖက်သော ဖုန်းအားသွင်းကြိုးဖြင့် ဖုန်းဘက်ထရီအားမဖြည့်ပါနှင့်။
- ဖုန်းကို ချွန်သည့်အရာဖြင့် ဖိထိုးခြင်း၊ အပေါက်ဖြစ်စေခြင်းမျိုးမလုပ်ပါနှင့်။
- တခြား ဓာတ်သတ္တုပစ္စည်းများဖြင့် ဖုန်းကို မပွတ်မိပါစေနှင့်။
- ဖုန်းကို အောက်သို့ ပြုတ်မကျပါစေနှင့်။
- နေပူထဲ သို့မဟုတ် မီးအပူနားတွင် ဖုန်းကို မထားပါနှင့်။
- ဖုန်းကို ရေမစိုပါစေနှင့်။
- ဖုန်းဝယ်သည့်အခါ ဖုန်းဘက်ထရီ အားသွင်းနည်း၊ အသုံးပြုပုံနှင့် ဘက်ထရီသက်တမ်းစသည်တို့ကို ညွှန်ကြားချက်ပါစာအတိုင်း လိုက်နာသုံးစွဲပါ။

### ဆယ်ကျော်သက်နှင့် ဖုန်းချက်တင်

ဆယ်ကျော်သက်ရွယ်အများစုသည် ဟန်းဖုန်းအပေါ်တွင် နှစ်သက်စွဲလမ်းလွန်းသဖြင့် ဖုန်းမပါဘဲ အိပ်ရာမဝင်တတ်ကြတော့ပေ။ ညစဉ်ညတိုင်း အိပ်ရာထဲတွင် ဖုန်းဖြင့် ဂိမ်းဆော့ခြင်း သို့မဟုတ် chatting များပြောနေကြသဖြင့် အိပ်စက်ချိန်နောက်ကျလေ့ရှိကြပြီး နောက်တစ်နေ့နံနက် ကျောင်းစာသင်ခန်းထဲ ရောက်သည့်အခါသန်းဝေငိုက်မျဉ်းခြင်း၊ အိပ်ရေးမဝဖြစ်ကာ ကျောင်းစာအပေါ်တွင် အာရုံမစိုက်နိုင်ခြင်းတို့ကြောင့် ပညာရေးကို ထိခိုက်လာစေသည့်အပြင် ကျန်းမာရေး၊ လူမှုရေးများတွင်ပါ ပြဿနာရှိလာနိုင်သည်။ လူငယ်များ ညဘက် chatting စာရိုက်ခြင်းနှင့် ပတ်သက်၍ အမေရိကန်ပြည်ထောင်စုရှိ Rutgers New Jersey Medical School မှ Dr.Xue Ming က "လူငယ်တွေ အီလက်ထရွန်နစ်ပစ္စည်းတွေပေါ်မှာ စွဲလမ်းလွန်းနေတာကို လူကြီးမိဘတွေအနေနဲ့ လမ်းကြောင်းမှန်ကို တည့်မတ်စောင့်ကြပ်ပေးဖို့လိုပါတယ်။ သူတို့လေးတွေ ဖုန်းစွဲနေတာဟာ အိပ်ရာဝင်ချိန် နောက်ကျသွားတာကြောင့် အိပ်ရာထချိန်လည်း မမှန်တော့ဘူး၊ အဲဒီအခါမှာ ကျောင်းစာတွေ မလိုက်နိုင် ဖြစ်ကုန်ကြပါတယ်။ လေ့လာဆန်းစစ်မှုမှတ်တမ်းအရ အသက်ရှစ် နှစ်မှ ၁၈ နှစ်ကြား ဆယ်ကျော်သက်တွေမှာ အီလက်ထရွန်နစ်သုံးစွဲချိန်ဟာ ပျမ်းမျှတစ်နေ့ကို ခုနစ်နာရီခွဲလောက်ကြာအောင် သုံးနေကြတာကို တွေ့နေရပါတယ်"ဟု ဆိုသည်။

"ကျောင်းသား ကျောင်းသူတွေအနေနဲ့ တစ်ညကို နာရီဝက်ထက်ပိုပြီး ဖုန်းမသုံးသင့်ပါဘူး၊ ဆယ်ကျော်သက်အရွယ်တွေသာမက လူကြီးပိုင်းတွေမှာလည်း ညဘက်အိပ်မပျော်လို့ဆိုပြီး ဆေးရုံကို လာပြကြတဲ့ လူနာအများစုဟာ စမတ်ဖုန်းတွေကို ညဘက်အသုံးများသူတွေ ဖြစ်နေတာကို တွေ့ရပါတယ်"ဟု Dr.Xue Ming က သတိပေးထားသည်။ ထိုသို့ စမတ်ဖုန်းစွဲလမ်းမှု ပြဿနာနှင့်ပတ်သက်ပြီး New Jersey Medical School မှ သုတေသီအဖွဲ့တစ်ဖွဲ့သည် လူဦးရေ ၁၅၃၇ ဦးကို လေ့လာခဲ့ရာ ဖုန်းထဲမှ ထွက်ရှိသော အီလက်ထရွန်နစ် အပြာရောင်အလင်းတန်းသည် လူကို အိပ်ချင်စိတ် ဖြစ်ပေါ်စေသည့် ဦးနှောက်မှ melatonin ဓာတ် ထွက်ရှိလာမှုကို ဟန့်တားပစ်လိုက်သဖြင့် အိပ်ချင်စိတ်ကို တဖြည်းဖြည်း နောက်ဆုတ်သွားစေကြောင်း လေ့လာတွေ့ရှိရပါသည်။ ထို့ပြင် ညအမှောင်ထဲမှာ မျက်စိမှိတ်ပြီး ဖုန်းပြောခြင်းကလည်း အိပ်စက်မှုကို ထိခိုက်စေသည်။ အဘယ်ကြောင့်ဆိုသော် စမတ်ဖုန်းကထွက်ရှိသည့် အီလက်ထရွန်နစ် အပြာရောင်အလင်းတန်းသည် မျက်ခွံမှတစ်ဆင့် ထိုးဖောက်ဝင်ရောက်သွားပြီး အာရုံခံအဖွဲ့အစည်းကို ကမောက်ကမဖြစ်စေကာ အိပ်ချင်စိတ်ကို ကြီးစွာသော အနှောင့်အယှက် ဖြစ်စေနိုင်သည်။ ထို့ကြောင့် ညဘက် စမတ်ဖုန်းများကိုသုံးစွဲသည့်အခါ လျှပ်စစ်မီးအလင်းရောင်ရရှိနိုင်သောနေရာမှာသာ သုံးစွဲသင့်ပါသည်။ ၎င်းလျှပ်စစ်မီးအလင်းရောင်က ဖုန်းထဲမှ ထွက်လာသည့် အပြာရောင်အလင်းတန်းကို တန်ပြန်တိုက်ထုတ်ပေးနိုင်၍ ဦးနှောက်မှ melatonin ဓာတ်ထွက်ရှိလာမှုကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေကာ အိပ်မပျော်ခြင်းပြဿနာကို သက်သာပြေလျော့စေနိုင်ပါသည်။ သို့ပါ၍ ညဘက် ဖုန်းကြာကြာပြောခြင်း သို့မဟုတ် ဂိမ်းဆော့ခြင်း (သို့မဟုတ်) ဖုန်း chatting စာရိုက်သည့်အခါ မီးမှိတ်ထားသည့် အိပ်ရာထဲမှာ အသုံးပြုခြင်းကို လူကြီးမိဘများအနေဖြင့် သားသမီးများ ညအချိန်ခါ ဖုန်းသုံးခြင်းကို သတိပြုစောင့်ကြပ်သင့်ပါသည်။

အချုပ်အားဖြင့်ဆိုသော် မိဘကိုယ်တိုင် ဖုန်းကို အိပ်ရာထဲထည့်၍ အသုံးပြုနေခြင်းက သားသမီးများအတွက် မှားယွင်းသော အတုယူမှုဖြစ်စေသည်။ အိပ်ရေးပျက်ခြင်းဆိုင်ရာ ကျန်းမာရေးပြဿနာမျိုးကိုဆယ်ကျော်သက်အရွယ်များသာမက အရွယ်ရောက်ပြီးသူ လူကြီးများလည်း မလွဲမသွေကြုံတွေ့ခံစားရနိုင်ပါသည်။ ထို့ကြောင့် လွန်ခဲ့သော လေးနှစ်ခန့်ကစ၍ အင်္ဂလန်နိုင်ငံမှ လူထုကျန်းမာရေးအသင်းအဖွဲ့တစ်ခုမှ ဆယ်ကျော်သက်များကို ဦးတည်၍ ပညာပေးဆောင်ပုဒ်တစ်ခု ထုတ်ပြန်ခဲ့သည်။ ၎င်းဆောင်ပုဒ်၏ အမည်မှာ FOMO(fear of missing out) ဖြစ်ပြီး ညအိပ်ရာဝင်ခါနီးတိုင်း ဖုန်းကိုပိတ်ထားကြရန် တိုက်တွန်းထားခြင်း ဖြစ်ပါသည်။

စာရေးသူတို့ မြန်မာနိုင်ငံတွင် ဆယ်ကျော်သက်တချို့က အိမ်သာထဲအထိ ဖုန်းယူသွားကြပြီး အိမ်သာကျင်းထဲ ဖုန်းပြုတ်ကျသဖြင့် လိုက်ဆယ်ယူရာ အသက်ဘေးနှင့်ကြုံတွေ့ရသည့်သတင်းဆိုးများ ကြားနေရသည်။ ထို့ပြင် တချို့ကလည်း တစ်ညတာလုံး ဖုန်းဘက်ထရီအားသွင်းထားမိခြင်း သို့မဟုတ် ကြွပ်ကြွပ်အိတ်ထဲ ဖုန်းထည့်၍ အားသွင်းမိခြင်းကြောင့် မီးဘေးအန္တရာယ်ကြုံကြရသည်။ ထို့ကြောင့် ညအိပ်ရာဝင်ခါနီး ဖုန်းလုံးဝပိတ်ထားခြင်းက ဘေးအကင်းဆုံး ဖြစ်ပေမည်။ အထူးသတိပြုရန်မှာ သာမန် ညအိပ်မီးသီးလေးမှ ထွက်ရှိသော အလင်းရောင်စဉ်လေးသည် insomnia (ခေါ်) အိပ်မရခြင်းဝေဒနာကို ခံစားရနိုင်ပါသည်။ ထို့ကြောင့် ဖုန်းမျက်နှာပြင်မှ ထုတ်လွှင့်လိုက်သည့် အပြာရောင်အလင်းတန်းများက ညအချိန်တွင် ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်နိုင်သဖြင့် ဖုန်းကို အိပ်ရာထဲထား၍ မအိပ်ကြပါရန် အကြံပြုတိုက်တွန်းလိုက်ရပါသည်။ ။

**တန်ဖိုးရှိလှတဲ့ လူငယ်ဘဝဆိုတာ လှပတဲ့ အနာဂတ်ကို တည်ဆောက်ကြဖို့ပါ။**
**နိုင်ငံနဲ့ လူမျိုးရဲ့ ကောင်းကျိုးကိုသာ ရေးရှုပြုလုပ်ဆောင်ရွက်ကြရမှာ။**



# သင်္ကြန်ပွဲတော်ကာလအတွင်း ပန်းဆိုးတန်း-ဒလသင်္ဘောဆိပ်ကမ်းနှင့် ဝါးတန်း-ဒလ ကားကူးဇက်ခရီးစဉ် ခေါက်ရေလျှော့ပြေးဆွဲမည်

**ရန်ကုန် မေ ၁၁**

၂၀၂၂ ခုနှစ် မြန်မာ့ရိုးရာနှစ်သစ်ကူး သင်္ကြန်ပွဲတော်ရုံးပိတ်ရက်ကာလအတွင်း ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့ ပြေးဆွဲနေသော ချယ်ရီသင်္ဘောများနှင့် ရန်ကုန်ဝါးတန်း (ကီလီ)-ဒလ ကားကူး ဇက်ယာဉ်ကူးတို့ခရီးစဉ်တို့အား ခေါက်ရေလျှော့ချပြေးဆွဲသွားမည်ဖြစ်ကြောင်း၊ ရေကြောင်းခရီးဖြင့် ခရီးသည်၊ ကုန်စည်နှင့် မော်တော်ယာဉ်များဖြင့် ကူးသန်းသွားလာနေကြသော ခရီးသွားမိဘပြည်သူများအား သွားလာရေးအဆင်ပြေ ချောမွေ့စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးအတွက် ဝန်ဆောင်မှုလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ သင်္ကြန်ပွဲတော်ကာလ ပြီးဆုံးသွားပါက မူလခေါက်ရေအတိုင်း ပြေးဆွဲပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (မြစ်ဝကျွန်းပေါ်ဌာနခွဲ) မှ သိရသည်။

"ပန်းဆိုးတန်း-ဒလ သင်္ဘောဆိပ်ကမ်းအနေနဲ့ သင်္ကြန်ကာလအတွင်းမှာ သင်္ဘောခရီးစဉ်တွေကို ခေါက်ရေလျှော့ချပြီးတော့ ပြေးဆွဲပေးသွားဖို့ရှိပါတယ်၊ မေ ၁၃ ရက်ကစပြီး ၁၉ ရက်အထိဖြစ်ပါတယ်၊ အနယ်နယ်အရပ်ရပ်က ခရီးသည်တွေနဲ့ ရန်ကုန်မြို့တွင်း ဘုရားဖူးသွားလာကြမယ့် ပြည်သူတွေအတွက် သွားလာရေး အခက်အခဲမရှိအောင် ပြေးဆွဲပေးမှာပါ၊ ခရီးသည်တွေ ဘေးကင်းလုံခြုံရေးအတွက် လက်မှတ်ရုံဝန်ထမ်းများနဲ့ သင်္ဘောဝန်ထမ်းများက ကူညီဆောင်ရွက်ပေးမှာ ဖြစ်ပါတယ်၊ သင်္ကြန်ကာလရုံးပိတ်ရက်များပြီးတဲ့ နောက်ပိုင်း သင်္ဘောခရီးစဉ်တွေကို ပုံမှန်ပြန်လည် ပြေးဆွဲပေးသွားဖြစ်ပါတယ်" ဟု ဒလသင်္ဘောဆိပ်ကမ်း လက်မှတ်ရုံမန်နေဂျာ ဒေါ်ဇင်မျိုးဟန်က ပြောကြားသည်။

သင်္ကြန်ပွဲတော်ကာလအတွင်း မေ ၁၃ ရက်မှစတင်၍ ၁၉ ရက်အထိ ရန်ကုန် (ပန်းဆိုးတန်း-ဒလ) ကူးတို့သင်္ဘောဆိပ်ကမ်းအနေဖြင့် အသွား ၁၈ ခေါက်၊ အပြန် ၁၈ ခေါက်နှုန်းဖြင့် ဒလဆိပ်ကမ်းမှစတင်ထွက်ချိန် နံနက် ၆ နာရီမှ နောက်ဆုံးထွက်ခွာချိန် ည ၆ နာရီအထိ လည်းကောင်း၊ ပန်းဆိုးတန်းဆိပ်ကမ်းမှ စတင်ထွက်ချိန် နံနက် ၆ နာရီခွဲမှ နောက်ဆုံးထွက်ချိန် ည ၆နာရီခွဲအထိ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

ထို့အတူ ရန်ကုန် ဝါးတန်း(ကီလီ)-ဒလ ကားကူးဇက် (ယာဉ်ကူးတို့) ခရီးစဉ်အနေဖြင့် RORO II၊ RORO III၊ RORO IV ကားကူး ဇက်ရေယာဉ်များဖြင့် ခရီးသည်၊ ကုန်စည်နှင့် မော်တော်ယာဉ်အမျိုးမျိုးကို သယ်ယူပို့ဆောင်ပေးလျက်ရှိရာ သင်္ကြန်ကာလဖြစ်သည့် မေ ၁၃ ရက်မှ ၁၉ ရက်အထိ အသွားခြောက်ခေါက်၊ အပြန်ခြောက်ခေါက်နှုန်းဖြင့် ဒလဘက်ကမ်းမှ စတင်ထွက်ချိန် နံနက် ၈ နာရီမှစတင်ပြီး နောက်ဆုံးထွက်ချိန် ညနေ ၄ နာရီခွဲအထိလည်းကောင်း၊ ရန်ကုန်ဝါးတန်း (ကီလီ) ဘက်ကမ်းမှ စတင်ထွက်ချိန် နံနက် ၉ နာရီခွဲမှ နောက်ဆုံးထွက်ချိန် ညနေ ၅ နာရီထိလည်းကောင်း ပြည်သူများ အဆင်ပြေချောမွေ့စေရေးအတွက် ပြေးဆွဲပို့ဆောင်ပေးသွားမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဒလ၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်းမြို့နယ်များနှင့် ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများအား သင်္ကြန်ပွဲတော်ကာလအတွင်း နေရပ်ဒေသအသီးသီးသို့ ပြန်ကြမည့် ပြည်သူများ သွားလာရေးအဆင်ပြေချောမွေ့စေရန် ရေယာဉ်ခရီးစဉ်များကို မရပ်နားဘဲ ခေါက်ရေလျှော့၍ ပြေးဆွဲပေးခြင်းဖြစ်ပြီး သင်္ကြန်ပွဲတော်ကာလ ပြီးဆုံးသွားပါက မူလခေါက်ရေအတိုင်းပြေးဆွဲပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော် (ပြန်/ဆက်)**

# မြို့နယ်များ ပြန်လည်တည်ငြိမ်အေးချမ်းလာသဖြင့် ဈေးသည် ဈေးဝယ်များဖြင့် ပြန်လည်စည်ကားများပြား

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်၌ သင်္ကြန်အခါကာလနီးလာသည်နှင့်အမျှ တည်ငြိမ်အေးချမ်းမှုနှင့်အတူ မြို့မစည်ပင်သာယာဈေးကြီး ရေပေါ်ဈေး၊ ယာဉ်လိုင်းအမှတ် ၃၃ နှင့် ၉၅ ကားဂိတ်တို့တွင် ဈေးသည် ဈေးဝယ်များ စက်ရုံအလုပ်သမားများ၊ ခရီးသွားပြည်သူများနှင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ကျောက်တန်းမြို့နယ်တွင် တပ်မတော်မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များကလည်း လုံခြုံရေးလုပ်ငန်းများကို နေ့ရောညပါ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပြီး မြို့နယ်တစ်မြို့နယ်လုံး တည်ငြိမ်အေးချမ်းလျက်ရှိကြောင်း သိရသည်။



ယင်းသို့ တည်ငြိမ်အေးချမ်းမှုနှင့်အတူ သမိုင်းဝင်ကျိုက်မှော်ဝန်းရေလယ်စေတီတော်အား လာရောက် ဖူးမြော်ကြည်ညိုကြသူများဖြင့် စည်ကားလျက်ရှိပြီး ရန်ကုန်မြို့နှင့် ကူးသန်းသွားလာသည့် မော်တော်ယာဉ်လိုင်းများ ပုံမှန်ပြေးဆွဲခြင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်တွင် အလုပ်လုပ်ကြသော စက်ရုံအလုပ်သမားများလည်း ပုံမှန်အလုပ်ဆင်းလျက်ရှိသည်။ **ခင်ဆွေဝင်း (ပြန်/ဆက်)**

**ကျိုက်မရော**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် သင်္ကြန်ရက်ကာလနီးလာသည်နှင့်အမျှ တည်ငြိမ်အေးချမ်းလျက်ရှိနေပြီး မြို့မစည်ပင်သာယာဈေးကြီး၊ အခွန်လွတ်ဈေးနှင့် ရိုးရိုးလေးကားဂိတ်၊ အဝေးပြေးကားဂိတ်နေရာနှင့် ဆုတောင်းပြည့်ဘုရားကြီးရှေ့နေရာများတွင် အနယ်နယ်အရပ်ရပ်မှဘုရားဖူးပြည်သူများ၊ ခရီးသွားပြည်သူများ၊ ဈေးရောင်းဈေးဝယ်ကြသူများဖြင့် ပြန်လည်စည်ကားလျက်သည်။

ကျိုက်မရောမြို့နယ်၌ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့်တပ်မတော်မှ လုံခြုံရေး တပ်ဖွဲ့ဝင်များ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များကလည်း နေ့စဉ် လုံခြုံရေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိသဖြင့် ကျိုက်မရောမြို့နယ်တစ်ခုလုံး တည်ငြိမ်အေးချမ်းလျက်ရှိကာ ရှင်ပြုအလှူပွဲများ၊ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲများ၊ အခြားဘာသာရေးပွဲများဖြင့် စည်ကားသာယာလျက်ရှိရာ အဝေးပြေးမော်တော်ယာဉ်လိုင်း အချို့လည်း ပြန်လည်ပြေးဆွဲနေပြီဖြစ်၍ ခရီးသွားပြည်သူများ၊ ဈေးရောင်းဈေးဝယ်သူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ချို့မြတ်မြတ်ထွေး (ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်အတွင်း ယခုအခါ ပြန်လည် တည်ငြိမ်အေးချမ်းလာပြီဖြစ်၍ မေ ၁၀ ရက်က မြို့မ၊ ရွှေပြည်သာ၊ အောင်ဧရာ၊ ကန်းနား၊ အောင်သီရိ၊ မြို့သစ်ဈေးတို့တွင် ဈေးရောင်း ဈေးဝယ်များဖြင့် ပြန်လည်စည်ကားလျက်ရှိပြီး ပြည်သူများ စိတ်အေးချမ်းသာစွာ ရောင်းဝယ်ဖောက်ကားလျက်ရှိနေကို တွေ့ရသည်။

**မောင်မောင်မြင့် (ပြန်/ဆက်)**



❖ **ကာဂလီယာရီအသင်းမှ**

ပွဲစဉ် ၃၀ ကစားအပြီးမှာ ရမှတ် ၂၂ မှတ်နဲ့ အမှတ်ပေးဇယား အဆင့် ၁၈ နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

အီတလီစီးရီးအေပြိုင်ပွဲမှာ အင်တာမီလန်အသင်းက အမှတ်ပေးဇယားထိပ်မှာ ဦးဆောင်နိုင်ခဲ့ပေမယ့် အမှတ်ပေးဇယားအဆင့် ၂ နဲ့ အဆင့် ၃ နေရာကအသင်းတွေရဲ့ ရမှတ်ကွာဟမှုကတော့ ကျဉ်းမြောင်းနေပြီး အဆင့် ၂ နေရာက အေစီမီလန်အသင်းဟာ ၆၃ မှတ်၊ အဆင့် ၃ နေရာက ဂျူဗင်တပ်အသင်းဟာ ရမှတ် ၆၂ အသီးသီးရရှိထားတာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် ဧပြီ ၁၈ ရက်မှာ နာပိုလီအသင်းနဲ့ အီတလီစီးရီးအေပွဲစဉ် ကစားရမှာဖြစ်ပြီး ကာဂလီယာရီအသင်းကတော့ ဧပြီ ၁၇ ရက်မှာ ပါးမားအသင်းနဲ့ အီတလီစီးရီးအေပွဲစဉ် ကစားရမှာဖြစ်ပါတယ်။

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

**နေပြည်တော် ဧပြီ ၁၁**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေသည်။ **မိုး/ဇလ**




# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်သူများက အကြမ်းဖက်လုပ်ရပ်များအတိုင်း လုပ်ဆောင်

**နေပြည်တော် ဧပြီ ၁၁**

မွန်ပြည်နယ် မော်လမြိုင်မြို့ သီရိမင်္ဂလာရပ်ကွက် ငါးကန်လမ်းရှိ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးကို ယနေ့နံနက် ၇ နာရီ ၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူများက မီးပုလင်းများ၊ မီးကွင်းများဖြင့် ပစ်ပေါက်ခဲ့သဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါမီးလောင်မှုဖြစ်ပွားရာနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။

**စုံစမ်းဖော်ထုတ်**

အထက်ပါမီးလောင်မှုများကြောင့် လူ၊ တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်းနှင့် ရုံးအတွင်းရှိ ပရိဘောဂများ၊ မျက်နှာကြက်များနှင့် စာရွက်စာတမ်းအချို့ မီးလောင်ပျက်စီးခဲ့ကြောင်းနှင့် ဖြစ်စဉ်အား စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သိရှိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ၈၁ လမ်း၊ ၂၆ လမ်းနှင့် ၂၇ လမ်းကြားရှိ မြဝတီဘဏ် (ဈေးချို)ကို ဆူပူအကြမ်းဖက်သူ နှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာပြီး အချင်း တစ်လက်မခွဲ၊ အရှည် ခြောက်လက်မ သံပိုက်အထူဖြင့် ပြုလုပ်ထားပြီး သံတိုသံစများ ထည့်ထားသည့် ဒေသန္တရလက်လုပ်မိုင်း တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့ရာ အဆိုပါလက်လုပ်မိုင်းပေါက်ကွဲမှုကြောင့် ဘဏ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်နေသည့် တပ်ဖွဲ့ဝင်တစ်ဦးတွင် ဝဲဘက်၊ ယာဘက်ခြေသလုံးပွင့်ထွက်ကျိုးဒဏ်ရာ ရရှိခဲ့သဖြင့် ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေလျက်ရှိကြောင်း သိရှိရသည်။

**ပေါက်ကွဲမှုဖြစ်ပွား**

အလားတူ အင်းစိန်မြို့နယ်အောင်ဆန်းရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးနှင့်တွဲလျက်ရှိ ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်ရုံး၌ ယနေ့နံနက် ၅ နာရီ ၄၅ မိနစ်ခန့် တွင် လက်လုပ်မိုင်း တစ်လုံးဖြင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး လူ၊ တိရစ္ဆာန် ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရှိရသည်။

**ပြည်သူအန္တရာယ်မရှိစေရေး**

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် (၇၁) ရပ်ကွက် အနော်ရထာလမ်းနှင့် လှော်ကားလမ်းထောင့်၌ ရပ်နားထားသော YBS ယာဉ်များအကြား ယနေ့ ညနေ ၃ နာရီ ၅ မိနစ်ခန့်တွင် လက်လုပ်မိုင်း တစ်လုံး ပေါက်ကွဲမှုဖြစ်ပွားခဲ့သည်။ အဆိုပါနေရာတစ်ဝိုက်အား ဆက်လက်ရှာဖွေရာ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်း တစ်လုံးကို ထပ်မံတွေ့ရှိရသဖြင့် အများပြည်သူအန္တရာယ်မရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်သိမ်းဆည်းနိုင်ခဲ့သည်။

အလားတူ ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ အမှတ်(၈)ရပ်ကွက် အမှတ်(၁၁)လမ်းရှိ ခရိုင်ရဲတပ်ဖွဲ့မှူး နေအိမ်ရှေ့ လူသွားလမ်းဘေး၌ ဆူပူအကြမ်းဖက်သူလူတစ်စုက ဒေသန္တရလက်လုပ်မိုင်း တစ်လုံးကို လာရောက်ချထားခဲ့သဖြင့် အများပြည်သူအန္တရာယ်မရှိစေရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်သိမ်းဆည်းနိုင်ခဲ့သည်။ အထက်ပါဖြစ်စဉ်များတွင် မင်းမဲ့စရိုက်ဆန်စွာ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်သူများနှင့် ပါဝင်ပတ်သက်သူများကို တရားဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အမြန်ဆုံး ဖမ်းဆီးရမိရေး စုံစမ်းဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





**မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ**

**နေပြည်တော် ဧပြီ ၁၁**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာနေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## အယ်လ်ကလက်စီကိုပွဲစဉ်တွင် ဘာစီလိုနာကို အနိုင်ရရှိခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်ကစားသမားများကို နည်းပြ ဇီဒန်း ချီးကျူးစကားဆို


ဧပြီ ၁၀ ရက်ညပိုင်းက ဘာစီလိုနာအသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အယ်လ်ကလက်စီကိုပွဲစဉ်မှာ ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်း ကစားသမားတွေကို နည်းပြဇီဒန်းက ချီးကျူးစကားဆိုခဲ့ပါတယ်။


ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ဘာစီလိုနာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့တဲ့ အယ်လ်ကလက်စီကိုပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းအတွက် သွင်းဂိုးတွေကို ပွဲကစားချိန် ၁၃ မိနစ်မှာ ဘင်ဇီမာကတစ်ဂိုးနဲ့ ပွဲကစားချိန် ၂၈ မိနစ်မှာ တိုနီခရူးစ်ကတစ်ဂိုးအသီးသီးသွင်းယူပေးခဲ့တာဖြစ်ပြီး ဘာစီလိုနာအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ပွဲကစားချိန် မိနစ် ၆၀ မှာ မင်ဂွီဇာက သွင်းယူပေးတာဖြစ်ပါတယ်။ အဲဒီပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်း နောက်တန်းကစားသမား ကတ်စမဲရိုးဟာ ပွဲကစားချိန် မိနစ် ၉၀ မှာ နှစ်ဝါတစ်နီနဲ့ ထုတ်ပယ်ခံခဲ့ရတာဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အခုဘာစီလိုနာအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်အနိုင်မရရှိမီက ချန်ပီယံလိဂ်ကွာတားဖိုင်နယ်အဆင့်မှာ လီဗာပူးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိထားတာဖြစ်ပြီး လက်ရှိမှာ ပြိုင်ပွဲစုံ ၁၃ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်ကိုလည်း တင်နိုင်ခဲ့တာဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းဟာ လက်ရှိမှာ ဘာစီလိုနာအသင်းကို အနိုင်ရရှိခဲ့တာကြောင့် စပိန်လာလီဂါပွဲစဉ် ၃၀ ကစားအပြီးမှာ ရမှတ် ၆၆ မှတ်နဲ့ အမှတ်ပေးဇယားထိပ်ဆုံး ကို ယာယီတက်လှမ်းခွင့်ရရှိခဲ့တာဖြစ်တာမို့ နည်းပြ ဇီဒန်းအနေနဲ့ အကောင်းဆုံးရလဒ် ထွက်ပေါ်အောင် ကစားနိုင်ခဲ့တဲ့ ကစားသမားတွေကို ချီးကျူးခဲ့တာ ဖြစ်ပါတယ်။ **ငွေကြယ်**

စာအုပ်စာပေ လူ့မိတ်ဆွေ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း





၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာဖွံ့ဖြိုးစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်ဖွံ့ဖြိုးမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် တည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများအား အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

(၁) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်စော ၀၉-၃၉၁၀၈၉၃၀၀၊ ၀၆၇-၃၀၀၀၅
(၂) ဒေါ်အေးအေးကြည် ၀၉-၄၂၈၄၂၂၅၃၄၊ ၀၉-၂၅၅၈၂၅၂၈

ဘဏ္ဍာငွေရှာဖွေရေးလုပ်ငန်းကော်မတီ
ဘူမိဖဿမုဒြာထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးတည်ဆောက်ရေးလုပ်ငန်း
ဒက္ခိဏသီရိမြို့နယ်၊ နေပြည်တော်။

**ဇော်ဘွားလေးဗိုလ်ဗိုလ်မောင်ကုမ္ပဏီလီမိတက်မှ**

အဆင့်မြင့် စတီးဘလိတ်စားသွားဆူးကြိုးများကိုဈေးနှုန်းချိုသာစွာဖြင့် ရောင်းချတပ်ဆင်ပေးနေပါသည်။

အမှတ်(၃၄/A)၊ ကမ္ဘာအေးဘုရားလမ်းမ၊
(နှင်းဆီကုန်းဘိုးဘွားရိပ်သာရှေ့)၊ ဗဟန်းမြို့နယ်။

Ph: 01-545531, 09-73058161, 09-795008161
HOTLINE : 09-5008161

**BOSS အဆင့်မြင့် ပါကေးအရောင်းဆိုင်ခန်းမ**

အဆင့်မြင့် Laminate Flooring ကြမ်းခင်းပြားများနှင့် 100% ရေစိုခံ
ဗီနိုင်းကြမ်းခင်းပြားများကို ဈေးနှုန်းချိုသာစွာဖြင့် တိုက်ရိုက်ရောင်းချပေးနေပါသည်။

အရောင်းခန်းမ(၁) - အမှတ်(၂၄၀)၊ အရှေ့မြင်းဖြိုင်ကွင်းလမ်းမကြီး၊ မြန်မာ့ရှေ့ဆောင်ဘဏ်အနီး၊ တာမွေမြို့နယ်။

Ph: 09-5076661, 09-5076662, 09-5076663






## ခရစ်တော်၌အိပ်ပျော်ခြင်း

**Pu David That Bik**

**အသက် (၆၅)နှစ်**

**ဦးကန္တ**

**ဟားခါးမြို့နယ်အသင်း၊ ရန်ကုန်မြို့**

**Yangon Lai Baptist Church Member**

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ထာအိုရွာနေ (Pu Tial Kham–Pi Hniar Cin) တို့၏ ချစ်လှစွာသောသားကြီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ အမှတ်(၃၉)၊ သခင်ဗစိန်လမ်း၊ (၃၁)ရပ်ကွက်နေ Pi Khin Sui ၏ ချစ်လှစွာသောခင်ပွန်း၊ Pi Sui Chin (Kalaymyo)၏ ချစ်လှစွာသောမောင်၊ Pi Ngun Ci (Thantlang), Pi Ngun Bu (USA)၊ Pu Sui Mang(Bungtlang) တို့၏ ချစ်လှစွာသောအစ်ကိုကြီး၊ Pu Laban Hlichal–Pi Sui Tin Par (USA)၊ Dr.Duh Bik Cem (Lecturer, Department of Philosophy, University of Yangon)–Pi Thla Hnem Tial၊ Pi Sui Em–Pu Thla Hnin (USA)၊ Pi Sung Chin Par (USA)၊ Pi Dawt Khun Tial–Pu Ni Peng Cung (USA)၊ Pi Ngun Za Chin–Rev. Chan Hnin Thui (USA)၊ Nu Ngun Hniang Sung၊ Pa Duh Lian Sang နှင့် Pa Washington တို့၏ ချစ်လှစွာသောမွေးဖခင်၊ မြေး ၁၉ ယောက်တို့၏ ချစ်လှစွာသောအဘိုးသည် ၉–၄–၂၀၂၂ (သောကြာနေ့) ည ၇:၄၄ နာရီတွင် Pinlon Hospital တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၁၂–၄–၂၀၂၂ (တနင်္လာ နေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်တွင် ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးရှိ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## နိုင်ငံတော်သို့ အခွန်ပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် အီလက်ထရောနစ်ငွေပေးချေမှုစနစ်၊ စာရင်းပြောင်းနည်းစနစ်တို့ဖြင့် အခွန်ပေးဆောင်နိုင်ပါကြောင်း အသိပေးကြေညာခြင်း

၁။ စီမံကိန်း၊ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းပြည်သူများ၏ အခွန်ငွေပေးသွင်းခြင်းလုပ်ငန်းစဉ်တွင် အခွန်ပေးဆောင်ရာ၌ လွယ်ကူလျင်မြန်စေရန် ရည်ရွယ်၍ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြစ်သော Mobile Banking ၊ Mobile Payment စနစ်များဖြင့် လည်းကောင်း၊ MPU Corporate Debit Card အသုံးပြု၍ Online မှ လည်းကောင်း သက်ဆိုင်ရာဘဏ်များနှင့် ချိတ်ဆက်၍ ပေးဆောင်နိုင်ရေး ဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

၂။ အခွန်ထမ်းမှတ်ပုံတင်အမှတ်(Taxpayer Identification Number–TIN) ရရှိပြီးဖြစ်သော အခွန်ထမ်းကုမ္ပဏီများ အနေဖြင့် ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ အထူးကုန်စည်ခွန်နှင့် ရတနာခွန်တို့ကို မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများတွင်သာမက မြန်မာနိုင်ငံရှိ နိုင်ငံခြား ဘဏ်ခွဲများအပါအဝင် ပုဂ္ဂလိကဘဏ်များတွင် စာရင်းဖွင့်ထားရှိသော မိမိတို့ဘဏ်ငွေစာရင်း (A/C) မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှု ကွန်ရက်စနစ် CBM–NET ကိုအသုံးပြု၍ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲရှိဆိုင်ရာအခွန်ရုံး၏ ဘဏ်စာရင်းသို့ အခွန်ပေးသွင်းနိုင်ပါသည်။

၃။ ဖိုင်ဘာအင်တာနက်လိုင်းအသုံးပြုလျက်ရှိသော အခွန်ထမ်းကုမ္ပဏီများအနေဖြင့် e–Commerce Platform အရ MPU Debit Card ဖြင့် Online Tax Payment System (https://onlinepayment.ird.gov.mm/etax) ကို အသုံးပြု၍လည်းကောင်း၊ သမဝါယမဘဏ်(CB Bank)၊ ရောဝတီဘဏ်(AYA Bank)၊ ယူအေဘီဘဏ်(UAB)၊ ကမ္ဘောဇဘဏ်(KBZ)၊ မြန်မာ့ရှေ့ဆောင်ဘဏ်(MAB)၊ အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်(AGD)၊ မြဝတီဘဏ်တို့၏ မိုဘိုင်းငွေပေးချေမှုစနစ်များ(Mobile Banking)ကို အသုံးပြု၍လည်းကောင်း အခွန်ပေးသွင်းနိုင်ပါသည်။

၄။ အခွန်ထမ်းကြီးများဆိုင်ရာအခွန်ရုံး(သို့မဟုတ်) အလယ်အလတ်အခွန်ထမ်းများဆိုင်ရာအခွန်ရုံးများတွင် အခွန်ထမ်းဆောင်နေသည့် အခွန်ထမ်းကုမ္ပဏီများ၏ ဝန်ထမ်းများအတွက် လစာဝင်ငွေခွန်ပေးဆောင်ခြင်းကို မြန်မာ့စီးပွားရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ်များတွင် စာရင်းဖွင့်ထားရှိသော မိမိတို့ ဘဏ်ငွေစာရင်း(A/C)မှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှု ကွန်ရက်စနစ် CBM–NET အသုံးပြု၍လည်းကောင်း၊ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များကို အသုံးပြု၍လည်းကောင်း၊ အခွန်ထမ်းကုမ္ပဏီမှ အခွန်ထမ်းဆောင်နေသော အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးဆောင်နိုင်ပါသည်။

၅။ မြို့နယ်အခွန်ရုံးများတွင် အခွန်ထမ်းဆောင်နေသည့် အခွန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်သို့ အခွန်ငွေပေးဆောင်ရာတွင် ဆိုင်ရာမြန်မာ့စီးပွားရေးဘဏ်ခွဲတွင် ငွေသားဖြင့် အခွန်ငွေပေးသွင်းမှုအပြင် မြန်မာ့စီးပွားရေးဘဏ်၊ ပုဂ္ဂလိကဘဏ်တို့တွင် စာရင်းဖွင့်ထားရှိသော မိမိတို့ ဘဏ်ငွေစာရင်း(A/C)မှ စာရင်းပြောင်းနည်း (Account Transfer) ဖြင့်လည်းကောင်း အခွန်ထမ်းဆောင်နေသော အခွန်ရုံး၏ ဘဏ်စာရင်းသို့ ပေးဆောင်နိုင်ပါသည်။

၆။ ပုဂ္ဂလိကဘဏ်ရှိ မိမိတို့ဘဏ်ငွေစာရင်း(A/C)မှ အီလက်ထရောနစ်ငွေပေးချေမှုစနစ် အသုံးပြု၍ လည်းကောင်း (သို့မဟုတ်) မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ငွေပေးချေမှု ကွန်ရက်စနစ် CBM–NET အသုံးပြု၍လည်းကောင်း အခွန်ပေးသွင်းရာတွင် ပေးသွင်းမှု အထောက်အထားများအဖြစ် သက်ဆိုင်ရာဘဏ်များမှ ငွေပေးသွင်းပြီးကြောင်း အထောက်အထားကို ကနဦးထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများတွင် အခွန်ငွေလွှဲပြောင်းလက်ခံရရှိပြီးပါက ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေပေးသွင်းပြီးကြောင်း အထောက်အထား[ပတခ(e–payment)]ကို အခွန်ထမ်းထံသို့ ပေးပို့အကြောင်းကြားမည်ဖြစ်ပါသည်။

၇။ မြန်မာ့စီးပွားရေးဘဏ် ၊ဘဏ်ခွဲများတွင် စာရင်းဖွင့်ထားရှိသော မိမိတို့ ဘဏ်ငွေစာရင်း(A/C)မှ စာရင်းပြောင်းနည်း(Account Transfer) နည်းလမ်းဖြင့် ပေးသွင်းသည့် အခွန်ထမ်းများကို မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ငွေပေးသွင်းပြီးကြောင်း အထောက်အထားထုတ်ပေးသွားမည် ဖြစ်ပါသည်။

၈။ အခွန်ထမ်းများအနေဖြင့် သိရှိလိုသည်များရှိပါက အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (နေပြည်တော်) ရုံးအမှတ်(၄၆)၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ဖုန်းနံပါတ်– ၀၆၇–၃၄၃၀၅၃၃၊ ၀၆၇–၃၄၃၀၅၂၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး (ရန်ကုန်) အမှတ်– ၅၉/၆၁ (ပထမထပ်)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်– ၀၁–၃၇၈၃၇၀၊ ၀၁–၃၇၈၃၇၂၊ (သို့မဟုတ်) အခွန်ဆိုင်ရာဝန်ဆောင်မှုရုံး(မန္တလေး) ၆၅ လမ်း၊ ၂၂ x ၂၃ လမ်းကြား၊ ဖုန်းနံပါတ်– ၀၂–၄၀၃၀၁၉၂ (သို့မဟုတ်) သတင်းအချက်အလက်နှင့်နည်းပညာဌာနခွဲ (e–Payment Section) ဖုန်းနံပါတ် ၀၁–၈၃၇၉၀၂၁ သို့ မေးမြန်းစုံစမ်းနိုင်ပါသည်။

ပြည်တွင်းအခွန်များဦးစီးဌာန




# သင့် သွေး ဖြင့် အသက် ကယ်ပါ

## ဦးပရမတ္ထ(ခ)ဆရာ ဦးမြင့်လွင်
### (သန့်–တည်–ပွား)
### (မြိတ်)
### အသက်(၆၂)နှစ်

မြိတ်မြို့၊ တပ်ပြင်ရပ်၊ ဘုရားကြီးလမ်းနေ(ဦးဆာလင်–ဒေါ်ခင်နွဲ့)တို့၏ ဒုတိယ သား၊ ဦးတင်အောင်–(ဒေါ်ရီရီငွေ)တို့၏မောင်၊ (ဦးလှမြင့်– ဒေါ်ချိုချိုအေး)တို့၏ညီ၊ ဦးအောင်မြင့်–ဒေါ်ချိုချိုလွင်(ထူးဆေးဆိုင်၊ ကော့သောင်း)၊ ဦးအင်ငယ်–ဒေါ်ထွေးညို (ကိုအင်ငယ်ဆေးဆိုင်၊ မြိတ်)၊ ဦးအောင်မိုး–ဒေါ်ဝင်းပပ၊ ဦးတင်ဆက်–ဒေါ်စန်းစန်းချို၊ ဦးပြုံးချို–ဒေါ်ချယ်ရီငွေ တို့၏အစ်ကို၊ ကိုဟိန်းမိုးမြင့်လွင်(HEIN LWIN Enterprise Ltd.),(Estate Myanmar Real Estate Agency)–မမေသန္တာမွန်၊ Dr. မနမ်နေဘ်ဂျာ– Dr.မိုးနှင်းဖြူမြင့်လွင်(Miracle Light Co.,Ltd.)တို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်ဟိန်းသီဟန်ဦး၊ မောင်M ဂွန်ဂျာတို့၏ ချစ်လှစွာသောအဘိုးသည် ၁၁–၄–၂၀၂၂ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၅၀ နာရီတွင် Grand Hantha ဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၁၂–၄–၂၀၂၂ ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်ဆွေများသိစေရန် ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်စန်းရီ
### B.A.C(ကျောက်တံခါး)
### အသက်(၈၀)

ရန်ကုန်မြို့နေ (ဦးအုန်းမြိုင်–ဒေါ်မြရင်)(ကျောက်တံခါး)တို့၏သမီးလတ်၊ (ဦးသိန်းဖေ–ဒေါ်နု)(ထီးတန်း)တို့၏သမီးချွေးမ၊ ရန်ကုန်မြို့နေ ဦးမောင်မောင်– ဒေါ်ခင်သန်း၊ (ဗိုလ်မှူးကျော်ညိန်း)–ဒေါ်တင်တင်ဦးတို့၏ နှမ/ညီမ၊ ဒေါက်တာ မောင်မောင်မြင့်–ဒေါက်တာသန်းသန်းနွယ်တို့၏အစ်မ၊ (ဒေါ်တင်ဦး)(ထီးတန်း)၊ (ဦးညိမ်းမောင်–ဒေါ်သန်းကြည်)၊ (ဒေါ်လှသန်း–ဦးခင်မောင်လှ)၊ (ဦးတင်ကြည်)– ဒေါ်တင်ယုံ၊ ဦးအောင်ကြည်–(ဒေါ်စိန်စိန်) တို့၏ ယောင်းမ/ခယ်မ၊ အမှတ်(၁၀–ခ) ရွှေမြိုင်လမ်း၊ (၉)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်နေ မဝင်းသန္တာထွန်း၏မိခင်၊ မအေးချမ်းဦး၏ ချစ်လှစွာသောဘွားမေ၊ [ဦးသောင်းထွန်း(သမဝါယမ–ငြိမ်း)]၏ ချစ်လှစွာသောဇနီး ဒေါ်စန်းရီသည် ၉–၄–၂၀၂၂ရက်၊ နံနက် ၁၀:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါ ကြောင်း ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ရက်လည်ဆွမ်းကျွေးကို ၁၅–၄–၂၀၂၂ (ကြာသပတေးနေ့) တွင် ပြုလုပ်မည်ဖြစ်ပါသဖြင့် အထက်ပါ နေအိမ်သို့ နံနက် ၈ နာရီမှ ၁၀ နာရီ အတွင်း ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။] **ကျန်ရစ်သူမိသားစု**

## သက်ဆိုင်သူများကန့်ကွက်နိုင်ရန် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ ထွန်းသီရိလမ်း၊ အမှတ်(၃၇/၄၂၇)ဟုခေါ်တွင်သော ၃ ခန်းတွဲ၊ ၅ ထပ်တိုက်မှ (၃)လွှာ၊ ခေါင်းရင်းခန်း၊ အခန်းအမှတ်(A–3)၊ အကျယ်အဝန်း(၁၄'x၅၄')ပေရှိ တိုက်ခန်းနှင့်တကွ ကားပါကင်၊ ရေ၊ မီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မူလပိုင်ရှင်ဖြစ်သူ ဦးထွန်းရင်ထံမှ (၈–၅–၂၀၁၈)ရက်စွဲပါစာချုပ်ဖြင့် ဝယ်ယူကာ လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဒေါ်ချိုချိုမာ [၁၂/မရက(နိုင်)၀၇၁၂၈၂]ထံမှတစ်ဆင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို (၁၁–၄–၂၀၂၂)ရက်တွင် ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်မာသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။


**လွှဲအပ်ညွှန်ကြားချက်အရ–**

| | |
|---|---|
| **ဦးအောင်မျိုးချစ်(LL.B)** | **ဒေါ်သက်ဝေအောင်(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၁၆၂၇၄)** | **(စဉ်–၅၀၀၁၆)** |
| **Ph:09–778849700** | **Ph:09–773562082** |

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၁)ရပ်ကွက်၊ ဇေယျာဒီပလမ်း၊ (၉၉/ခ)နေ ဦးဖြိုးဝေလင်း [၉/ညဥန(နိုင်)၁၂၄၈၃၉]နှင့် ဒေါ်မိုးကြည်ဖြူ[၁၂/ဥကတ(နိုင်)၁၃၄၃၂၉]တို့၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြော်ငြာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ယာဉ်အမှတ် 4H/3469(HondaFit. GE–6)GRAY Colour မော်တော်ယာဉ်အား မော်လမြိုင်မြို့၊ အောက်လမ်းမကြီး၊ ဖက်တန်းရပ်၊ အမှတ်(၃၁)နေ ဦးစိုးညွှန့် [၁၀/မလမ(နိုင်)၁၁၀၀၀၈]ကိုင်ဆောင်သူထံမှ ဒေါ်ချိုချိုဝင်း အမည်ပေါက်ယာဉ်အား ၁–၇–၂၀၁၉ ရက်တွင် တရားဝင်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ၎င်းမော်တော်ယာဉ်အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၇)ရပ်ကွက်၊ ဟားခါး(၂)လမ်း၊ အမှတ်(၁၃၀/က)နေ ဦးဗိုလ်ဗိုလ်အောင်[၁၂/ဒဂရ(နိုင်)၀၁၁၆၈၅] ကိုင်ဆောင်သူထံသို့ ၃၀–၁၁–၂၀၂၀ ရက်တွင် ငှားရမ်းထားရှိခဲ့ပါသည်။ သို့ဖြစ်ပါ၍ ၎င်းမော်တော်ယာဉ်နှင့်ပတ်သက်၍ မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှားရမ်းခြင်းတို့ မပြုလုပ်ရပါ။ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ တစ်ဆင့်ငှားရမ်းခြင်းတို့ ပြုလုပ်ပါက တရားဥပဒေအတိုင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**တရားဝင်လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်တင်မိုးခိုင်**
**LL.B,D.B.L,WIPO(Switzerland)**
**အထက်တန်းရှေ့နေ(စဉ်–၄၆၂၇၁)**
**အမှတ်(၃)၊ ရေစက်ဝန်း၊ မြိုင်သာယာလမ်း၊ (၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်။ ဖုန်း–၀၉–၆၉၅၅၆၅၁၁၉**




## ဒေါ်ကြည်
### အသက်(၈၇)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ လမ်း(၂၀)၊ အမှတ်(၁၃/၁၅)နေ (ဦးကြည်)၏ ဇနီး၊ ဦးသန်းငွေ–ဒေါ်ခင်ဝင်းကြည်၊ ဦးသန်းစိန်–ဒေါ်ကြူကြူလွင်၊ ဦးသန်းနွယ်– ဒေါ်သဇင်နီ၊ ဦးသန်းစိုး၊ ဦးသန်းထွန်း–ဒေါ်ရီရီအောင်၊ ဦးသန်းအောင်–ဒေါ်နှင်းချွေး၊ ဒေါ်မာမာနု–(ဦးကျင်သိန်း)၊ ဒေါ်ခင်ခင်မြင့်–ဦးငွေဝင်းတို့၏မိခင်၊ မြေး ၂၂ ယောက်၏အဘွား၊ မြစ်တစ်ယောက်၏အဘွားသည် ၁၀–၄–၂၀၂၂ (စနေနေ့) ည ၈:၄၅နာရီ တွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၁၂–၄–၂၀၂၂ (တနင်္လာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးဝင်းမောင်(ခ) ကိုမော်ကြီး
### အသက်(၅၄)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊ ရန်အောင်လမ်းသွယ်(၅)၊ တိုက်အမှတ်(၂၈၂)၊ အခန်း (၁၆)၊ အရှေ့ရန်ကင်းနေ [ဦးလှကြည် (ဌာနမှူး–စီမံရေးရာဌာန–ဗဟိုနိုင်ငံရေးတက္ကသိုလ်)–ဒေါ်ကြည်လှိုင်] တို့၏သား၊ ဦးသိန်းထွန်း၊ ဦးအောင်မင်း–ဒေါ်အေးအေးခိုင်၊ ဦးသန့်စင်–ဒေါ်စိုးစိုးခိုင်၊ (ဦးမျိုးအောင်)–ဒေါ်တိုးတိုးခိုင်၊ (ဦးတင့်လွင်)– ဒေါ်စောမြမြခိုင်တို့၏မောင်၊ (ဦးအောင်ဝင်းဟန်)၏ အစ်ကို၊ မြေးနှစ်ယောက်၏ အဘိုးသည် ၆–၄–၂၀၂၂ ရက် နံနက် ၁ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၁၂–၄–၂၀၂၂ ရက်တွင် အထက်ပါ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားနာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၆–လမ်း၊ တိုက်အမှတ်(၁၂၆)၊ ၈–လွှာ(ယာဘက်ခြမ်း)၊ အကျယ်အဝန်းပေ(၁၂ ၁/၂ x၆၀) ခန့်ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား လက်ဝယ်ထားရှိ နေထိုင်ပိုင်ဆိုင်၍ အကျိုးခံစားလျက်ရှိပြီး ရောင်းချခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်ရှယ်လီမာ[၁၂/လသယ(နိုင်)၀၂၁၀၆၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်မာဆွေ(LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၇၈၉၈)**
**အမှတ်(၉/၁၁)၊ ပထမထပ်၊ အခန်းအမှတ်(A+B)၊**
**(၃၆)လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၅၀၃၈၉၇၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ စမ်း/တောင်ရပ်ကွက်၊ တိုက်အမှတ်(44/4A) ၄ လွှာ၊ ခေါင်းရင်းခန်း၊ ဗဟိုလမ်းမပေါ်ရှိ ဟောင်ကောင်တိုက်ခန်းနှင့်တကွ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဒီဃဦး[၁၂/စခန(နိုင်)၀၁၆၉၇၆]ထံမှ ကျွန်ုပ်ဦးဇော်မြင့်နောင် [၁၂/စခန(နိုင်)၀၅၂၃၅၄]မှ အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ် ဦးဇော်မြင့်နောင်ထံသို့ ကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဇော်မြင့်နောင်**
**ဖုန်း–၀၉–၅၁၃၇၉၃၆**

# သွေးသည် အသက်

# ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသွားမော်တော်ယာဉ်များနှင့် ကုန်တင်ယာဉ်များ ပိုမိုသက်ဝင်လှုပ်ရှားလာ



ရန်ကုန်မြို့ ဟံသာဝတီအဝိုင်း၌ မော်တော်ယာဉ်များ သွားလာနေမှုကို တွေ့ရစဉ်။

ရန်ကုန် မေ ၁၁

နေအိမ်တွင်နေထိုင်ခြင်း အစီအစဉ်မှ ကင်းလွတ်သွားခြင်းနှင့် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၏ ပူးပေါင်းရှင်းလင်းရေးအဖွဲ့များက လမ်းပိတ်အတားအဆီးများကို စနစ်တကျ ကြိုးပမ်းအားထုတ်နိုင်မှုတို့ကြောင့် ယနေ့ နိုင်ငံတော်၏ စီးပွားရေးမြို့တော်ဖြစ်သည့် ရန်ကုန်မြို့ကြီးသည် လမ်းပန်းဆက်သွယ်သွားလာမှုများ ယခင်ထက်ပိုမိုကောင်းမွန်လာသဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ စီးဆင်းလျက်ရှိသည့် ကုန်စည်များသည် အဓိကလမ်းမကြီးများမှ ပုံမှန်ပြန်လည်ဝင်ရောက်စီးဆင်းလျက်ရှိကြောင်း သိရသည်။ စာမျက်နှာ ၂၇ ကော်လံ ၄ သို့ ❂

## ကြေးမုံ ယနေ့ ဖတ်စရာ

ဂျပန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဖြစ်ပွားခြင်းကြောင့် အလုပ်အကိုင်ဆုံးရှုံးသူ တစ်သိန်းကျော်ရှိလာ
စာမျက်နှာ » ၁၂

အိန္ဒိယနိုင်ငံ၌ ကာကွယ်ဆေး ထိုးနှံပေးမှု အမြန်ဆုံးစံချိန်တင်
စာမျက်နှာ » ၁၃

ညအိပ်ရာဝင်ခါနီး ဖုန်းပိတ်ထားပါ
စာမျက်နှာ » ၂၆

အယ်လ်ကလက်စီကိုပွဲစဉ်တွင် ဘာစီလိုနာကို အနိုင်ရရှိခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ် ကစားသမားများကို နည်းပြ ဇီဒန်း ချီးကျူးစကားဆို
စာမျက်နှာ » ၂၉

## ကာဂလီယာရီအသင်းကို အနိုင်ရပြီး ၁၁ မှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်၌ အင်တာမီလန် ဆက်လက်ဦးဆောင်

အင်တာမီလန်အသင်းနဲ့ ကာဂလီယာရီအသင်းတို့ ယနေ့ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ အီတလီစီးရီးအေပွဲစဉ် ၃၀ မှာ အင်တာမီလန်အသင်းက ကာဂလီယာရီအသင်းကို ဒါမီယန်ရဲ့ တစ်လုံးတည်းသောသွင်းဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အင်တာမီလန်အသင်းအတွက် ပွဲကစားချိန် ၇၇ မိနစ်မှာ တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူနိုင်ခဲ့တဲ့ နောက်တန်းကစားသမား ဒါမီယန်ဟာ အခုနှစ် ဘောလုံးရာသီမှာ အင်တာမီလန်အသင်းနဲ့အတူ သွင်းဂိုး သုံးဂိုးမြောက် သွင်းဂိုးကို သွင်းယူပေးနိုင်ခဲ့တာဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ကာဂလီယာရီအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေအမှတ်ပေးဇယားမှာ စုစုပေါင်း ရမှတ် ၇၄ မှတ်နဲ့ အမှတ်ပေးဇယားထိပ်မှာ ဆက်လက်ဦးဆောင်နိုင်ခဲ့ပြီး ပွဲစဉ် ၃၀ အပြီးမှာ အမှတ်ပေးဇယားအဆင့် ၂ နေရာက အေစီမီလန်အသင်းကို ရမှတ် ၁၁ မှတ်အထိ ဖြတ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ကာဂလီယာရီအသင်းကို အနိုင်ရရှိခဲ့တာကြောင့် အီတလီစီးရီးအေ ၁၁ ပွဲဆက်တိုက် ရှုံးပွဲမရှိစံချိန်တင်နိုင်ခဲ့ပြီး ကာဂလီယာရီအသင်းကတော့ အင်တာမီလန်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ငါးပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးခဲ့တဲ့ မှတ်တမ်းဆိုးကို ရရှိခဲ့တဲ့အပြင် စာမျက်နှာ ၂၉ ကော်လံ ၁ သို့ ❖





## ရန်ကုန်-မော်လမြိုင်-ရန်ကုန် ရထားလမ်းပိုင်း၌ အမှတ်(၈၉)အဆန် လူစီးရထားခရီးစဉ်တွင် ရထားစီးနင်းသူများပြား

နေပြည်တော် မေ ၁၁

ရန်ကုန်-မော်လမြိုင်-ရန်ကုန်ရထားလမ်းပိုင်း၌ ခရီးသွားမိဘပြည်သူများ ခရီးသွားလာမှုအဆင်ပြေစေရန်အတွက် မတ် ၂၉ ရက်မှစ၍ စတင်ပြေးဆွဲခဲ့သည်။

ယနေ့နံနက် ၆ နာရီခွဲတွင် မဟာသင်္ကြန်ကာလအတွင်း ခရီးသွားမိဘပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရန် အမှတ်(၈၉)အဆန် ရန်ကုန်-မော်လမြိုင် လူစီးရထားပြေးဆွဲခဲ့ရာ ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ နှစ်ခုံတစ်ယောက်နှုန်းဖြင့် ရန်ကုန်ဘူတာကြီးမှ ရထားစီးခရီးသည် အထက်တန်း ၃၈ ဦး၊ ရိုးရိုးတန်း ၅၅ ဦး၊ သိမ်ဇရပ်ဘူတာမှ ရိုးရိုးတန်း ရထားစီးခရီးသည် ၁၉ ဦး စုစုပေါင်း ၁၁၂ ဦးတို့ လိုက်ပါစီးနင်းခဲ့ပြီး ခရီးသည်စီးနင်းမှု တဖြည်းဖြည်းများပြားလျက်ရှိသည်။

ထိုနည်းတူ မေ ၁၈ ရက်တွင် အမှတ်(၉၀)အစုန် လူစီးရထားသည် မော်လမြိုင်မြို့မှ နံနက် ၈ နာရီတွင် ထွက်ခွာ၍ ရန်ကုန်မြို့သို့ ည ၇ နာရီတွင် ဆိုက်ရောက်မည်ဖြစ်သည်။

ခရီးသည်စီးနင်းမှု များပြားလာသည်နှင့်အမျှ ရထားတွဲဆိုင်းများ ပိုမိုချိတ်ဆက်ခြင်း၊ တစ်ရက်ခြား ပြေးဆွဲရာမှ နေ့စဉ်ပြေးဆွဲပေးခြင်းနှင့် ရထားအစင်းရေတိုးမြှင့်ခြင်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ရန်ကုန်-မော်လမြိုင်-ရန်ကုန် ခရီးစဉ်ဖြင့် လိုက်ပါစီးနင်းလိုသည့် ခရီးသွားမိဘပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် လုံခြုံစိတ်ချစွာ လိုက်ပါစီးနင်းနိုင်ပါကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**